ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက် ကင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 11 July 2019 ၉၇၀၇

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တက္ကသိုလ်နှစ်(၁၀၀)ပြည့်၊ ရာပြည့်သဘင် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဇူလိုင် ၁၀**

ရန်ကုန်တက္ကသိုလ်နှစ်(၁၀၀)ပြည့်၊ ရာပြည့်သဘင်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်၊ ရာပြည့်သဘင် အခမ်းအနား ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ဦးစီးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဦးခင်မောင်ချို၊ ဒေါက်တာ သန်းမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးစိုးဝင်း၊ ဦးဟန်ဇော်၊ ဒေါက်တာ ဝင်းမြတ်အေး၊ ဦးအုန်းမောင်၊ နိုင်သက်လွင်နှင့် ဦးကျော်တင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကြည်မင်း၊ ဒေါက်တာရဲမြင့်ဆွေနှင့် ဦးဝင်းမော်ထွန်း၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ၊ ပါမောက္ခချုပ်များ၊ ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ရန်ကုန်တက္ကသိုလ်ဟာ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလမှာစပြီး တရားဝင် တက္ကသိုလ်တစ်ခု ဖြစ်ခဲ့တာကြောင့် စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တက္ကသိုလ်နှစ်(၁၀၀)ပြည့်၊ ရာပြည့်သဘင် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၉)တွင် အမှာစကားပြောကြားစဉ်။



ကြေးမုံ ယနေ့ ဖတ်စရာ

ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး၊ ဒေသတွင်းငြိမ်းချမ်းရေး၊ ကမ္ဘာငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရန် အာရှဗုဒ္ဓဘာသာအသင်းချုပ် ရုံး ဖွင့်လှစ် စာမျက်နှာ » ၅

ငြိမ်းချမ်းရေးဖြစ်စဉ်က အစိုးရရော၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေမှာရော အားလုံးမှာ တာဝန်ရှိတယ် စာမျက်နှာ » ၇

အလုပ်အကိုင်အခွင့်အလမ်း ၅၃၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြု စာမျက်နှာ » ၁၁



ကြေးမုံ

# ကလေးသူငယ်လုံခြုံစိတ်ချရေးဝိုင်းဝန်း

ယနေ့ကာလတွင် ကလေးသူငယ်များ လုံခြုံစိတ်ချမှုရှိရေးအတွက် လူထုလူတန်းစားအသီးသီးတွင် ပြောဆိုနေမှုများကို ကြားသိနေရပေသည်။ အထူးသဖြင့် လူ့ဘောင်လောကအတွင်း စက်ဆုပ်ရွံရှာဖွယ်၊ စိတ်မချမ်းမြေ့ဖွယ်ဖြစ်သည့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားလာခဲ့ပြီး ယင်းအမှုများကို ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင် ရှုတ်ချနေကြသည်။

ကလေးသူငယ်ဟူသည်မှာ အသိမကြွယ်သေးသည့် နုနယ်သော အရွယ်ဖြစ်၍ ၎င်းတို့ကို လူကြီးမိဘ အုပ်ထိန်းသူများက မျက်ခြည်မပြတ် ဂရုစိုက်၍ ပြုစုစောင့်ရှောက်ပေးရမည်ဖြစ်သည်။ ကလေးသူငယ်သည် အသက် ၁၆ နှစ်အောက် အရွယ်များအားလုံးဖြစ်ပြီး အသက် ငါး နှစ်အောက်မှာ လူမမည်၊ အသက် ၁၀ နှစ်အောက်ခြောက်နှစ်အထိမှာ သက်ငယ်ဖြစ်သည်။ အသက် ၁၀ နှစ်အထက်မှာ အသိဉာဏ်ဖွံ့ဖြိုးစ ကလေးလူငယ်ဖြစ်သည်။ ယင်းတို့တွင် အသက်ငါးနှစ်အောက်အရွယ်ကို မိဘအုပ်ထိန်းသူများ ရင်အုပ်မကွာစောင့်ရှောက်ရမည်ဖြစ်သည်။

ယခုအခါ လူမမည်ကလေးငယ်များကို မိဘအုပ်ထိန်းသူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ရင်အုပ်မကွာ စောင့်ရှောက်မှုမပြုနိုင်သဖြင့် ကာမမုဆိုးလက်တွင်းသို့ သက်ဆင်းကြရသည်ကို ကြားသိနေရပါသည်။ လူမမည်ကျူးလွန်ခံရသည့်အမှု ၂၀၁၇ ခုနှစ်တွင် ၂၇ မှု၊ ၂၀၁၈ ခုနှစ်တွင် ၃၁ မှုနှင့် ယခုနှစ်ဝက်တွင် ငါးမှုဖြစ်ခဲ့သည်။ အသက် ၁၆ နှစ်အောက် သက်ငယ်မုဒိမ်းမှုစုစုပေါင်းမှာ ၂၀၁၇ ခုနှစ်တွင် ၈၉၈ မှုဖြစ်ပွားခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ၁၀၃၁ မှုဖြစ်ပွားခဲ့ကာ ယခုနှစ်ဝက်တွင် ၁၉၂ မှုဖြစ်ပွားခဲ့သဖြင့် ယခုနှစ်တွင် ဖြစ်ပွားမှုလျော့ကျသည်ဟု ဆိုနိုင်သည်။

သို့သော်လည်း စိတ်မချမ်းမြေ့ဖွယ် လူမမည်ကလေးအရွယ်များ ဖြစ်ပွားခဲ့ခြင်းကြောင့် ပြည်သူများကြားတွင် စိတ်ဆိုးဒေါသထွက်မှုများ၊ ဆန့်ကျင်ကန့်ကွက်မှုများရှိလာသည်။ ယင်းနှင့်ပတ်သက်၍ ပြည်သူများ အကြား အသိပညာပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ပညာပေး လျက်ရှိရာ သက်ဆိုင်ရာဌာနဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ “သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး” အသိပေးနှိုးဆော်ချက်ကို မှတ်သားလိုက်နာရမည်ဖြစ်သည်။

သက်ငယ်မုဒိမ်းမှုသည် အခြေအနေ အချိန်အခါမရွေး ဖြစ်ပွားနိုင်သည့်အမှုဖြစ်ပြီး ကျူးလွန်ခံရသည့် ကလေးငယ်နှင့် မိဘပတ်ဝန်းကျင် အတွက် ထိခိုက်နစ်နာကြေကွဲစရာဖြစ်သည်။ အမိုက်မှောင်ဖုံး ကျူးလွန်သူ အဖို့ လူမှုပတ်ဝန်းကျင်တွင် ကြီးမားသောပြစ်ဒဏ်ခတ်ခြင်းခံရပြီး ပြစ်မှုကြောင်းအရ ထောင်ဒဏ်နှစ် ၂၀ အထိ အပြစ်ဒဏ်ခံရမည်ဖြစ်သည်။ ထို့ကြောင့် အဆိုပါအမှုကိစ္စမဖြစ်ပွားစေရေး သတိကြီးစွာထားကြရမည်ဖြစ်သည်။

အသိပေးထားသော သတိပြုရန်အချက်များမှာ နေအိမ်အဆောက် အဦမလုံခြုံခြင်း၊ ပတ်ဝန်းကျင်၏လူနေမှုဘဝ သို့မဟုတ် လူမှုရေး အခြေအနေ နိမ့်ကျခြင်း၊ အုပ်ထိန်းသူများ၏ စောင့်ကြပ်ထိန်းသိမ်းမှု ကင်းကွာခြင်း၊ နေအိမ်၊ လမ်းခရီး၊ လူသူပြတ်လပ်သောနေရာများတွင် အဖော်မဲ့သွားလာနေထိုင်ခြင်း၊ အုပ်ထိန်းသူများက ပတ်ဝန်းကျင်၊ မိတ်ဆွေ ဆွေမျိုးသားချင်းများအား ယုံကြည်မှုလွန်ကဲခြင်း၊ အိမ်ထောင်သည်များနှင့် မိသားစုဝင်များ အကာအရံမရှိ အတူတကွနေထိုင်ခြင်း၊ အရက်နှင့် စိတ်ကြွဆေးများ သုံးစွဲသူများပြားလာခြင်း၊ ညစ်ညမ်းပုံများ၊ ညစ်ညမ်း ဗီဒီယို၊ စာအုပ်၊ ဇာတ်လမ်းများ၊ ညစ်ညမ်းဝက်ဘ်ဆိုက်များ အလွယ်တကူ ကြည့်ရှုခြင်း စသည်တို့ဖြစ်၍ ယင်းတို့ကို သတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မုဒိမ်းမှုဟူသည် စက်ဆုပ်ရွံရှာဖွယ်အမှုဖြစ်၍ မည်သည့် မုဒိမ်းမှုကိုမဆို မဖြစ်ပွားစေရန် ယင်းအမှုကိုဖြစ်စေသည့် ပတ်ဝန်းကျင်နှင့် တွန်းအားများဖြစ်သော အလွယ်တကူရယူနိုင်သည့် ကွန်ပျူတာနှင့် လက်ကိုင်ဖုန်းများမှ ညစ်ညမ်းကာမအမှုများကို သတိပြုရှောင်ကြဉ်နိုင်ရန် ဝိုင်းဝန်းထိန်းသိမ်း တားဆီးကာကွယ်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဇူလိုင် ၁၀**

မုတ္တမကွေ့၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ပြည်ထောင်စုရှေ့နေချုပ်ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုရှေ့နေချုပ်ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံးဝန်းကျင်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ကံ့ကော်ပင်၊ အာဆီယံသပြေပင်နှင့် ရွှက်လှပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးခဲ့ကြသည်။



ထို့နောက် အရာထမ်း၊ အမှုထမ်းများက သရက်၊ ပိန္နဲ၊ မာလကာ၊ ရှောက်၊ သံပရာ၊ မရန်း၊ ငွေးချိုပင် စသည့် သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးကြရာ ပြည်ထောင်စု ရှေ့နေချုပ်နှင့် အဖွဲ့က လှည့်လည်ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ပြည်ထောင်စုရှေ့နေချုပ်နှင့် အဖွဲ့သည် ရုံးရှေ့လှိုုပိတ်ဆည်အတွင်းသို့ ငါးကြင်းနှင့် ငါးခုံးမသားပေါက်ကောင်ရေ ၆၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ရုံးခန်းဖွင့်

**ပေါက်ခေါင်း ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရုံးခန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက အမှတ် (၄)ရပ်ကွက်ရှိ အဆိုပါရုံးသစ်၌ကျင်းပသည်။

ရုံးသစ်ဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်းနှင့် တိုင်းဒေသကြီး ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်လွင်တို့က အမှာစကားပြောကြားပြီး ပေါက်ခေါင်းမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြချစ်က ရုံးခန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌတို့က ရုံးခန်းကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၁၀**

ရန်ကုန်(ရွှေဈေး) ၁၁၂၄၅၀၀ - ၁၁၂၄၅၀၀ မန္တလေး(ရွှေဈေး) ၁၁၂၄၅၀၀ - ၁၁၂၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၀၀/၉၁၅ ကျပ် | ၉၃၅/၉၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၈၉၅ ကျပ် | ၉၅၀/၉၅၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၈၀၅ ကျပ် | ၈၄၅/၈၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၀/၉၂၅ ကျပ် | ၉၅၀/၉၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၄၅/၈၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၅၅/၈၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၀/၇၅၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၉၆.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၉.၇၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၀၁၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၅.၃၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၂.၀၅၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၈၈.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၀၈ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၆.၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၀.၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇



# ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်

**မိမိတို့အစိုးရအဖွဲ့ဟာ တိုင်းပြည်အတွက် လုပ်ငန်းတွေ နေ့စဉ်နေ့တိုင်း လုပ်ကိုင်နေကြရတာမှာ အချိန်အားရတယ်မရှိဘူး။ တချို့ကိစ္စတွေဟာ တိုင်းပြည်မှာ ဖြစ်နေကြရတာက ဟိုကတစ်မျိုး ဒီကတစ်ဖုံဆိုတာလိုဖြစ်တော့ ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်ဘူး။ ဒီတော့ မိမိတို့အစိုးရအဖွဲ့ တကယ့်အခက်အခဲတွေထဲမှာ အလုပ်လုပ်နေရတော့ တချို့နေရာမှာ မအောင်မြင်တာလေးတွေလည်း ရှိတယ်။ အောင်မြင်တာတွေလည်း ရှိတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်က
သတင်းစာဆရာများနှင့် ဆွေးနွေးပွဲတွင် ပြောကြားခဲ့သော မိန့်ခွန်းမှ ကောက်နုတ်ချက်)

✻ ရှေ့ဖုံးမှ

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်မှာတော့ နှစ်(၁၀၀) တင်းတင်းပြည့်ပါလိမ့်မယ်။ ကျွန်မက တစ်ကယ်တော့ ရန်ကုန်တက္ကသိုလ်ရဲ့ ကျောင်းသူတစ်ယောက် မဖြစ်ဖူးဘဲနဲ့ ဒီကော်မတီကို ဦးစီးနေတာ မှန်ရဲ့လားလို့ ကျွန်မကိုယ်ကျွန်မ သုံးသပ်မိပါတယ်။ ဒါပေမယ့် ကျွန်မအနေနဲ့ ရန်ကုန်တက္ကသိုလ် ပြန်လည်ပြုပြင်မွမ်းမံဖို့အတွက် ကြိုးစားနေတာကြောင့် ဒီနှစ်ခုဟာ ဆက်စပ်နေတယ်ဆိုပြီးတော့ ဒီတာဝန်ကို ပေးတဲ့အခါကျတော့ ကျွန်မ လက်ခံလိုက်တာဖြစ်ပါတယ်။

**စိတ်အားထက်သန်**

"ကျွန်မတို့ ငယ်စဉ်တုန်းကဆိုရင် ရန်ကုန်တက္ကသိုလ်ဟာ တကယ့်ကို ဂုဏ်သရေထွန်းလင်းတောက်ပနေတဲ့အချိန်ပဲ ဖြစ်ပါတယ်။ ကျွန်မတို့ ကလေးဘဝ ကျောင်းနေတဲ့ အချိန်ကစပြီးတော့ တက္ကသိုလ်ရောက်ချိန် လောက်အထိ ရန်ကုန်တက္ကသိုလ်ဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးတက္ကသိုလ်တစ်ခုလို့ အားလုံးက ယုံကြည်ခဲ့ပါတယ်။ အင်မတန်မှလည်း ဂုဏ်ယူခဲ့ကြပါတယ်။ ဒီလိုပဲ ရန်ကုန်တက္ကသိုလ်ဟာ ဒီကနေ့အချိန်အခါမှာ ကမ္ဘာပေါ်မှာ အကောင်းဆုံးတက္ကသိုလ်တစ်ခု ပြန်လည်ဖြစ်ဖို့ကို ကျွန်မတို့အနေနဲ့ မျှော်မှန်းပါတယ်။ အခု ဒီမှာတက်ရောက်လာကြသူတွေထဲမှာဆိုရင် ရန်ကုန်တက္ကသိုလ်မှာ နေဖူးတဲ့သူတွေပါပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ ကျောင်းသားဟောင်း၊ ကျောင်းသူဟောင်းတွေပါတယ်ဆိုတာ ကျွန်မသိပါတယ်။ ဒီကျောင်းသား ကျောင်းသူဟောင်းတွေက ခေတ်ချင်းမတူပါဘူး။ ခေတ်တစ်ခေတ်နဲ့ တစ်ခေတ် မတူဘူးဆိုတာလည်း သိကြမှာပါ။ ကိုယ့်ခေတ်တုန်းက ဘယ်လိုဖြစ်ခဲ့တယ်။ နောင်ခေတ်တွေမှာ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာကို သိမှာဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ အကောင်းဆုံးခေတ်၊ ဂုဏ်သတင်း အတောက်ပဆုံးခေတ်မှာနေခဲ့တဲ့ လူကြီးတွေဟာ ဒီတိုင်းပြန်ဖြစ်သွားဖို့အတွက် စိတ်အားထက်သန်မယ်လို့ ကျွန်မယုံကြည်ပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့အခြေအနေဟာ အရင်နဲ့စာရင် မကောင်းတဲ့အချိန်မှာနေခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာဆိုရင်လည်း ဒီလိုပဲ စိတ်ထားရှိမယ်လို့ ယုံကြည်ပါတယ်။

"ကျွန်မတို့ ရန်ကုန်တက္ကသိုလ်နဲ့ ပတ်သက်လို့ ပြန်လည်မွမ်းမံရေး၊ အဆင့်မြှင့်တင်ရေး မဟာစီမံကိန်းမှာဆိုရင် ဦးစီးကော်မတီ၊ ဦးစီးကော်မတီအောက်မှာဆိုရင် လုပ်ငန်းကော်မတီတွေလည်း ဖွဲ့ထားပါတယ်။ ပညာအရည်အသွေးမြှင့်တင်ရေး ကော်မတီ၊ ရုပ်ပိုင်းဆိုင်ရာဖြည့်ဆည်းရေး ကော်မတီ၊ ရန်ကုန်တက္ကသိုလ် ပဋိညာဉ်ရေးဆွဲရေး ကော်မတီ ဒါတွေနဲ့ပတ်သက်လို့ အသေးစိတ်ကို ဒေါက်တာမျိုးသိမ်းကြီး ပြောပါလိမ့်မယ်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဆွေးနွေးပြောကြားစဉ်။

"အဓိက ကတော့ ကျွန်မတို့က ပညာအရည်အချင်းကို မြှင့်တင်ရေးပါ။ တက္ကသိုလ်တစ်ခုဆိုတာ ပညာပေးတဲ့အဆင့်မြင့်ဌာနတစ်ခုလို့ ဒီလိုပဲမြင်ပါတယ်။ ဒါပေမယ့် ပညာပေးရုံတင်မက လူငယ်တွေကနေ လူကြီးဖြစ်လာတဲ့အခါမှာ ပိုပြီး ပြီးပြည့်စုံတဲ့ လူသားတွေဖြစ်အောင် ပြုစုပျိုးထောင်ပေးတဲ့ နေရာဌာနတစ်ခုဖြစ်အောင် ပြုစုပေးနိုင်အောင် လုပ်ပေးချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညာဆိုတာဘာလဲဆိုတာ တစ်ယောက်နဲ့တစ်ယောက် အထင်အမြင်ချင်းက မတူပါဘူး။ ဒါပေမယ့် နောက်ဆုံးမှာ ပြီးပြည့်စုံတဲ့လူသားတွေဖြစ်လာခြင်းဟာ ပညာနဲ့ ပြည့်စုံခြင်းပဲလို့ သတ်မှတ်မယ်ဆိုရင် လွဲချော်မှုရှိနိုင်မယ် မဟုတ်ဘူးလို့ မြင်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ရန်ကုန်တက္ကသိုလ်ဟာ ပိုပြီးတော့ ပြီးပြည့်စုံမယ့် လူသားတွေကို မွေးထုတ်ပေးနိုင်မယ့် ပညာရေးဌာနကြီး၊ အဆင့်မြင့်ပညာရေး ဌာနကြီးဖြစ်ဖို့ ကျွန်မတို့ ဦးတည်ပါတယ်။ ပညာအရည်အသွေးမြှင့်တင်ရေးကော်မတီဟာ ပညာအရည်အသွေးဆိုတာ ဘာလဲဆိုတာကို စဉ်းစားပြီးတော့ ပိုပြီး လေးလေးနက်နက် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် လုပ်လိမ့်မယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။

**ပတ်ဝန်းကျင်က ထိန်းသိမ်းပေးဖို့လို**

"ရုပ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းရေးဆိုတာကတော့ ထူးထူးထွေထွေ ရှင်းပြဖို့မလိုပါဘူး။ ရုပ်ပိုင်းဆိုင်ရာအရဆိုရင် လိုအပ်တဲ့ အဆောက်အဦတွေကအစ လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေ၊ လိုအပ်တဲ့ပတ်ဝန်းကျင်၊ ပညာရှာချင်အောင် အားပေးမယ့် ပတ်ဝန်းကျင်မျိုးကို ဖြစ်စေချင်ပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ပညာရှာချင်အောင် အားပေးရုံတင်မကဘဲ ကိုယ်နေသွားတဲ့ တက္ကသိုလ်အပေါ်မှာ သံယောဇဉ်ရှိအောင် လုပ်ပေးနိုင်မယ့်၊ ဖြည့်ဆည်းပေးနိုင်မယ့် ပတ်ဝန်းကျင်မျိုး ဖြစ်စေချင်ပါတယ်။ ဒီတက္ကသိုလ်ကနေ ပညာသင်ပြီးသွားတဲ့အခါ ဒါငါတို့ကို မွေးထုတ်လိုက်တဲ့ အမိပညာရေးဌာနကြီးပဲ ဆိုပြီးတော့ သံယောဇဉ်နဲ့မေတ္တာနဲ့ ပြန်လည်ပြီး ထောက်ပံ့ချင်တဲ့စိတ်တွေ၊ ပြန်လည်ပြီးတော့ ပိုပြီးကောင်းမွန်အောင်၊ တိုးတက်အောင် လုပ်ပေးချင်တဲ့စိတ်တွေ၊ ကူညီချင်တဲ့စိတ်တွေ ဖြစ်အောင်လို့လည်း ဒီပတ်ဝန်းကျင်က ထိန်းသိမ်းပေးဖို့လိုပါတယ်။

"နောက်တစ်ခုကတော့ ရန်ကုန်တက္ကသိုလ် ပဋိညာဉ်ရေးဆွဲရေးကော်မတီ ဖြစ်ပါတယ်။ ဒါက ကျွန်မတို့နိုင်ငံရဲ့ပညာရေးစနစ်ပိုပြီးတော့ တိုးတက်အောင်၊ အထူးသဖြင့် အဆင့်မြင့် ပညာရေးစနစ် ပိုပြီးတော့ တိုးတက်အောင်ဆိုရင် တက္ကသိုလ်တွေဟာ ပိုပြီး လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ရှိရမယ်။ တက္ကသိုလ်တစ်ခုနဲ့တစ်ခု မိတ္တူလုပ်ထားသလို တူညီတာမျိုးမဟုတ်ဘဲ တက္ကသိုလ်တိုင်း တက္ကသိုလ်တိုင်းက သူ့ရဲ့ကြန်အင်လက္ခဏာတွေနဲ့သူ၊ သူ့ပုံစံနဲ့သူ၊ သူ့ရဲ့အားသန်ချက်နဲ့သူ ဖြစ်စေချင်ပါတယ်။ ဒါမှ ကျွန်မတို့နိုင်ငံရဲ့ ပညာရေးစနစ်က ပြီးပြည့်စုံမှာပါ။ ဒါကြောင့် ရန်ကုန်တက္ကသိုလ်ကနေ စပြီး သူ့ပဋိညာဉ်နဲ့သူ တက္ကသိုလ်တစ်ခုဟာ ရပ်တည်နိုင်ဖို့ ဘယ်လိုဖြစ်နိုင်မလဲဆိုတာကို ကျွန်မတို့က လုပ်ဆောင်ဖို့ တက္ကသိုလ်မွမ်းမံရေးကော်မတီက ၂၀၁၂-၂၀၁၃ လောက်ကတည်းက စပြီးတော့လုပ်ခဲ့တာပါ။ ဒီဟာတွေနဲ့ ဆက်နွှယ်ပြီး နှစ်(၁၀၀) ပြည့် အခမ်းအနားတွေကို ကျင်းပစေချင်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်မှာ နှစ်(၁၀၀)ပြည့်မယ်ဆိုရင် အခုနှစ် ဒီဇင်ဘာ ၁ ရက်ကတည်းကစပြီးတော့ ရာပြည့်အခမ်းအနားတွေကို တစ်ဆင့်ပြီးတစ်ဆင့်လုပ်သွားဖို့ ဆိုပြီး ရည်ရွယ်ချက်ရှိပါတယ်။ ဒီနှစ်အတွင်းမှာ လုပ်တဲ့ ကျွန်မတို့ရဲ့လုပ်ဆောင်ချက်တွေဟာ ရန်ကုန်တက္ကသိုလ်ကို ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်တွေနဲ့ အံဝင်ခွင်ကျဖြစ်သွားအောင်လို့ ကြိုးစားစေချင်ပါတယ်။

"ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေး ဦးစားပေးအစီအစဉ်ဆိုပြီး သတ်မှတ်ထားတာကတော့ သင်ကြားသင်ယူမှုနဲ့ သုတေသနဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါတယ်။ သင်ကြားသင်ယူမှုဆိုတာကတော့ အားလုံးသိတဲ့အတိုင်းပဲ ကျွန်မတို့နိုင်ငံမှာ ပညာရေးစနစ် ပိုပြီးတော့ ကောင်းမွန်အောင် သင်ကြားတဲ့နည်းကို ပြန်စပြီး ပြုပြင်ရပါမယ်။ ပြောရမယ်ဆိုရင် ပို့ချတဲ့ဆရာ ဆရာမတွေရဲ့အရည်အချင်းမြင့်မှ အရည်အချင်းမြင့်တဲ့ပို့ချမှုတွေကို ကျောင်းသူကျောင်းသားတွေ ရရှိမှာဖြစ်ပါတယ်။

**တိုးတက်အောင် ပံ့ပိုး**

"သုတေသနဆိုတာကတော့ ဆန်းသစ်တီထွင်ချင်တဲ့စိတ်တွေကို ကျွန်မတို့က အားပေးချင်တာပါ။ တစ်ဖက်ကလည်း ကျွန်မတို့နိုင်ငံရဲ့ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက်လည်း အထောက်အကူဖြစ်နိုင်ပါတယ်။ သုတေသနတွေဟာ ကျွန်မတို့နိုင်ငံရဲ့လိုအပ်ချက်တွေ၊ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို ပံ့ပိုးနိုင်မယ့် သုတေသနမျိုး လုပ်နိုင်မယ်ဆိုရင် နိုင်ငံကိုလည်း အကျိုးဖြစ်ပါတယ်။ သုတေသနဆိုတာ ကျယ်ကျယ်ပြန့်ပြန့်၊ ရုပ်ပိုင်းဆိုင်ရာတွေသာမကဘဲနဲ့ တခြားစိတ်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ အပိုင်းတွေမှာပါ သုတေသနလုပ်ပြီး ကျွန်မတို့နိုင်ငံကို တိုးတက်အောင် ပံ့ပိုးနိုင်မယ်ဆိုရင် ဒါဟာ ကျွန်မတို့ ပညာရေးစနစ်ကိုသာမက လူမှုရေးစနစ်တစ်ခုလုံးကို ထွန်းတောက်အောင် လုပ်ပေးရာရောက်မှာပါ။

"အင်္ဂလိပ်စာစွမ်းရည် မြှင့်တင်ရေးဆိုပြီးတော့လည်း ပါပါတယ်။ အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ရေးကတော့ လက်တွေ့ကျတဲ့ကိစ္စပါ။ ဒီခေတ်ဒီအခါမှာ ဘယ်လိုပဲပြောပြော ကျွန်မတို့ အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်မှ ကမ္ဘာ့စင်မြင့်ပေါ်မှာ ကျွန်မတို့ ကျောင်းသူကျောင်းသားများက တိုးနိုင်မှာဖြစ်ပါတယ်။ အခုအချိန်မှာဆိုရင် အင်္ဂလိပ်ဘာသာစကားက တစ်ကမ္ဘာလုံးသုံးနေတဲ့ ဘာသာစကား ဖြစ်သွားပါပြီ။ တစ်ကမ္ဘာလုံးက သုံးနေတဲ့ ဘာသာစကား၊ နောက်ပြီးတော့ အထူးသဖြင့် ကျွန်မတို့ရဲ့ IT Revolution ပါ။ ဆက်သွယ်ရေးတော်လှန်ရေးနဲ့ ပတ်သက်နေတဲ့နေရာမှာဆိုလည်း ဒီဘာသာစကားကို မတတ်လို့၊ မကျွမ်းကျင်လို့ မဖြစ်ဘူးဆိုတော့ ဒါကို အဆင့်မြင့်ဖို့ လုပ်တယ်ဆိုတာ လက်တွေ့ကျကျ လုပ်တာပါ။ ဘာသာစကားအများကြီးကို ကျွန်မတို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေကို တတ်စေချင်ပါတယ်။ ဒါပေမယ့် လက်တွေ့ကျကျကတော့ တစ်ကမ္ဘာလုံးက သုံးနေတဲ့ ဘာသာစကားကို ကျွမ်းကျင်ရမယ်။ ဒီလိုပြောတဲ့အချိန်မှာ တစ်ခါတည်း ကျွန်မထည့်ပြီး ပြောချင်ပါတယ်။ ကျွန်မတို့ရဲ့ဘာသာစကားကိုလည်း မမေ့ဖို့ လိုပါတယ်။ အဲဒါကိုလည်း ဂုဏ်ယူတတ်ဖို့လိုပါတယ်။ တချို့ အသိုင်းအဝိုင်းတွေမှာဆိုရင် အင်္ဂလိပ်ဘာသာစကား သင်ပေးရုံတင်မကဘဲ မြန်မာဘာသာစကား ကောင်းကောင်းမတတ်တာကိုတောင်မှ ဂုဏ်ယူရမလို မြင်နေတာတွေရှိပါတယ်။ ဒါ ဂုဏ်ယူစရာအကြောင်း ဘာမှမရှိပါဘူး။ ဘယ်လောက်ပဲ နိုင်ငံခြားဘာသာစကားတွေ၊ ဘယ်နှခုပဲ ဘယ်လောက်ကျွမ်းကျင်ကျွမ်းကျင် ကိုယ့်မိခင်ဘာသာစကားကိုမှ မတတ်ဘူးဆိုတာ ဘာမှ ဂုဏ်ယူစရာအကြောင်းမရှိဘူးဆိုတာလည်း ကျွန်မအနေနဲ့ သတိပေးချင်ပါတယ်။

"နောက်တစ်ခုကတော့ သတင်းအချက်အလက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။ ဒါကတော့ ကျွန်မ ထူးထူးထွေထွေ ရှင်းပြနေစရာမလိုပါဘူး။ ဒါလည်း ပညာသင်ယူမှုရဲ့ တစ်စိတ်တစ်ပိုင်းပဲ ဖြစ်ပါတယ်။ ကျောင်းပရိဝုဏ်နဲ့ လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းများ မြှင့်တင်ရေးကတော့ ရုပ်ပိုင်းဆိုင်ရာဖြည့်ဆည်းရေးနဲ့ စပ်ဆိုင်နေပါတယ်။ ကျောင်းပရိဝုဏ်ကလည်း ကျောင်းသား ကျောင်းသူများအနေနဲ့ ဒီတက္ကသိုလ်ကြီးဟာ သူတို့ကို ပညာပေးလိုက်တဲ့ အမိဌာနကြီးတစ်ခုတင်မဟုတ်ဘူး သူတို့ စိတ်ချမ်းသာခဲ့ရာ၊ သူတို့ငယ်စဉ်အခါတုန်းက ပညာရှာတဲ့နေရာမှာ တက်တက်ကြွကြွနဲ့၊ စိတ်ချမ်းချမ်းသာသာနဲ့ ပညာရှာခဲ့တဲ့နေရာဆိုပြီးတော့ သံယောဇဉ်တွေလည်း ဖြစ်စေမယ့် ပရိဝုဏ်၊ အေးအေးဆေးဆေးနဲ့ ပညာရှာနိုင်မယ့် ပရိဝုဏ်မျိုးဖြစ်ဖို့လိုပါတယ်။ လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းဆိုတာကတော့ ရှင်းပြစရာမလိုပါဘူး။ ဒါကတော့ ပညာသင်ရေးအတွက် အခုခေတ်နဲ့ကိုက်ညီစွာ လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေကို ဖြည့်ဆည်းပေးဖို့က အင်မတန်အရေးကြီးပါတယ်။

**တက္ကသိုလ်ရပ်ဝန်းကျင်ကောင်း ဖန်တီး**

"ရုပ်ပိုင်းဆိုင်ရာ မြှင့်တင်ရေးလုပ်ငန်းတွေထဲမှာ ထည့်ထားတာက ကျန်းမာရေးနဲ့ ပြည့်စုံပြီး သန့်ရှင်းသာယာ လုံခြုံနွေးထွေးတဲ့ တက္ကသိုလ်ရပ်ဝန်းကျင်ကောင်း ဖန်တီးရေးကလည်း ခုနကအရာနဲ့ ဆက်စပ်နေတာပါ။ ကျန်းမာရေးနဲ့လည်း ကိုက်ညီရမယ်။ စိတ်ချမ်းသာရေးနဲ့လည်း ကိုက်ညီရမယ်။ ကိုယ်ကျန်းမာရေးနဲ့ စိတ်ချမ်းသာရေးဆိုတာကလည်း တကယ်တော့ ဒွန်တွဲနေပါတယ်။ လုံးဝခွဲထားလို့ ရတဲ့ကိစ္စမဟုတ်ပါဘူး။ တက္ကသိုလ်ဝန်းကျင်မှာ လမ်းပန်းဆက်သွယ်မှု ကောင်းစေရေးကတော့ ကျောင်းလာတဲ့ ကလေးတွေ၊ ကျောင်းလာတဲ့ဆရာ ဆရာမတွေအတွက် ပိုပြီးတော့ တတ်နိုင်သမျှ အဆင်ပြေအောင် ကျွန်မတို့ စဉ်းစားပါတယ်။ အထူးသဖြင့် ရန်ကုန်မြို့မှာဆိုရင် လမ်းတွေမှာ ယာဉ်တွေကျပ်တာကတော့ အားလုံးသိတဲ့ အတိုင်းဖြစ်ပါတယ်။

စာမျက်နှာ ၄ သို့ ✻

✻ စာမျက်နှာ ၃ မှ

တချို့ဆိုရင် နာရီနဲ့ချီပြီးတော့ စောင့်နေရတဲ့ အခြေအနေမှာ ရှိပါတယ်။ ဒီတော့ ကျောင်းလာတဲ့အခါမှာ ကျောင်းဆိုတာ ရိုးရိုးကျောင်းပဲဖြစ်ဖြစ်၊ တက္ကသိုလ်ပဲဖြစ်ဖြစ် သူ့အချိန်နဲ့သူ စရပါတယ်။ အတန်းတွေက သူ့အချိန်နဲ့သူ စရတယ်ဆိုတော့ ကျောင်းသားတွေ၊ ဆရာ ဆရာမတွေ လာရေးသွားရေးအတွက် အဆင်ပြေအောင်လို့လည်း ကျွန်မတို့က ကျယ်ကျယ်ပြန့်ပြန့် အခုကတည်းက စဉ်းစားထားရမှာပါ။ လာရေးသွားရေးအတွက် အဆင်မပြေတဲ့ တက္ကသိုလ်ဆိုရင် ကျွန်မတို့ စည်းကမ်းတကျ၊ စနစ်တကျ အတန်းတွေကို စီစဉ်ဖို့က ခက်လာပါလိမ့်မယ်။

**အားလုံးအတွက်လည်း ဂုဏ်ယူစရာဖြစ်**

"အဓိပတိလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးနဲ့ စိမ်းလန်းစိုပြည်ရေးအပိုင်းမှာ ကျွန်မတို့တက္ကသိုလ်ရဲ့ ပရိဝုဏ်နားကို ရောက်လာပြီ၊ တက္ကသိုလ်ရဲ့ပတ်ဝန်းကျင်ကို ရောက်လာပြီဆိုကတည်းက ငါတို့ဟာ ရန်ကုန်တက္ကသိုလ်နား ရောက်လာပြီဆိုတဲ့ အမြင်လည်းရှိအောင်၊ အားလုံးအတွက်လည်း ဂုဏ်ယူစရာဖြစ်အောင်လို့ ဖြစ်ပါတယ်။ တချို့နိုင်ငံတွေမှာဆိုရင် နာမည်ကြီးတဲ့ တက္ကသိုလ်တွေဟာ ကမ္ဘာလှည့်ခရီးသည်တွေတောင် သွားပြီးကြည့်ရတဲ့ တက္ကသိုလ်တွေဖြစ်ပါတယ်။ တက္ကသိုလ်မှာသွားပြီး ပညာသင်ဖို့ပဲမဟုတ်ဘူး။ တက္ကသိုလ်ရဲ့ပရိဝုဏ်လှလို့၊ တက္ကသိုလ်ရဲ့ သမိုင်းဝင်အဆောက်အဦတွေကို လေးစားလို့၊ ဒါမှမဟုတ် ဒီလိုခင်းကျင်းထားတာတွေက အင်မတန်မှ ထူးခြားလို့ဆိုပြီး ကမ္ဘာလှည့်ခရီးသည်တွေတောင်မှ တချို့တက္ကသိုလ်တွေကို သွားပြီးတော့ကြည့်တယ်။ တော်တော်စိတ်ဓာတ်တက်တက်ကြွကြွနဲ့ ကြည့်ကြတာ၊ သွားပြီးတော့ လေ့လာတာကို ကျွန်မတို့ တွေ့ရပါတယ်။

"ကျွန်မတို့ ရန်ကုန်တက္ကသိုလ်ဟာ တကယ်တော့ သဘာဝအားဖြင့် ကမ္ဘာပေါ်မှာ အလှပဆုံးတက္ကသိုလ် ပရိဝုဏ်တစ်ခု ဖြစ်နိုင်တယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အင်းလျားကန်နဲ့လည်း နီးတယ်။ ဒီလိုရေပြင်ကြီးနဲ့ နီးနီးနားနားရှိတဲ့ တက္ကသိုလ်ဆိုတာက ကမ္ဘာပေါ်မှာ အင်မတန်မှ ရှားပါတယ်။ အဲဒီတော့ ကျွန်မတို့က ကျွန်မတို့တက္ကသိုလ်ရဲ့ ထူးထူးခြားခြား လှပတဲ့ ဝန်းကျင်ကို အကောင်းဆုံးဖြစ်အောင် လုပ်ပြီးတော့ စီစဉ်စေချင်ပါတယ်။ လက်တွေ့ကျကျကတော့ တက္ကသိုလ်တစ်ခုလုံး သန့်ရှင်းတဲ့ ရေပေးဝေရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေဆိုးနဲ့မိလ္လာစွန့်ပစ်စနစ် ကောင်းမွန်ရေး၊ သန့်စင်ခန်းများ သန့်ရှင်းကောင်းမွန်ရေး၊ လျှပ်စစ်ပိုင်းဆိုင်ရာ စနစ်တကျ ဘေးကင်းလုံခြုံမှုရှိရေးတွေကတော့ လက်တွေ့ကျကျ အဆင့်မြင့်တဲ့ အဆောက်အဦတစ်ခု ဖြစ်အောင်၊ အဆင့်မြင့်တဲ့ ပတ်ဝန်းကျင်တစ်ခု ဖြစ်အောင် ဦးတည်တဲ့ ဦးတည်ချက်တွေပဲ ဖြစ်ပါတယ်။

"တက္ကသိုလ်ထဲမှာ ပညာသင်တယ်ဆိုတာဟာ အတန်းထဲက ပညာတင်မကပါဘူး။ အတန်းပြင်ပ ပညာတွေလည်း သင်ယူနိုင်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးစေချင်ပါတယ်။ ဥပမာဆိုရင် အနုပညာတို့၊ အားကစားတို့ စသဖြင့်ပါ။ အနုပညာတို့၊ အားကစားတို့ကို ကျွန်မတို့ရဲ့ ပညာရေးစနစ်အတွင်းမှာကို အားပေးချင်တာ ဖြစ်တဲ့အတွက် နှစ်(၁၀၀) ပြည့် အခမ်းအနားတွေမှာလည်း အနုပညာတို့၊ အားကစားတို့ကို ထည့်စဉ်းစားပြီးတော့ ကျင်းပစေချင်ပါတယ်။ တက္ကသိုလ်တစ်ခုမှာဆိုရင် အမှတ်အများဆုံးရရေးဆိုတဲ့ စိတ်ဓာတ်ကိုပဲ မဖြစ်စေချင်ပါဘူး။ အနုပညာရှင်များဆိုတာကလည်း အတန်းပညာနဲ့ ပတ်သက်ရင် အမှတ်အများကြီးရချင်မှရမယ်။ ဒါပေမယ့် အနုပညာဘက်မှာ အင်မတန် ထူးချွန်တဲ့ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ ဒီတော့ လူတိုင်းလူတိုင်းဟာ ကိုယ့်ရဲ့အားသာချက်တွေကို ဖော်ထုတ်နိုင်ဖို့အတွက်၊ ကိုယ့်ရဲ့အားသာ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး ရှင်းလင်းတင်ပြစဉ်။

ချက်တွေကို ပိုပြီးတော့ ကြီးထွားလာအောင်လို့ ပြုစုပျိုးထောင်ဖို့အတွက် အခွင့်အလမ်းတွေကို ကျွန်မတို့ တက္ကသိုလ်ဆိုတာက ပေးရမှာပါ။ ဒီဟာတွေအားလုံးကို စဉ်းစားဆင်ခြင်ပြီးတော့ ကျွန်မတို့ရဲ့ နှစ်(၁၀၀)ပြည့် အခမ်းအနားတွေကို စီစဉ်စေချင်ပါတယ်။ ပညာရေး၊ အနုပညာ၊ အားကစား၊ ပတ်ဝန်းကျင် ပါရပါမယ်။

**အသက်အရွယ်မရွေး အားလုံးပူးပေါင်း**

"အရေးကြီးတာက တက္ကသိုလ် ကျောင်းသားဟောင်းကြီးတွေနဲ့ အခု ကျောင်းသားသစ်တွေနဲ့ ဆက်နွှယ်တဲ့အခမ်းအနားတစ်ခုလည်း ဖြစ်သွားစေချင်ပါတယ်။ ဥပမာဆိုရင် ကျွန်မစဉ်းစားတာက တက္ကသိုလ်ကျောင်းသားဟောင်းကြီးတွေနဲ့ အရင်တုန်းက တက္ကသိုလ်မှာနေခဲ့တဲ့ လူကြီးတွေနဲ့ အခုကျောင်းသားတွေနဲ့ ဆွေးနွေးပွဲလေး လုပ်မယ်ဆိုရင် အရင်တုန်းက ဘယ်လိုရှိတယ်၊ အခုဘယ်လိုရှိတယ်၊ အရင်တုန်းက အမြင်၊ အခုအမြင်။ ဘာဖြစ်လို့လဲဆိုတော့ လူတစ်ယောက်ရဲ့ စိတ်ဓာတ်ပြည့်ဝမှုဆိုတာ အသက်အရွယ်နဲ့လည်း မဆိုင်ပါဘူး။ ကိုယ့်ရဲ့ အတွေ့အကြုံနဲ့ ကိုယ့်ရဲ့သင်ယူနိုင်တဲ့ အရည်အချင်းနဲ့ပဲ ဆိုင်ပါတယ်။ ဒါကြောင့် အသက်အရွယ်မရွေး အားလုံးပူးပေါင်းပြီးတော့ ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့် အခမ်းအနားကြီးကို အောင်မြင် အောင် လုပ်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒီလိုလုပ်သွားနိုင်ဖို့အတွက် အားလုံးဝိုင်းဝန်းကူညီကြပါလို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်ပါတယ်" ဟု ပြောကြားသည်။

**ဝမ်းမြောက်ဂုဏ်ယူစရာအခွင့်ထူး**

ထို့နောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်ပေါက်ဖွားလာခဲ့သည့် မြန်မာနိုင်ငံဂုဏ်ဆောင် ရန်ကုန်တက္ကသိုလ်သည် လာမည့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် နှစ်ပေါင်း (၁၀၀) ပြည့်မြောက်ပြီဖြစ်ပြီး ရာပြည့်ပွဲသဘင်ကို ဆင်ယင်ကျင်းပနိုင်တော့မည် ဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲသဘင်ကို ခမ်းနားသိုက်မြိုက်ထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် သေသေချာချာ ပြင်ဆင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ကြုံတောင့်ကြုံခဲ ရာပြည့်ပွဲသဘင်ကို ဆင်ယင်ကျင်းပခွင့်ရခြင်းသည် မိမိတို့အားလုံးအတွက် ဝမ်းမြောက်ဂုဏ်ယူစရာအခွင့်ထူးဖြစ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ်သည် မြန်မာနိုင်ငံတွင် သမိုင်းအစဉ်အလာ အကြီးမားဆုံးသော တက္ကသိုလ်ကြီးဖြစ်ပါကြောင်း၊ ကိုလိုနီခေတ်တွင် မြန်မာတစ်မျိုးသားလုံး ပညာသင်ယူမှု အခွင့်အလမ်း မညီမျှခြင်းနှင့် တစ်မျိုးသားလုံး အဆင့်မြင့်ပညာ သင်ယူနိုင်ခွင့် နည်းပါးခြင်းတို့ကြောင့် တစ်မျိုးသားလုံး အဆင့်မြင့်ပညာ သင်ယူခွင့်ရရှိလာစေနိုင်မည့် အမျိုးသားပညာရေးစနစ် ဖြစ်ထွန်းလာစေရေးအတွက် အမျိုးသားခေါင်းဆောင်များနှင့် ပြည်သူတစ်ရပ်လုံး ညီညီညွတ်ညွတ် တိုက်ပွဲဝင်ခဲ့ကြပါကြောင်း၊ တစ်မျိုးသားလုံး၏ ညီညွတ်မှုစွမ်းအားကြောင့် ကိုလိုနီအစိုးရသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် မလွှဲမရှောင်သာဘဲ ရန်ကုန်တက္ကသိုလ်ကို တည်ထောင်ပေးခဲ့ရပါကြောင်း။

ရန်ကုန်တက္ကသိုလ် စတင်ပေါ်ပေါက်ပြီး ၁၉၂၀ ပြည့်နှစ် ဩဂုတ် ၂၈ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ရန်ကုန်တက္ကသိုလ် အက်ဥပဒေတွင် မြန်မာတိုင်းရင်းသားအများစုကို တက္ကသိုလ်ပညာ ဆက်လက်သင်ယူခွင့်မရအောင် ကန့်သတ်ချုပ်ချယ်ထားသည့် အချက်အလက်များစွာ ပါဝင်ခဲ့ပါကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ကျောင်းသားကြီးများနှင့် မျိုးချစ်ပြည်သူများ ဆက်လက်တိုက်ပွဲဝင်ခဲ့ကြသည့်အတွက် ကိုလိုနီအစိုးရသည် တက္ကသိုလ်အက်ဥပဒေကို ပြင်ဆင်ပေးခဲ့ရပါကြောင်း၊ မြန်မာ့အမျိုးသား ကြိုးပမ်းမှုသမိုင်းတွင် ရန်ကုန်တက္ကသိုလ်သည် တာထွက်ကောင်းခဲ့သကဲ့သို့ မြန်မာ့လွတ်လပ်ရေးကို ဆောင်ကြဉ်းပေးနိုင်မည့်၊ ဇွဲသတ္တိ အားမာန်ပြည့်ဝပြီး မျိုးချစ်စိတ်ဓာတ်ပြင်းပြထက်သန်သည့် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့သော အာဇာနည်ခေါင်းဆောင်ကောင်းများကို မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း တိုင်းကျိုးပြည်ပြု ခေါင်းဆောင်များနှင့် ပညာတတ်လူငယ်များစွာ မွေးထုတ်ပေးနိုင်ခဲ့သကဲ့သို့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ကဲ့သို့ ကမ္ဘာ့လူသားအကျိုးပြု ခေါင်းဆောင်များကိုပါ မွေးထုတ်ပေးနိုင်ခဲ့သည့် ဘူမိနက်သန်အောင်မြေလည်း ဖြစ်ပါကြောင်း။

**အာရှအဆင့်တွင် ထိပ်တန်းကရပ်တည်**

စစ်ကြိုခေတ်နှင့် လွတ်လပ်ရေးရပြီးစကာလများတွင် ရန်ကုန်တက္ကသိုလ်သည် ပညာရည်အားဖြင့် အရှေ့တောင်အာရှတွင် အကောင်းဆုံးဖြစ်ခဲ့ပြီး တက္ကသိုလ်၏ ဥပဓိရုပ်သည်လည်း အရှေ့တောင်အာရှတွင် သာယာလှပဆုံးဖြစ်ခဲ့ပါကြောင်း၊ အာရှအဆင့်တွင် ထိပ်တန်းက ရပ်တည်နိုင်ခဲ့သဖြင့် ရန်ကုန်တက္ကသိုလ်တွင် အခြားအာရှနိုင်ငံများမှ ကျောင်းသား ကျောင်းသူများ လာရောက်ပညာဆည်းပူးခဲ့ကြပါကြောင်း၊ ရန်ကုန်

**❛ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေးဦးစားပေးအစီအစဉ်ဆိုပြီး သတ်မှတ်ထားတာကတော့ သင်ကြားသင်ယူမှုနဲ့ သုတေသနဖွံ့ဖြိုးတိုးတက်မှုဖြစ်ပါတယ်။ သင်ကြားသင်ယူမှုဆိုတာကတော့ အားလုံးသိတဲ့အတိုင်းပဲ ကျွန်မတို့နိုင်ငံမှာ ပညာရေးစနစ် ပိုပြီးတော့ ကောင်းမွန်အောင် သင်ကြားတဲ့နည်းကို ပြန်စပြီး ပြုပြင်ရပါမယ်။ ပြောရမယ်ဆိုရင် ပို့ချတဲ့ ဆရာ ဆရာမတွေရဲ့ အရည်အချင်းမြင့်မှ အရည်အချင်းမြင့်တဲ့ ပို့ချမှုတွေကို ကျောင်းသူ ကျောင်းသားတွေ ရရှိမှာဖြစ် . . .**

တက္ကသိုလ်၏ ရာပြည့်အခါသမယတွင် ယခုကဲ့သို့သော အခြေအနေကောင်းများကို ပြန်လည်ရရှိနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာတွင် အမျိုးသားပညာရေးဥပဒေကို အတည်ပြုနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ အမျိုးသားပညာရေးဥပဒေအရ မြန်မာ့ပညာရေးစနစ်သည် နိုင်ငံတော်ကဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနှင့် လိုက်လျောညီထွေဖြစ်အောင် ဖော်ဆောင်နိုင်မည်ဖြစ်ပြီး အရည်အသွေးအာမခံမှုကိုလည်း ပိုမိုခိုင်မာလာစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ သက်တမ်းအရင့်ဆုံးဖြစ်သည့် ရန်ကုန်တက္ကသိုလ်အနေဖြင့် မြန်မာ့ပညာရေး အကောင်အထည်ဖော်မှု လုပ်ငန်းများတွင် ရှေ့တန်းက ဦးစီးဦးဆောင်ပြုသွားရမည်ဖြစ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ်ကြီးကို နိုင်ငံတကာအဆင့်မီတက္ကသိုလ်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေးနှင့် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် တက္ကသိုလ်ဖြစ်စေရေးတို့ကို သဟဇာတဖြစ်အောင် ပေါင်းစပ်အကောင်အထည်ဖော် သွားရမည်ဖြစ်ပါကြောင်း။

**မဟာစီမံကိန်း ချမှတ်ထား**

ရန်ကုန်တက္ကသိုလ်ကို နိုင်ငံတကာအဆင့်မီတက္ကသိုလ်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေးအတွက် မဟာစီမံကိန်း(Master Plan) ကို ချမှတ်ထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါ မဟာစီမံကိန်းကြီး အကောင်အထည်ဖော်ရေးအတွက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ဦးစီးကော်မတီ (Steering Committee)နှင့် ပညာအရည်အသွေးမြှင့်တင်ရေးကော်မတီ (Software Committee)၊ ရုပ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းရေးကော်မတီ (Hardware Committee) နှင့် ရန်ကုန်တက္ကသိုလ်ပဋိညာဉ် ရေးဆွဲရေးကော်မတီ (University Charter Committee) များ ထပ်မံဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည့်အတွက် များစွာ ဝမ်းမြောက်မိပါကြောင်း။

ရန်ကုန်တက္ကသိုလ်သည် မြန်မာ့ပညာရေး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး မြန်မာ့ပညာရေးကြိုးပမ်းမှုသမိုင်းကြောင်းနှင့်အတူ ရှင်သန်လာခဲ့ခြင်း ဖြစ်ပါကြောင်း၊ မြန်မာ့ပညာရေး တိုးတက်ဖြစ်ထွန်းလာမှုကို ပြောမည်ဆိုလျှင် ရန်ကုန်တက္ကသိုလ်ကို ချန်လှပ်ထား၍ မရပါကြောင်း၊ ထို့ပြင် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့် ရန်ကုန်တက္ကသိုလ်၏ သမိုင်းကိုလည်း ခွဲခြား၍ မရပါကြောင်း။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်၏ ကောင်းမြတ်သည့် သမိုင်းကြောင်း၊ ကြီးမားသည့်အစဉ်အလာကို ပြန်လည်ဖော်ထုတ်နိုင်ရေးအတွက် ရန်ကုန်တက္ကသိုလ်ကြီး၏ နှစ်(၁၀၀) ပြည့်မြောက်သည့် ရာပြည့်သဘင်ကြီးကို ခမ်းနားထည်ဝါစွာ စီစဉ်ကျင်းပသွားမည်ဖြစ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်၊ ရာပြည့်သဘင်အခမ်းအနား ကျင်းပနိုင်ရေးအတွက် အကြိုလှုပ်ရှားမှုများအနေဖြင့် ၂၀၁၆၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များတွင် "ရန်ကုန် တက္ကသိုလ် ရာပြည့်အကြိုအထိမ်းအမှတ် သိပ္ပံပွဲခင်းပြပွဲပြိုင်ပွဲအခမ်းအနား" များကို ကျင်းပခဲ့သည့်အပြင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၏ စိန်ရတုပွဲနှင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက် တွင် "လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (ရန်ကုန်)" တို့ကို ကျင်းပနိုင်ခဲ့ခြင်းသည် ရန်ကုန်တက္ကသိုလ် ရာပြည့် အခမ်းအနား ဂုဏ်ကျက်သရေတင့်စွာ၊ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် များစွာ အထောက်အကူပြုစေပါကြောင်း၊ ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်၊ ရာပြည့်သဘင် အခမ်းအနားနှင့် ရာပြည့်အကြိုအခမ်းအနားများ ကျင်းပရာတွင် လုံခြုံရေးကို စနစ်တကျစီမံ၍ အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ်ရာပြည့်ပွဲတော်ကြီးသည် ရန်ကုန်တက္ကသိုလ်တာဝန်ရှိသူများနှင့်သာ သက်ဆိုင်သည့်ပွဲ မဟုတ်ပါကြောင်း၊ မြန်မာတစ်မျိုးသားလုံး၊ မြန်မာ့ပညာရေးလောကတစ်ခုလုံးနှင့် သက်ဆိုင်သည့် အထိမ်းအမှတ်အခမ်းအနားတစ်ခုလည်း ဖြစ်ပါကြောင်း၊ ရာပြည့်သဘင်ပွဲတော်ကြီး ခမ်းခမ်းနားနား၊ ထည်ထည်ဝါဝါ ဆင်ယင်ကျင်းပနိုင်ရေးအတွက် ရန်ကုန်တက္ကသိုလ်ကျောင်းသား ကျောင်းသူဟောင်းကြီးများ၊ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် မိဘပြည်သူများ အားလုံးအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တက်ညီလက်ညီ၊ အင်နှင့်အားနှင့် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဦးစီးကော်မတီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့်၊ ရာပြည့်သဘင်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပညာရေးမြှင့်တင်ရေး ( Software) ကဏ္ဍနှင့် အခြေခံအဆောက်အဦနှင့် ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ရေး (Hardware) ကဏ္ဍဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရှင်းလင်းဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့်၊ ရာပြည့်သဘင်အခမ်းအနားများအား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ အချိန်တစ်လကျော်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အကြိုလှုပ်ရှားမှုများအဖြစ် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံဆွေးနွေးပွဲများ၊ ဘာသာရပ်အသီးသီးမှ အငြိမ်းစားယူခဲ့ကြသည့် ဆရာ ဆရာမကြီးများ အာစရိယပူဇော်ပွဲများ၊ ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ မိတ်ဆုံညစာစားပွဲနှင့် ဂီတဖျော်ဖြေပွဲများ၊ ရန်ကုန်တက္ကသိုလ်နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ထုတ်ဝေသည့် သုတေသနစာတမ်းများ၊ စာစောင်၊ စာအုပ်များ၊ ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်းများ၊ သမိုင်းဝင်စာအုပ်စာတမ်းပြပွဲများ၊ ရန်ကုန်တက္ကသိုလ်သမိုင်းပြုစုထုတ်ဝေခြင်း၊ အထိမ်းအမှတ် စာစောင်များထုတ်ဝေခြင်း၊ လက်ကမ်းစာစောင်များထုတ်ဝေခြင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဆိုင်ရာ ပညာပေးစာတမ်းများ ရေးသားပြုစုခြင်း၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများဆိုင်ရာ ပညာပေးစာတမ်းများ ပြုစုထုတ်ဝေခြင်း၊ ပြင်ပပညာရှင်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူဟောင်းများ၏ ဟောပြောပွဲများ၊ အဆောင်အလိုက် ဟောပြောပွဲများ၊ အဆောင်ကျောင်းသားကျောင်းသူဟောင်းများ၏ တွေ့ဆုံဆွေးနွေးပွဲများ၊ ကျောင်းသား ကျောင်းသူများ တီထွင်ထားသည့် သိပ္ပံပစ္စည်းများ၊ အိုင်တီပစ္စည်းများနှင့် ပရောဂျက်များအားပြသခြင်း၊ ပြည်တွင်းပြည်ပ ပညာရှင်များ၏ အိုင်တီနည်းပညာဆိုင်ရာ အသိပညာပေးဟောပြောပွဲများ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ၊ ခေတ်အလိုက် ဝတ်စားဆင်ယင်မှုပြိုင်ပွဲများ၊ တက္ကသိုလ်နှင့်သက်ဆိုင်သော ရှေးဟောင်းရုပ်ရှင်များပြသခြင်း၊ ပျော်ပွဲရွှင်ပွဲ ဈေးရောင်းပွဲများ၊ ပဒေသာကပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေး၊ ဒေသတွင်းငြိမ်းချမ်းရေး၊ ကမ္ဘာငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် အာရှဗုဒ္ဓဘာသာအသင်းချုပ်ရုံး ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)က ကြီးမှူး၍ နိုင်ငံပေါင်း ၁၂ နိုင်ငံပါဝင်သော အာရှဗုဒ္ဓဘာသာအသင်းချုပ်ရုံး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဇမ္ဗူသီရိဗိမာန်၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ရာဇဝိဒယလျ တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အမှူးပြုသော သင်ကြားစီမံဆရာတော်များ၊ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကုမာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ၊ ဒုတိယကျိုက်ထီးဆောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ နာဂဒီပ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို) ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေနှင့် ကော်မတီဝင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ သီရိလင်္ကာ၊ အိန္ဒိယ၊ စင်ကာပူ၊ ဗီယက်နမ်၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ ကိုရီးယား၊ အင်ဒိုနီးရှားစသည့် နိုင်ငံများမှ ဗုဒ္ဓဘာသာကိုယ်စားလှယ်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

**ဆွေးနွေး**

ရှေးဦးစွာ အာရှဗုဒ္ဓဘာသာအသင်းချုပ် နာယက ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ရာဇဝိဒယလျ တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်၊ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော်၊ ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ရာဇဝိဒယလျ တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဆရာတော်နှင့် ကိုရီးယားသမ္မတနိုင်ငံမှ ကိုယ်စားလှယ် ဆရာတော်တို့က အမှာစကားများ မိန့်ကြားတော်မူကြသည်။

ထို့နောက် အသင်းချုပ်(ဗဟို) ဥက္ကဋ္ဌက INGO အဖွဲ့ဖြစ်သော အာရှဗုဒ္ဓဘာသာ အသင်းချုပ် (ABC) နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အာရှဗုဒ္ဓဘာသာ အဖွဲ့ချုပ် ပါမောက္ခချုပ် အဖွဲ့ဝင် ၁၂ နိုင်ငံမှ ကိုယ်စားလှယ်တော်များက ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက INGO အဖွဲ့ဖြစ်သော အာရှဗုဒ္ဓဘာသာအသင်းချုပ် (ABC)ရုံးကို စတင်ဖွင့်လှစ်ခြင်းသည် နိုင်ငံတကာတွင် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် ပထမဦးစွာလှမ်းသော မင်္ဂလာရှိသည့် ခြေလှမ်းတစ်လှမ်းဖြစ်ပါကြောင်း၊ မတူကွဲပြားခြင်းအတွင်း ပေါင်းစည်းညီညွတ်ခြင်း၊ Unity in Diversity သဘောတရားကို ဘာသာယုံကြည်မှု မတူသူများအတွင်း၌ပင် လူမှုအဆောက်အအုံ ငြိမ်းချမ်းတိုးတက်ဖွံ့ဖြိုးရေးအတွက် လိုက်နာကျင့်သုံးနေသည့်ကာလ၌ ဘာသာတူအချင်းချင်း စုစည်းခြင်းသည် လွန်စွာမင်္ဂလာရှိပါကြောင်း၊ NGO အဖွဲ့များဖြစ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟ (ဗဟို)နှင့် ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန် ရာဇဝိဒယလျ တက္ကသိုလ်တို့ ပူးပေါင်းပြီး အာရှနိုင်ငံများရှိ ဗုဒ္ဓဘာသာဝင်များ အချင်းချင်း လက်တွဲပူးပေါင်းလျက် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးမှတစ်ဆင့် လူမှုအဆောက်အအုံ ငြိမ်းချမ်းရေး၊ ဒေသတွင်းငြိမ်းချမ်းရေး၊ ကမ္ဘာငြိမ်းချမ်းရေးတို့ကို ဖော်ဆောင်နိုင်ရန်အတွက် အသင်းဖွဲ့စည်းရန် အစည်းအဝေး အကြိမ်ပေါင်းများစွာ ညှိနှိုင်းတိုင်ပင်ပြီးမှ အာရှဗုဒ္ဓဘာသာ အသင်းချုပ် (ABC)ကို INGO အဖွဲ့အဖြစ် ထူထောင်နိုင်ခြင်းသည် လောကကောင်းကျိုးကို အတူတကွ ကြိုးပမ်းအားထုတ်ကြရန် သန္နိဋ္ဌာန် စတင်သောနေ့ ဖြစ်ပါကြောင်း ဝမ်းမြောက်စကား ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်တော်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၂၇ / ၂၀၁၉**

၁၃၈၁ ခုနှစ် ၊ ဝါဆိုလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များတွင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးမင်းကိုခိုင် — ကရင်ပြည်နယ်အစိုးရအဖွဲ့

(၂) ဦးထွန်းထွန်းဦး — ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

**(ပုံ) ဝင်းမြင့်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးဝါးတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာရီရီတင်ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ကလေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် စစ်တွေမြို့သို့ ရောက်ရှိ

**စစ်တွေ ဇူလိုင် ၁၀**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Mrs. Christine Schraner Burgener ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။



အထူးကိုယ်စားလှယ်နှင့်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ဦးအောင်ကျော်ဇံနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် စစ်တွေမြို့ လမ်းမတော်တောင်ရပ်ကွက်ရှိ ရခိုင်အမျိုးသားပါတီဗဟိုဌာနချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထို့နောက် အထူးကိုယ်စားလှယ်နှင့်အဖွဲ့သည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံတို့နှင့်အတူ နယ်မြေလုံခြုံရေးအခြေအနေကြောင့် နေရပ်စွန့်ခွာသူများ ခေတ္တနေထိုင်ရာ စစ်တွေမြို့ မင်းဂံရပ်ကွက်အကွက်(၁၃)ရှိ ဝိဘဇ္ဇဝါဒီ (ပရဟိတ) ကျောင်းတိုက်သို့ သွားရောက်၍ လတ်တလောနေထိုင်စားသောက်မှုအခြေအနေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရမှ ထောက်ပံ့နေမှု၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ ထောက်ပံ့ကူညီပေးနေမှု၊ ကျောင်းသား ကျောင်းသူများ ပညာဆက်လက်သင်ကြားနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို တွေ့ဆုံမေးမြန်းခဲ့သည်။

**သတင်း-အောင်ရဲသွင်၊ ဓာတ်ပုံ-တင်ထွန်း (မြန်/ဆက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

**နေပြည်တော် ဇူလိုင် ၁၀** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ဝေဒနာရှင်များ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာဖို့ ဝိုင်းဝန်းဖေးမကူညီစို့

အိသူ

ဇွန်လရဲ့နောက်ဆုံးရက် မိုးရေတွေထဲမှာ စိတ်ကျန်းမာရေးဆေးရုံကြီးကိုရောက်ခဲ့တယ်။ ၁၉၂၆ ခုနှစ်က စဖွင့်ခဲ့ပြီး ကိုယ်တွေ ငယ်ငယ်ကတော့ ၈ မိုင်မှာ တံတားကလေးတို့၊ စိတ္တဇဆေးရုံတို့စသဖြင့် နာမည်ကြီးခဲ့တာ။ အခုတော့ ၂၀၀၀ ပြည့်နှစ်က လူနာတွေကို စတင်ရွှေ့ပြောင်းပြီး ဒဂုံအရှေ့ပိုင်းမြို့နယ်မှာ ခုတင် ၁၂၀၀ ဆံ့ စိတ်ကျန်းမာရေးဆေးရုံကြီး (ရွာသာကြီး)ဆိုပြီး ရှိနေပါပြီ။

ပုညဂဝေသီ စုပေါင်းအလှူရှင်များ၊ ဈာနသုခစုပေါင်းအလှူရှင်များနဲ့ ခုနစ်ရက်သားသမီး စေတနာရှင်များ စုပေါင်းပြီး ပုဆိုး၊ ဘောင်းဘီ၊ အင်္ကျီ၊ ဆပ်ပြာ၊ လစဉ်သုံးပစ္စည်းများ၊ မုန့်၊ သကြားလုံး စသဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ကိုးသိန်း သုံးသောင်း နှစ်ထောင်ကို သွားရောက်လှူဒါန်းတာ ဖြစ်ပါတယ်။

ကိုယ့်အနေနဲ့ ဒဂုံအရှေ့ပိုင်းမှာရှိတဲ့ စိတ်ကျန်းမာရေးဆေးရုံကြီးကို ဒါပါနဲ့ဆိုမှ ဒုတိယအကြိမ်သာ သွားရောက်ဖူးခြင်းပါ။ ပထမအကြိမ်ကတော့ သူငယ်ချင်းမွေးသီတာသိန်းက သူ့မွေးနေ့အတွက် နေ့လယ်စာ လှူဒါန်းတယ်ဆိုလို့ အတူလိုက်ပါသွားတာပါ။ အခုတစ်ခေါက်လည်း သူငယ်ချင်းအေးအေးအောင်က ကားစီစဉ်ပေးလို့ကိုယ်ထိလက်ရောက်သွားရောက်လှူဒါန်းဖြစ်ခဲ့လို့ ကြည်နူးမိပါတယ်။

မွန်းလွဲ ၂နာရီမှ လှူဖို့ချိန်းထားပေမယ့် ကြိုရောက်နေကြပြီး စိတ်လှုပ်ရှားနေကြပါတယ်။ လူနာတွေက ၁၂ နာရီကနေ ၂နာရီကို နားချိန်၊ အိပ်ချိန်ပေးထားလို့ ၂ နာရီနောက်ပိုင်းမှ လှူဒါန်းဖြစ်ကြတာပါ။ မာမာသန်းခင်က တစ်ခေါက်မှ မရောက်ဖူးလို့ “အိသူ သူတို့က ဘယ်လိုလဲဟင်၊ တစ်ခုခုဆို အိသူနားကပ်နေရမယ်၊ ကြောက်ဖို့ကောင်းလားဟင်၊ သနားစရာလေးတွေနော်”နဲ့စိတ်လှုပ်ရှားနေပါတယ်။ ကားသုံးစီးနဲ့သွားကြပြီး လူစုံ၊ ပစ္စည်းစုံတော့ ရုံးခန်းရှေ့မှာ အမှတ်တရဓာတ်ပုံရိုက်ကြပါတယ်။ ရုံးခန်းဘေးမှာတော့ ပြင်ပလူနာဌာနရှိပြီး လူနာအသစ်တွေလည်း လာပို့နေတာတွေ့ရပါတယ်။အဲဒီမှာ “အများသိစေရန်” ဆိုပြီး ဆိုင်းဘုတ်ကြီး ချိတ်ထားတယ်။

၁။ (က) စိတ်ကျန်းမာရေးဆိုင်ရာ ရောဂါတွေကိုသာ ကုသတဲ့ဆေးရုံဖြစ်တယ်။
(ခ) စိတ်ရောဂါ၊ အရက်၊မူးယစ်ဆေးစွဲရောဂါကို ကုသနိုင်ဖို့ လူနာရဲ့ကိုယ်ခန္ဓာကျန်းမာရေး အသင့်အတင့်တော့ ကောင်းရပါမယ်။
(ဂ) ကိုယ်ခန္ဓာကျန်းမာရေး ဆိုးရွားရင်တော့ အထွေထွေရောဂါကုဆေးရုံကြီးမှာ ပထမဦးစွာကုသဖို့ လိုပါတယ်။

၂။ လူနာလာပြတဲ့အခါ လူနာရဲ့မိသားစု (သို့) ဆွေမျိုး (သို့) အုပ်ထိန်းသူပါရမယ်။

၃။ အတွင်းလူနာတွေ တခြားရောဂါဖြစ်ရင် အထွေထွေကုဆေးရုံကြီးကိုလွှဲပြောင်းပေးမှာဖြစ်ပြီး လူနာရှင်များက အတူလိုက်ပါဖို့၊ အဲဒီဆေးရုံတွေမှာ ကုသဖို့အတွက် တာဝန်ယူရပါမယ်။

၄။ လူနာရှင်ရဲ့လိပ်စာ အတိအကျ လိုအပ်ပါတယ်။

၅။ အတွင်းလူနာအဖြစ် လိုအပ်တဲ့စာရွက်စာတမ်းတွေကတော့
(က) လူနာရှင်ရဲ့သန်းခေါင်စာရင်း မူရင်း (သို့) မိတ္တူ။
(ခ) သက်ဆိုင်ရာ ရ.ယ.က မှ လူနာ၏ လက်ရှိနေရပ်လိပ်စာ မှန်ကန်ကြောင်းနဲ့ လိုက်ပါပို့ဆောင်သူ၏ လူနာနှင့် ဆွေမျိုးတော်စပ်ပုံ ထောက်ခံချက်။
(ဂ) ရပ်ဝေးမှ လာရောက်သူများအတွက် တည်းခိုအိမ်၏ ဧည့်စာရင်း။

၆။ ရဲတပ်ဖွဲ့မှ လာရောက် ပို့ဆောင်သူဖြစ်ပါက
(က) သက်ဆိုင်ရာ ရဲစခန်းမှ ရုံးစာ။
(ခ) လာရောက်ပို့ဆောင်သော ရဲတပ်ဖွဲ့ဝင်၏ အမည်နှင့် ကိုယ်ပိုင်အမှတ်။
(ဂ) လူနာ၏ နေရပ်လိပ်စာနှင့် လိုက်ပါလာသူ၏ အမည်နှင့် နေရပ်လိပ်စာ။
(ဃ) လူနာပိုင်ရှင် (သို့) အုပ်ထိန်းသူ (သို့) ဆွေမျိုးတော်စပ်သူတစ်ဦးဦး တစ်ပါတည်း ခေါ်ဆောင်လာရန်။

၇။ ရ.ယ.က မှ လာရောက်ပို့ဆောင်မည်ဆိုပါက
(က) သက်ဆိုင်ရာ ရ.ယ.က ၏ ရုံးစာ။
(ခ) လူနာ၏ ဆွေမျိုး (သို့) အုပ်ထိန်းသူ လိုက်ပါလာရန်။

၈။ ဝန်ထမ်းတစ်ဦးအား ဌာနဆိုင်ရာမှ ဆေးစစ်ရန် (သို့) ဆေးကုသရန် စေလွှတ်ပါက သက်ဆိုင်ရာဌာန၏ ရုံးစာ။

စိတ်ကျန်းမာရေးဆေးရုံကြီးမှာ အကြမ်းဖျင်း လူနာ ၁၅၀၀ ရှိပြီး လူနာအမျိုးအစားကတော့ စိတ်ကစဉ့်ကလျားရောဂါသည်၊ စိတ်အတက်အကျများတဲ့ရောဂါသည်၊ အရက်/မူးယစ်ဆေးစွဲရောဂါသည်နဲ့ WY ဆေးပြားသမားတွေ ဖြစ်ပါတယ်။ လူနာ ၁၅၀၀ မှာ အမျိုးသား ၉၀၀ ကျော်နဲ့ အမျိုးသမီး ၅၀၀ ကျော်တို့ ဖြစ်ကြပါတယ်။ ဘာလို့ အမျိုးသားလူနာများသလဲဆိုရင် အရက်/ မူးယစ်လာဖြစ်



တဲ့လူနာ ပိုများလို့ပါတဲ့။ လူနာတွေအတွက် ဆေးကလုံလောက်တယ်လို့ဆိုနိုင်အောင် အစိုးရနဲ့ NGO အဖွဲ့အစည်းတွေက လာရောက်လှူဒါန်းကြတာ များပါတယ်တဲ့။

ဒီဆေးရုံမှာက တာဝန်ကျ ဆရာဝန်၊ ဆရာမတွေက လူနာကို ဆေးတကယ်သောက်၊ မသောက်၊ မျိုချ၊ မချ စစ်တော့ များသောအားဖြင့် လူနာတွေက သက်သာကြတယ်လို့ ဆိုပါတယ်။ ပြီးတော့ တစ်နေ့ကိုလည်း ထမင်းသုံးနပ်ကျွေးတဲ့အတွက် အစားအသောက်လည်း မှန်ပြီးကျန်းမာလာကြပါတယ်တဲ့။ ဒါကြောင့် တချို့လူနာတွေ ပျောက်ကင်းပြီး အိမ်ပြန်ကြတာမျိုးရှိပေမယ့် တချို့

> **စိတ်ကျန်းမာရေးဆေးရုံကြီးမှာ အကြမ်းဖျင်း လူနာ ၁၅၀၀ ရှိပြီး လူနာအမျိုးအစားကတော့ စိတ်ကစဉ့်ကလျားရောဂါ သည်၊ စိတ်အတက်အကျများတဲ့ ရောဂါသည်၊ အရက်/မူးယစ် ဆေးစွဲရောဂါသည်နဲ့ WY ဆေးပြားသမားတွေ ဖြစ်ပါတယ်။ လူနာ ၁၅၀၀ မှာ အမျိုးသား ၉၀၀ ကျော်နဲ့ အမျိုးသမီး ၅၀၀ ကျော်တို့ ဖြစ်ကြ ...**

ကျတော့လည်း သက်သာလို့ အိမ်ပြန်လိုက်၊ ပြန်ဖြစ်လို့ ပြန်ရောက်လာလိုက်နဲ့ သုံးကြိမ်လောက်အထိ သွားလိုက်လာလိုက်နဲ့ နောက်ပိုင်းကျတော့ အိမ်ကလာမခေါ်တော့တာတွေ များလာတယ်တဲ့။ ဒါကြောင့် တချို့အဆောင်ကယောက်ျားလူနာ ၁၆၀ ကျော်မှာ မိသားစုက လာပြီးဆက်သွယ်တာ ၁၀ ယောက်လောက်ပဲရှိတယ်လို့ ဆိုပါတယ်။ များသောအားဖြင့် ဒီရောက်လာတဲ့သူတွေ အတော်များများ နှစ်အတော်ကြာရှိနေတဲ့သူတွေ များပါတယ်။ ဆေးရုံတစ်ခုလုံးအနေနဲ့ဆိုရင် ပိုင်ရှင်မဲ့လို့ခေါ်ရမယ့် မိသားစုက ပစ်ပယ်ထားတဲ့ လူနာတွေဟာ ၆၀၀ ကျော်လောက်တောင် ရှိနေပြီလို့ ဆိုပါတယ်။

ယုံတမ်းစကားတစ်ခုဆိုရင် အင်းလျားလမ်းက အပျိုကြီးတစ်ယောက်လည်း ရှိနေပါသတဲ့။ ရောဂါဖြစ်လာလို့ သူ့မိသားစုကလာပို့ပြီး သူပိုင်တဲ့အိမ်ကို သူ့မိသားစုတွေကပဲ ရောင်းလိုက်တာတဲ့။ လာလည်းမခေါ်၊ ဘယ်ဆက်သွယ်ရမှန်းလည်းမသိ၊ နောက်တော့ အဲဒီအထဲမှာပဲ နေလာတာ နှစ်ပေါင်းအတော်ကြာပြီပြောတယ်။ သနားပါတယ်။ ခက်တာက ဆေးရုံကဆင်းသွားတဲ့ လူနာတချို့ဟာ တချို့ဝေးလံတဲ့နေရာကဆိုရင် သူတို့နေရပ်မှာ ကျွမ်းကျင်ဆရာဝန်ရှားပါးတာ၊ ဆေးရုံပြန်ပြဖို့လည်း ပြန်ပြစရာနေရာမရှိတာ၊ သွားလာဖို့ အခက်အခဲရှိတာ စတာတွေကြောင့် ဆေးနဲ့အလှမ်းဝေးနေရာက ပြန်ဖြစ်တာများလာတယ်လို့ ဆိုတယ်။

နောက်တစ်ခါ ဆေးရုံဘက်ကလည်း လူနာနဲ့ ဆရာဝန်၊ ဆရာမဝန်ထမ်းက အချိုးမကျပါဘူး။ လူနာတွေများပြားတဲ့အတွက် တစ်ယောက်ချင်းစီကို အချိန်ယူကုသပေးဖို့ အခက်အခဲရှိနေပါတယ်။ ဆေးရုံမှာရှိတဲ့ဝန်ထမ်းကလည်း နည်းပါးတဲ့အတွက် ခုနက ပိုင်ရှင်မဲ့လူနာတွေထဲကလည်း လူနာအချင်းချင်း ဖေးမကူညီပေးကြတယ်လို့ ဆိုပါတယ်။ လောလောဆယ်မှာတော့ ဆေးဝါးကုထုံး၊ စိတ်ကုထုံး၊ လူမှုရေးကုထုံးတွေနဲ့ ကုသပေးနေတယ်လို့ သိရပါတယ်။ ဒါပေမယ့် ကိုယ်တွေရောက်ခဲ့တဲ့ အဆောင်တွေကတော့ အပြင်ပန်းအနေနဲ့ သန့်ရှင်းမှုအားကောင်းတာ တွေ့ရပါတယ်။

အစားအသောက်နဲ့ပတ်သက်ပြီး အလှူရှင်များကိုလည်း ဖိတ်ခေါ်ထားပါတယ်။ ပျမ်းမျှ လူနာ ၁၅၀၀ အတွက် တစ်နေ့တာ အာဟာရလှူဒါန်းမှုများကို ၁.၁.၂၀၁၆ ရက်က စပြီး ကျသင့်ငွေ သတ်မှတ်ထားပါတယ်။

နံနက်စာအတွက် ပဲပြုတ်-ထမင်းဆီဆမ်း၊ ပဲပြုတ်-ထမင်းကြော်၊ ခေါက်ဆွဲကြော် ငွေကျပ် နှစ်သိန်း။ ကြက်သားဆန်ပြုတ်၊ နို့ဆန်ပြုတ်၊ သာကူ ငွေကျပ် ၁၅၀၀၀၀။ ကြက်ထမင်းကြော်၊ ကြာဆံကြော် ငွေကျပ် သုံးသိန်း။ မုန့်ဟင်းခါး ငွေကျပ် လေးသိန်း။ လက်ဖက်ရည်-ပေါင်မုန့် ငွေကျပ် ၂၄၀၀၀၀။

နေ့လယ်စာအတွက် ကြက်ဥကြော် ငွေကျပ် သုံးသိန်း။ ဘဲဥ ငွေကျပ် ၃၅၀၀၀၀။ ငါးခြောက် ငွေကျပ် ၄၅၀၀၀၀၊ ကြက်သား ငွေကျပ် သုံးသိန်း။ ဝက်သား ငွေကျပ် ခုနစ်သိန်း။ ငါးပေါင်း ငွေကျပ် ၇၁၀၀၀၀။ အမဲသား ငွေကျပ် ရှစ်သိန်း။ ဆိတ်-ပဲ ငွေကျပ် ၉၅၀၀၀၀။ ဆန်တစ်အိတ် ငွေကျပ် ၂၅၀၀၀မှ ငွေကျပ် ၃၅၀၀၀။ အရန်ဟင်း အနေနဲ့ ငါးပိရည်-တို့စရာ ငွေကျပ် ၁၇၀၀၀၀။ ဗာလချောင်ကြော် ငွေကျပ်နှစ်သိန်း။ ငါးခြောက်ကျော် ငွေကျပ် ၂၅၀၀၀၀။ အသီးအနှံအနေနဲ့ ငှက်ပျောသီး (ဖီးကြမ်း)ငွေကျပ် ၁၅၀၀၀၀။

နေ့စဉ် နံနက် ၉နာရီခွဲမှ ညနေ ၄နာရီခွဲ အတွင်း ၀၉-၇၃၁၄၁၇၄၀၊ ၀၁-၂၃၀၆၄၀၀ သို့ ဆက်သွယ်လှူဒါန်းနိုင်တယ်လို့ ကြေညာထားတာတွေ့ရပါတယ်။

ကိုယ်တွေအဖွဲ့က ပုဆိုးအသစ်များပါရှိတော့ လူနာတစ်ယောက်ချင်းကို လှူဒါန်းဖြစ်ပါတယ်။ ပုဆိုးနဲ့အတူ မုန့်ထုပ်နဲ့သကြားလုံးပါဝေတော့ နည်းနည်းလည်လည်ဝယ်ဝယ်သမားတွေက ပုဆိုးရတာနဲ့ချက်ချင်း သူတို့အင်္ကျီထဲ ထိုးထည့်လိုက်တယ်။ အဲဒီတော့ မုန့်နဲ့သကြားလုံးကို အေးအေးဆေးဆေးလှမ်းယူနိုင်တာပေါ့။ တချို့ကျတော့လည်း သူများထိုင်လို့လိုက်ထိုင်၊ ထထဆိုလို့ထ၊ ကိုယ်တွေ ပုဆိုးကမ်းပေးတာကို လက်နှစ်ဖက်နဲ့ယူ။ ငူငူငိုင်ငိုင်နဲ့ မုန့်ပေးနေတာလည်း မတွေ့ဘဲ ကျော်တက်သွားလို့ သူတို့ဝန်ထမ်းတွေက အတင်းလိုက်ဆွဲ၊ “မုန့်ယူဦး၊ သကြားလုံးပေးနေတယ်လေ”နဲ့ အော်ဟစ်ပြောနေရပါတယ်။ တချို့ ကျတော့လည်း “ပေးဦး”ဆိုပြီး လက်ကလေးထပ်ဖြန့်ပြီး တောင်းပါတယ်။ တစ်ယောက်ဆိုရင်လည်း မုန့်ထုပ်ပဲယူပြီး ချက်ချင်းပါးစပ်နဲ့ ကိုက်ဖောက်နေလို့ ဘေးကဝန်ထမ်းက “နောက်မှစား၊ နောက်မှစား”ဆိုပြီး သူ့လက်ထဲ ပုဆိုးနဲ့သကြားလုံး အတင်းထည့်ရပါတယ်။ ကိုယ်တွေတောင် မုန့်ပဲသရေစာကို မျိုးစုံအောင်ဝယ်စားဖြစ်နေတာ၊ သူတို့အတွက် မုန့်ဆိုတာ အတော်ရှားတဲ့စားစရာ ဖြစ်နေတာကိုး။

အဲဒီအထဲက တစ်ယောက်ကတော့ “သီချင်းဆိုပြမယ်” ဆိုပြီး နှစ်ပုဒ်လောက်ကို အော်ဟစ်ဆိုပြနေပါတယ်။ အဲဒီမှာ တန်းစီတဲ့ လူနာကုန်တော့မှာဆိုတော့“သွားတန်းစီဦး” ပြောတာကို “သီချင်းဆိုလို့ မပြီးသေးဘူး” တဲ့။ “နောက်မှ ဆိုတော့”၊ “နောက်မှ ဆိုပြနော်၊ အခုကဟိုဘက်အဆောင်သွားရမှာ” ဆိုတော့ မကျေမနပ်နဲ့ လာတန်းစီပြီး ယူသွားလေရဲ့။ အဲဒီအဆောင်ကတော့ ခုနကပြောတဲ့ မိသားစုကပစ်ထားတဲ့သူတွေများတဲ့ အဆောင်ပါပဲ။ သူတို့ကို ပစ်ထားတယ်ဆိုပြီး အမြဲ ထင်ယောင်နေတတ်ကြလို့ အလှူရှင်လာရင် သူတို့အဆောင်ကို ဦးစားပေးပြီး သွားလှူဖြစ်ကြတာများပါတယ်တဲ့။

အဆောင်တွေကို သွားနေရင်းနဲ့လမ်းမှာ ဆရာမက လူနာတွေကို ဓာတ်ပုံမရိုက်ဖို့ သတိပေးပါတယ်။ အဆောင်တွေမှာလည်း ဓာတ်ပုံမရိုက်ရ ဆိုင်းဘုတ်တွေ ကပ်ထားပါတယ်။ နောက် အမျိုးသမီးဆောင်ကို ရောက်တော့ တံခါးဝမှာ လူနာတွေကိုယ်တိုင်လုပ်ထားတယ်ဆိုတဲ့ handmade ခေါင်းစည်းကြိုးတွေ၊ သော့ချိတ်တွေကို ရောင်းချနေတာ တွေ့ရပါတယ်။ အထဲရောက်တော့ သနပ်ခါးအဖွေးသားတွေနဲ့ မမတွေ အစီအရီ တန်းစီထိုင်စောင့်နေကြပါတယ်။ သူတို့ထိုင်နေတဲ့ပုံစံက ဆောင့်ကြောင့်ထိုင်နေတဲ့ ပုံစံထိုင်ခေါ်မလားပဲ။ “ကဲ ကဲ သနပ်ခါးတွေ ကြိုက်ကြတယ်ဆိုလို့ သနပ်ခါးတွေပါတယ်။ ရုံးခန်းက ပေးလိမ့်မယ်နော်” ဆိုတော့ “ကျေးဇူးတင်ပါတယ်” တဲ့ အော်ကြတယ်။ သွားလှူမယ်ဆိုတော့ သနပ်ခါးသိပ်ကြိုက်ကြသတဲ့။ အရန်သင့် ရေနဲ့ဖျော်ရတဲ့ သနပ်ခါးခဲတွေက ပိုအဆင်ပြေပါသတဲ့။ ဘူးနဲ့ဆိုရင် ဘူးလုတာနဲ့၊ ဝှက်ထားကြတာနဲ့ ဖြစ်လို့ပါတဲ့။ နောက်ပြီးတော့ အိတ်တွေ၊ ပလတ်စတစ်တွေ၊ ဘူးတွေမပါတာ ပိုကောင်းပါတယ်။ နို့မှုံ့ဆိုရင် ဟိုပစ်ဒီပစ်နဲ့ အမှိုက်ပွ၊ ရေဆင်းလမ်းကြောင်းပိတ်ဖြစ်လို့ပါတဲ့။ နောက်လိုအပ်တာက ဆပ်ပြာခဲ။ အဲဒါကိုလည်း ရုံးခန်းကို အပ်ထားလိုက်ပြီး ရုံးခန်းကနေမှ တစ်ဆင့် သက်ဆိုင်ရာအဆောင်တွေကို ဝေပေးတာ ပိုအဆင်ပြေပါသတဲ့။

ဆေးရုံအနေနဲ့ လူနာတွေ စားသောက်ရေးနဲ့ ဆေးကုသရေးကို ပိုအားစိုက်ရတော့ ဒီလိုမျိုးအသုံးအဆောင်လေးတွေကို အလှူရှင်တွေကို လှူခိုင်းဖြစ်တာများ ပါတယ်တဲ့။

နောက် မာမာသန်းခင်နဲ့ ရွှေသွေးတို့က နှုတ်ခမ်းနီ၊ ပါးနီ၊ လက်သည်းနီတွေပါတော့ ဆရာမကသိပ်လက်မခံချင်ပေမယ့် ကိုယ်တွေအဖွဲ့ကလည်း “ဒီတစ်ခါတော့ ဒီလောက်ပဲ ပါလာလို့ပါ။ နောက်တစ်ခါ လူတိုင်းစေ့ရအောင် လာလှူဦးမယ်”လို့ ပြောရပါတယ်။ ဆရာမက “လူတိုင်းစေ့မပေးနိုင်ရင် မလှူတာကောင်းပါတယ်။ တော်ကြာ သူတို့အချင်းချင်း စိတ်ဝမ်းကွဲမှာစိုးလို့” လို့ ဆိုပါတယ်။

စာမျက်နှာ ၇ သို့

# ငြိမ်းချမ်းရေးဖြစ်စဉ်က အစိုးရရော၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေမှာရော အားလုံးမှာ တာဝန်ရှိတယ်

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ကိုယ်စားလှယ်အဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ကိုယ်စားလှယ်အဖွဲ့တို့သည် ဇူလိုင် ၉ ရက်က ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)တွင် အလွတ်သဘော တွေ့ဆုံခဲ့ကြသည်။ ထိုတွေ့ဆုံပွဲအပြီးတွင် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများက နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးအား မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အစိုးရ၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အစိုးရနှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ လတ်တလောဆောင်ရွက်လျက်ရှိသည့် အခြေအနေများအပေါ် မေးမြန်းခဲ့သည်များကို ထုတ်နုတ်ဖော်ပြအပ်ပါသည်။**

**တွေ့ဆုံမေးမြန်း- ရဲခေါင်ညွှန့်
ဓာတ်ပုံ- ဖိုးထောင်**

**မေး။ ။ ကရင်အမျိုးသားအစည်းအရုံး (KNU) နဲ့ အလွတ်သဘော တွေ့ဆုံဖြစ်တဲ့အကြောင်းနဲ့ KNU အနေနဲ့ တရားဝင်ဆွေးနွေးပွဲမှာ ပြန်ပါဖို့ အဆင်သင့်ဖြစ်ပြီလားဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ KNU အဖွဲ့ တရားဝင်အစည်းအဝေးတွေမှာပြန်ပါဖို့ကတော့ ပြီးခဲ့တဲ့လက လုပ်ခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးများ အစည်းအဝေးမှာ ဆွေးနွေးခဲ့တဲ့ အစည်းအဝေးကအကြောင်းအရာတွေကို KNU ဗဟိုအလုပ်အမှုဆောင်က မသိဘူး။ ဒါကို ကျွန်တော်တို့ ပြန်ရှင်းပြတယ်။ ပုံမှန်အစည်းအဝေးတွေ ပြန်သွားရမယ်။ အလွတ်သဘော အစည်းအဝေးတွေလည်း သွားရမယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်က အစိုးရရော၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေမှာရော အားလုံးမှာ တာဝန်ရှိတယ်။ အထူးသဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA)ဖြစ်စဉ်က အရေးကြီးတယ်။ ဒီလို ရပ်တန့်နေတာကို လမ်းကြောင်းမှန် ပြန်ရောက်အောင် ဘယ်လိုသွားမလဲဆိုတာကို အစိုးရက ကမ်းလှမ်းနေတာ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ စိုးရိမ်ချက်တွေ၊ ပြဿနာတွေကို အစိုးရကလက်ခံတယ်။ အသိအမှတ်ပြုတယ်။ ဒါတွေ ပြေလည်အောင် လုပ်ငန်းစဉ်တွေကို အပြိုင်ဆောင်ရွက်ရမယ်။ ဒါကြောင့် အစိုးရရဲ့လမ်းကြောင်း လေးကြောင်းနဲ့ သွားရမယ်ဆိုတဲ့ အရာတွေပြန်ရှင်းပြတာပါ။

**မေး။ ။ မြောက်ပိုင်း လေးဖွဲ့ဖြစ်တဲ့ KIO၊ MNTJP၊ PSLF၊ ULA တို့နဲ့ တွေ့ဆုံဖို့နဲ့ Bilateral ထိုးဖို့ အခြေအနေကရော ဘယ်လိုရှိပါသလဲ ခင်ဗျာ။**

ဖြေ။ ။ KIO အပေါင်းသုံးနဲ့ တွေ့ဆုံဖို့က ကျွန်တော်တို့က အစိုးရရဲ့ အဆိုပြုချက် Bilateral မူကြမ်းကို ပေးလိုက်ပြီးပြီ။ အဲဒါကို သူတို့ တစ်ဖွဲ့ချင်းမှာ ပြန်ဆွေးနွေးမယ်။ ဆွေးနွေးပြီး ဒီလ (ဇူလိုင်) ၁၄၊ ၁၅ လောက်မှာ အကြောင်းပြန်မယ်။ မပြီးသေးရင်တော့ ပြန်သုံးသပ်ကြမှာပေါ့။ သူတို့ရဲ့ Process ကိုတော့ ကျွန်တော်မသိဘူး။

ပြီးရင် ကျွန်တော်တို့ အမြန်ဆုံး ပြန်တွေ့ဖို့ပါ။ တပ်မတော်ကနေပြီးတော့ အပစ်ရပ်သက်တမ်း နှစ်လ ထပ်တိုးထားတယ်။ အဲဒီအတွင်းမှာ ပြန်တွေ့ဖို့ လိုတယ်။ ဒါမှလည်း ကျွန်တော်တို့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Bilateral Ceasefire Agreement) မြန်မြန်လုပ်နိုင်မှာ ဖြစ်တယ်။ အဲဒီအတွက်လည်းအမြန်ဆုံး အကြောင်းပြန်ဖို့ ပြောထားတယ်။

**မေး။ ။ အစိုးရရဲ့ အဆိုပြုချက်ကို အကြမ်းလောက် သိရနိုင်မလား။**

ဖြေ။ ။ အစိုးရဘက်ရဲ့ အဆိုပြုချက်ကို မြောက်ပိုင်း လေးဖွဲ့ကို ပေးပြီးပြီ။ ပြန်တွေ့ရင် ပြန်ဆွေးနွေးမှာ။ အဲဒီမှာ NCA လမ်းကြောင်းကို သွားမယ်ဆိုတဲ့ အဆိုပြုချက်ပါမှလည်း Bilateral Ceasefire Agreement ဖြစ်မယ်လို့ ပြောထားတယ်။ ပထမ စညှိတာက Bilateral ပါ။ ဇန်နဝါရီလ ၄ ရက်နေ့က ရခိုင်ပြည်နယ်မှာ AA ရဲ့ဖြစ်စဉ် ဖြစ်ပြီးနောက်မှာ ရခိုင်ပြည်နယ်မှာ ပဋိပက္ခတွေ တော်တော်လေးဖြစ်လာတယ်။ ဖြစ်လာတဲ့အပေါ်မှာ အစိုးရဘက်က (Deep Of Commitment-DOC) အဆိုပြုတယ်။ မူဆယ်မှာ ဧပြီလ ၃၀ ရက်နေ့က တွေ့တဲ့ပွဲမှာ ကျွန်တော်တို့ Bilateral တော့သွားမယ်။ ဒါပေမယ့် NCA ကို ထိုးပါမယ်ဆိုတဲ့ ကတိကဝတ်ပေးမှုဖြစ်မယ်လို့ ပြောပြီးသားပါ။ အစိုးရလိုလားချက် အဆိုပြုပြီးသားဖြစ်တယ်။ အဲဒီအပေါ်မှာ ပြန်တွေ့တဲ့အချိန်မှာ အသေးစိတ် ထပ်ဆွေးနွေးပေါ့။ အဲဒီအပေါ်မှာ နှစ်ဦးနှစ်ဖက် သဘောတူရင် Bilateral Ceasefire Agreement လက်မှတ်ထိုးလို့ရပြီ။ လုံခြုံရေးအရ စိုးရိမ်စိတ်ရှိတဲ့အပေါ်မှာတော့ ကျွန်တော်တို့က ဆွေးနွေးပွဲတွေ လာတဲ့အခါမှာ ဘာမှမဖြစ်ဖို့ တာဝန်ယူတယ်။ လုံခြုံရေးအရလည်း မှဲ့တစ်ပေါက်မစွန်းစေဖို့ တာဝန်ယူပါတယ်။



နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးဇော်ဌေး

**မေး။ ။ မြောက်ပိုင်း လေးဖွဲ့အပြင် အခြား NCA လက်မှတ်ရေးထိုးဖို့ ကျန်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ အစိုးရရဲ့တွေ့ဆုံမှု အခြေအနေကို သိချင်ပါတယ်။ NCA လက်မှတ်ရေးထိုးမယ့် အဖွဲ့တွေ တိုးလာနိုင်ပါသလား။**

ဖြေ။ ။ မိုင်းလား (NDAA) ကတော့ NCA ထိုးဖို့ အဆင်သင့်ရှိတယ်ဆိုတာ ငြိမ်းချမ်းရေး နှစ် ၃၀ ပြည့်မှာ ပြောထားပြီးသားပါ။ "ဝ" အဖွဲ့ (UWSA) နဲ့ကတော့ အဆိုပြုချက်တစ်ခုရှိပါတယ်။ လက်ခံရပြီးပြီ။ ရလာတဲ့အပေါ်မှာ ကျွန်တော်တို့ဘက်ကနေပြီးတော့ လူကြီးတွေကို တင်ပြနေတယ်။ အဲဒီအဆိုပြုချက်ကို လူကြီးတွေဆီက အတည်ပြုချက်ရရင် ကျွန်တော်တို့ "ဝ" ဘက်ကို ပြန်ပေးမယ်။ အဲဒါရရင် NCA လမ်းကြောင်းပေါ် ရောက်ပြီ။ မိုင်းလားကလည်း တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ ပါလာလိမ့်မယ်လို့ မျှော်မှန်းတယ်။ အခုလာမယ့် ဇူလိုင် ၁၇ ရက်နေ့မှာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ( KNPP) နဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွေ့မယ်။ ၁၈ ရက်နေ့မှာ KNPP နဲ့ တပ်မတော်တွေ့မယ်။ ဧပြီလမှာ KNPP နဲ့ တွေ့တုန်းက NCA ရေးထိုးဖို့ ရက်သတ်မှတ်ချက်အကြမ်းဖျင်း ထည့်ထားတာပါပါတယ်။ အခုတစ်ခါတွေ့ရင်တော့ NCA ကို ဘယ်လိုထိုးမလဲဆိုတာ အဓိကဆွေးနွေးမှာ ဖြစ်ပါတယ်။ KNPP ကတော့ အဖြစ်နိုင်ဆုံး အနီးစပ်ဆုံးရှိမယ်လို့ ယူဆတယ်။ ပြီးရင် "ဝ" တို့၊ မိုင်းလားတို့က အဆင်ပြေပြီ။ ညှိနှိုင်းလို့ရပြီဆိုရင် NCA လမ်းကြောင်းအတိုင်းသွားဖို့ ရှိပါလိမ့်မယ်။ KIO အပေါင်း သုံးကတော့ Bilateral အဆင်ပြေရင် NCA သွားဖို့ အလားအလာ ကြိုးပမ်းမှာပါ။ အပြုသဘောဆောင်တယ်လို့ ကျွန်တော်ကတော့ မြင်တယ်။

**မေး။ ။ တပ်မတော်ရဲ့ စစ်တိုင်း (၅) တိုင်းမှာ အပစ်ရပ်သက်တမ်း တိုးလိုက်တာက ဘယ်လိုအကျိုးတွေ ရလာသလဲ။**

ဖြေ။ ။ တပ်မတော်ရဲ့အပစ်ရပ် သတ်မှတ်ချက်နဲ့တင် ဒေသတွေ ငြိမ်းချမ်းတဲ့ အနေအထားရှိတယ်။ ကချင်ဆို လျော့နည်းသွားတယ်။ ပဋိပက္ခဖြစ်မယ့်၊ တိုက်ပွဲဖြစ်နိုင်တဲ့ အနေအထားရှိမယ်ဆိုရင်တောင် ညှိနှိုင်းပြီးတော့ ရှောင်ရှားတဲ့ အနေအထားရှိတယ်။ တပ်မတော်ဘက်က ညှိတယ်။ ကျွန်တော်တို့လည်း ကြားထဲက ညှိတယ်။ KIA ကလည်း လိုက်လျောပြီးတော့ ညှိတဲ့ သဘောလေးတွေရှိတော့ တိုက်ပွဲဖြစ်မယ့် အနေအထားကို ရှောင်လွှဲနိုင်တယ်။ အခု IDPs Camp (တိုက်ပွဲရှောင်စခန်း) တွေကနေ နေရပ်ပြန်ဖို့အတွက် ကချင်တိုက်ပွဲရှောင်များကူညီထောက်ပံ့ရေးကော်မတီ (KECC)နဲ့ မဂ္ဂနစ်ဇင် တစ်ခု ဆောက်ထားပြီ။ Pilot (ရှေ့ပြေး)အနေနဲ့ ဘယ် IDPs Camp ကိုတော့ မူလနေရာကို ပြန်သွားပါ၊ ပြန်ပြီးနေထိုင်ကြဖို့ဆိုတာ လုပ်နေပြီ။ ဒီအရာကလည်း KIA နဲ့ Bilateral ထိုးရာမှာ အထောက်အကူဖြစ်ဖို့၊ နောက် ယုံကြည်မှုတည်ဆောက်ဖို့ လုပ်နေတာဖြစ်တယ်။ KNPP နဲ့လည်း လစဉ် ပြည်နယ်အဆင့် တွေ့ဆုံဖို့ မှာထားပြီးပြီ။ အချို့ဆွေးနွေးပွဲတွေဆို NRPC ကသွားပြီးတော့ ပါဝင်ဆွေးနွေးတယ်။ အောက်ခြေမှာ မပြေလည်တာတွေ ပြေလည်အောင် ဆွေးနွေးညှိနှိုင်းတာတွေ လုပ်တယ်။ ဗဟိုအဆင့်သဘောတူညီချက်တွေ ထားသော်ငြားလည်း အောက်ခြေမှာ ပြေလည်မှု၊ ပြဿနာတွေမရှိမှ ယုံကြည်မှုရှိမှာပါ။ ဒီအတွက်လည်း အပြုသဘော မြင်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

**မေး။ ။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ စတုတ္ထ အစည်းအဝေးကို အခု ၂၀၁၉ ထဲမှာ စနိုင်မလားဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ၂၀၁၉ ထဲမှာ ဖြစ်ဖို့တော့ ရည်မှန်းချက်ထား ကြိုးပမ်းပါမယ်။ လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်က ဥပမာ-နိုင်ငံရေးပါတီများအစုအဖွဲ့ဆို အချို့ဒါကိုသိပ်မသိဘူး။ နိုင်ငံရေးပါတီများအစုအဖွဲ့ကို ရှင်းပြရတယ်။ UPDJC အစည်းအဝေးတွေ စတင်နိုင်ဖို့ ကျွန်တော်တို့ အဆိုပြုထားတယ်။ EAOs တွေဘက်က အကြောင်းပြန်မယ် ပြောထားတယ်။ ဒါဖြစ်ရင် UPDJC အစည်းအဝေးတွေ ပုံမှန်သွားနိုင်ပြီလို့ မျှော်လင့်ထားတယ်။ ၂၀၁၉ ထဲမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံလုပ်နိုင်ဖို့ မျှော်မှန်းထားတယ်။ ၂၀၂၀ ဆိုရင် ရွေးကောက်ပွဲတွေ လာမယ်။ အဲဒီအခါကျရင် နိုင်ငံရေးစည်းရုံးလှုပ်ရှားမှုတွေဟာ အရှိန်ပြင်းထန်လာမယ်။ ဒါဆို ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အာရုံစိုက်မှုနည်းသွားမယ်။ ဒါကြောင့် အဲဒီကာလမတိုင်ခင်မှာ လုပ်ဆောင်မှုနောက်တစ်ဆင့်အတွက် ဘယ်လိုဆက်သွားမလဲဆိုတဲ့ ခိုင်မာတဲ့ သဘောတူညီချက်တွေကို ရမယ်။

**မေး။ ။ အစိုးရ၊ KECC နဲ့ KIA တို့ ကချင်တိုက်ပွဲရှောင်ပြည်သူတွေ (IDPs) နေရပ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်နေတဲ့ အခြေအနေကိုလဲ သိချင်ပါတယ်။**

ဖြေ။ ။ အစိုးရက IDPs နေရပ်ပြန်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တစ်ဆင့် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်တွေနဲ့ ဆွေးနွေးပြီး ရေးဆွဲထားတာ ရှိတယ်။ မူကြမ်းရပြီ။ မဟာဗျူဟာပေါ်မှာမူတည်ပြီးတော့ action plan ဆွဲမယ်။ အဲဒီအခါကျရင် ဥပမာ-ကရင်ပြည်နယ်အတွက် action plan တစ်ခု၊ ကချင်ပြည်နယ်အတွက် action plan တစ်ခု၊ ရှမ်းပြည်နယ်အတွက် action plan တစ်ခု စသဖြင့် အဲဒီလိုမျိုးပါ။ ဒေသမတူညီတဲ့အတွက် action plan ပုံစံကမတူဘူး။ action plan ရေးဆွဲနိုင်ဖို့အတွက် pilot project စလုပ်နေတယ်။ ကချင် IDPs camp က နေထိုင်သူတွေမှာ အချို့ရွာတွေရှိတယ်။ အချို့က ရွာတွေ မရှိတော့ဘူး။ အချို့ကျတော့ သူ့နေရပ်မပြန်တော့ဘဲ အခြားနေရာမှာ နေရာချထားတာ ရှိတယ်။ အဲဒီအတွက် pilot project လုပ်နေတယ်။ ပြီးရင် တပ်မတော်ရော၊ ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)ရော၊ KECC၊ အစိုးရတွဲပြီးအကောင်အထည်ဖော်မယ်။ အဲဒီမှာ အားသာချက် အားနည်းချက်တွေကိုယူပြီး နောက်ဆုံးရေးဆွဲမယ်။ IDPs တွေပြန်ပြီး မူလအနေအထားပြန်ရောက်ဖို့၊ စားဝတ်နေရေး အသက်မွေးဝမ်းကျောင်း ပြန်လည်တည်ဆောက်ဖို့အတွက် အများကြီးလုပ်ရမယ်။ အခု နေရာရွေးနေတယ်။ အစိုးရဘက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင် ဦးဆောင်တဲ့ KECC ဖွဲ့ထားတယ်။ အခုက pilot project နေရာဦးစားပေးရွေးချယ်တဲ့အဆင့် ရောက်နေပြီ။ ဘယ် IDPs camp ကို စရွှေ့မလဲဆိုတာ ညှိနေတယ်။ ရပြီဆိုရင် ရွှေ့မယ်။ ဒါမအောင်မြင်ရင် ပြဿနာရှိတယ်။ IDPs တွေ မူလနေရာ ပို့တဲ့အခါမှာ တစ်ဖက်ကလည်း တိုက်ပွဲပြန်မဖြစ်ဖို့လိုတယ်။ တိုက်ပွဲပြန်ဖြစ်လာရင် KECC ရော၊ အစိုးရရော၊ ဒါကို ဦးဆောင်လုပ်နေတဲ့သူတွေရော လူထုရဲ့ ယုံကြည်မှုပျောက်သွားမယ်။ ဒါကြောင့် KIA နဲ့ Bilateral Ceasefire Agreement မြန်မြန်ရဖို့လုပ်နေတာ။

---

❒ စာမျက်နှာ ၆ မှ

မှတ်သားစရာပါ။ ဒါကြောင့် "နောက်တစ်ခါ လာလှူဖြစ်ရင်တော့ နှုတ်ခမ်းနီအတောင့်သေး၊ လက်သည်းနီ ပုလင်းသေးလေးတွေ ၅၀၀ လောက် ဝယ်လှူကြရအောင်"လို့ တိုင်ပင်ဖြစ်ပါတယ်။ အဲဒီမှာ နှုတ်ခမ်းနီဝတော့ "သမီးကို နီနီရဲရဲပေးပါ။" "ဟိုနီနီလေးပေး" နဲ့ အရောင်တောက်တောက် နီနီရဲရဲကို ပိုလိုချင်ကြပါတယ်။ ဆရာမက ဒီလူနာတွေက စိတ်တက်ကြွ၊ စိတ်ကျဝေဒနာသည်တွေဆိုတော့ ကြွတာများတဲ့အချိန်ဆို အဲဒီလို နှုတ်ခမ်းနီရဲရဲဆိုးရတာကို ပိုကြိုက်ကြတယ်တဲ့။ အဲဒီက တစ်ယောက်ဆိုရင် သနပ်ခါးထူထူလိမ်း၊ နှုတ်ခမ်းနီရဲရဲဆိုးပြီး မျက်ခုံးမွေးကိုလည်း မည်းမည်းဆိုးထားလေရဲ့။

နောက် ဝေဒနာသည်တွေက အရွယ်အမျိုးမျိုးဆိုတော့ နည်းနည်းဝတဲ့သူအတွက် အင်္ကျီ၊ ဘောင်းဘီတွေက သိပ်အဆင်မပြေပါဘူး။ XL, XXL လိုမျိုး နည်းနည်းဝယ်သွားနိုင်ရင်ပိုအဆင်ပြေပါမယ်။ ဘောင်းဘီဆိုတာက ပါတိတ်အပေါ်စား၊ ပိတ်စအရောင် တောက်တောက်တွေကို ချုပ်ထားတဲ့ ရှုံ့ကြိုးနဲ့ 3 Quarters ဘောင်းဘီတွေလှူတာပါ။ သူတို့အတွက် ညအိပ်လည်း အဆင်ပြေပေါ့။ အင်္ကျီကတော့ T-Shirt တွေ များပါတယ်။

တိုးချဲ့ဆောင်လို့ရေးထားတဲ့ အဆောင်ကိုရောက်တော့ ကိုယ်တိုင်ပေးမလှူပါဘူး။ ယောကျ်ားလူနာတွေက နည်းနည်းကြမ်းတဲ့အပြင် နေရာကလည်းကျဉ်းတော့ ကိုယ်တိုင်လှူဖို့ ဘယ်လိုမှအဆင်မပြေတဲ့အတွက် တာဝန်ကျဆရာမတွေကိုပဲ အပ်ထားခဲ့ရပါတယ်။

နောက်တစ်ဆောင်ရောက်တော့ ဆရာမက အထဲဝင်သွားပြီး တာဝန်ကျ ဆရာမကို အကျိုးအကြောင်းပြောပြနေတုန်း အသက် ၆၀ကျော် လူရည်သန့် အမျိုးသမီးကြီးတစ်ယောက်က ကိုယ်တွေတံခါးပေါက်နားကိုလာပြီး "သူ့ကို လာခေါ်တာလား" တဲ့။ "လာခေါ်မယ်ဆိုလို့ စောင့်နေတာ ၁၅ ရက်ရှိပြီ"တဲ့။ သူ့ကို လာခေါ်သူတွေထင်လို့ အားကိုးတကြီးနဲ့ စကားလာပြောတဲ့အမျိုးသမီးကြီးကိုကြည့်ပြီး ကိုယ့်နှလုံးသားတွေ နာကျင်နေမိတယ်။ "ကြီးမေကတော့ ဒီတစ်ည ထပ်အိပ်လိုက်ပါဦး၊ နောက်နေ့လာခေါ် မှာပေါ့" ဆိုပြီး နှစ်သိမ့်တော့ "တကယ်လားဟင်။ အဘွား စောင့်နေတာ ၁၅ ရက် ရှိသွားပြီ"တဲ့။ တကယ်ပဲ ၁၅ ရက်လား၊ ဒီထက်ကြာအောင် ရောက်နေတာလား မသိပေမယ့် အသံဝဲဝဲလေးနဲ့မေးနေတဲ့ သနားစရာ စကားသံလေးကိုကြားရတာ မျက်ရည်ဝဲမိပါတယ်။

အခြားအဆောင်တွေကတော့ အရက်၊ မူးယစ်နဲ့ ဆေးဖြတ်ဆောင်တွေပါ။ သူတို့ဆီကိုတော့ မရောက်ဖြစ်ပါဘူး။ များသောအားဖြင့် ပြတ်သွားရင် အိမ်ပြန်ကြတာများပါတယ်တဲ့။ ထပ်သုံးတော့လည်း ထပ်ရောက်လာတာပါပဲ။ အစ်မတစ်ယောက် ပြောဖူးတာတော့ "သူ့မောင်ရှိတုန်းက ဒီဆေးရုံကို လာတင်တာ သုံးခါ" တဲ့၊ သူ့မောင်က ခုတော့ အရက်ကြောင့် ဆုံးသွားပါပြီ။

စိတ်ကျန်းမာရေးဆေးရုံမှာ လူနာတွေဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာတာ တွေ့ရပါတယ်။ အဲဒီအတွက် အလှူရှင်တွေကတော့ အမြဲလိုအပ်နေတာပါပဲ။ ခုတင်၊ မွေ့ရာတွေကအစ အကုန်လှူဒါန်းလို့ရပါတယ်။ ဆေးဝါးတွေဆိုရင်လည်း တချို့ဆေးတွေဟာ လူနာရှင်တွေကိုယ်တိုင် ဝယ်ပေးကြရတာတွေ ရှိပါတယ်။ ဒါကြောင့် တစ်နှစ်ကို တစ်ကြိမ် ဈေးပွဲတော်ပြုလုပ်ပြီး ရန်ပုံငွေရှာဖွေကြတယ်လို့ သိရပါတယ်။ ဒီဇင်ဘာလတွေမှာ ကျင်းပဖြစ်ပါတယ်တဲ့။ ။

**ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်က ၁၁၀၊ ၁၁၅ ကျပ်လောက်ဖြစ်ပါတယ်။ သုံးစွဲသူက ၃၅ကျပ်လောက်နဲ့ သုံးတယ်ဆိုရင် တစ်ယူနစ်ကို ကျပ် ၈၀ ကွာဟပါတယ်၊ ဒီလို တစ်ယူနစ်မှာ ကွာခြားမှုရှိရင် တစ်နှစ်ကို နိုင်ငံတော်က စိုက်ထုတ်ရတာက အခုဆိုရင် ဘီလီယံ ကျပ် ၈၀၀၊ ၉၀၀ ရောက်ရှိလာပါပြီ**

ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်

# ဓာတ်အားခအပြောင်းအလဲနှင့် သူတို့အမြင်စကားဝိုင်း

**ဓာတ်အားခအပြောင်းအလဲနှင့် သူတို့အမြင်စကားဝိုင်းတွင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ Miss Universe Myanmar (2016) ထက်ထက်ထွန်းနှင့် ဦးကိုကို (စက်မှုတက္ကသိုလ်)တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

ရှင်မင်း

**ယမန်နေ့မှအဆက်**

**ဦးကိုကို(စက်မှုတက္ကသိုလ်)။ ။ဒုတိယ ဝန်ကြီး ဆွေးနွေးသွားတဲ့အပေါ်မှာ ဆရာကြီးအနေနဲ့ စီးပွားရေးရှုထောင့်ကပဲဖြစ်ဖြစ်၊ စီမံခန့်ခွဲမှုရှုထောင့်ကပဲဖြစ်ဖြစ် ထပ်ပြီးဆွေးနွေးပေးပါဦး။**

**ဒေါက်တာအောင်ထွန်းသက်။** ။အခုဆွေးနွေးနေတဲ့အထဲမှာ သုံးနေတဲ့စကားလုံးက subsidy ဆိုတဲ့ စိုက်ထုတ်မှုဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားနဲ့ ပတ်သက်လာရင် အကြောင်းအချက်တစ်ခုက cross subsidy ဆိုတာပါ။ cross subsidy ဆိုတာ စီးပွားရေးလုပ်ငန်းရှင်တွေဘက်ကို Range ကို မြှင့်ထားပြီးတော့ အဲဒီကရတဲ့ငွေကို အခြေခံဘက်ကို မျှဝေပေးတဲ့ သဘောဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေက ပိုပေးရတယ်။ စားသုံးသူတွေကို လျှော့ပေးရင် စားသုံးသူတွေအတွက် အကျိုးသက်ရောက်မှုရှိပါတယ်။ လုပ်ငန်းရှင်တွေအတွက် စရိတ်ကြီးတာက တစ်ပိုင်းပါ။ အစက ပြန်ပြောရင် မီးတစ်ပွင့်တည်းသုံးတဲ့သူတွေအတွက် အဲဒီလောက်မသိသာဘူး။ အကျိုးအမြတ်မရှိဘူး။ လေအေးပေးစက် ၁၀ လုံးဖွင့်တဲ့သူ အတွက်က သိသာမယ်၊ တော်တော်အဆင်ပြေတယ်။ ဘာဖြစ်သွားသလဲဆိုတော့ လုပ်ငန်းရှင်တွေအတွက်က တကယ်တမ်း ဘယ်သူ့ဝန်တွေကို ထမ်းနေရလဲဆိုရင် လေအေးပေးစက် ၁၀ လုံး သမားတွေအတွက် ထမ်းနေရတယ်လို့ တွေ့ရတယ်။ ဒါလေးက စဉ်းစားရမယ့် ကိစ္စတစ်ခုဖြစ်ပါတယ်။

နောက်တစ်ခုက မလွဲမသွေ စားသုံးစရိတ်ကတော့ တက်လိမ့်မယ်။ ဒီလိုတက်တဲ့အတွက် ကိုယ့်နိုင်ငံမှာဖြစ်တတ်တာက လျှပ်စစ်ခက မတက်ရသေးဘူး။ တခြားဟာတွေက လိုက်တက်တာတွေရှိတယ်။ ဒါကိုတော့ သတိထားဖို့ လိုလိမ့်မယ်။ အရင်က ဝန်ထမ်းတွေ လစာလေးတိုးမယ်ဆိုရင် လစာကမတိုးခင် ကုန်ဈေးနှုန်းက တက်နေပြီ။ တက်တဲ့အခါ တိုးတဲ့လစာက ကုန်သွားတယ်။ အဲဒီလိုဖြစ်မှာကိုစိတ်ပူတော့ အဲဒီသက်ရောက်မှုကို ဘယ်လိုထိန်းမလဲ။

နောက်တစ်ချက်က အသုံးစရိတ်နဲ့ ပတ်သက်လာရင် စီးပွားရေးပညာရှင်ဘက်က အကြောင်းအကျိုး စဉ်းစားတယ်ဆိုပေမယ့် တကယ်တမ်း တစ်ခါတလေမှာ emotional ရှိတယ်။ ဒီလိုပြောရင်လည်း ကြိုက်မှာမဟုတ်ဘူး။ နေ့တိုင်း လက်ကိုင်ဖုန်းကိုင်ပြီး သုံးနေသူတွေရှိတယ်။ ဖုန်းရဲ့ကုန်ကျစရိတ်ကို ခေါင်းထဲမထည့်ဘူး၊ ၂၄ နာရီ သုံးနေတာ၊ ဖုန်းတစ်နေ့ကုန်သုံးတဲ့ စရိတ်နဲ့ လျှပ်စစ်ခစရိတ်နဲ့ ယှဉ်ကြည့်ရင် ဘယ်လိုရှိမယ် မပြောတော့ဘူး။ အဲဒီလို ကြည့်မယ့်သူကတော့ မရှိပါဘူး။ ဒီလိုပြောရင် ကိုယ့်ဆန္ဒနဲ့ကိုယ်ကြည့်တာ၊ ဘာမှလာမပြောနဲ့ ပြောကြမှာပါ။

အခုက အစိုးရကလုပ်တဲ့အတွက် လျှပ်စစ်ခကို ပိုပေးရတယ်ဆိုတာမျိုး ဖြစ်တော့မယ်။ ဒါကို လူတွေ လက်ခံလာအောင် ဆောင်ရွက်ရမှာပါ။ ဒီလို တိုးကောက်ပြီးရင် ကာလတို၊ ကာလလတ်၊ ကာလရှည်မှာ အဖြေတော့ ရှိရမယ်။ Demand တက်လို့ Supply က ဘယ်လောက်တက်သွားမယ်။ နောက်တစ်ခုက လျှပ်စစ်ထုတ်တာ၊ လျှပ်စစ်ဖြန့်တာ၊ လျှပ်စစ်သုံးစွဲတာရှိတယ်။




ဝန်ကြီးဌာနအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခေါ်နေတယ်။ subsidy ကို နည်းနည်းလျှော့လိုက်တာဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီကြီးတွေကို တစ်နည်းတစ်ဖုံ မက်လုံးပေးတဲ့ ပုံစံဖြစ်ရင်တော့ Supply တက်လာလိမ့်မယ်။ နောက်တစ်ခု ကိုယ့်နိုင်ငံမှာ တကယ့်ကို Supply တက်လာလိမ့်မယ်။ ဒါပေမယ့် ခုနက ပြောသလို emotional ပါ။ ရေအားလျှပ်စစ်လို့ ပြောလိုက်ရင် ကန့်ကွက်မယ့်သူက အများကြီး၊ ကျောက်မီးသွေးလို့ ပြောရင်လည်း တစ်မျိုးရှိပါတယ်။

အခုက cost ကို ကြည့်လိုက်မယ်ဆိုရင်"ဆိုလာ"လို့ ပြောကြတာရှိတယ်၊ ဆိုလာရဲ့စရိတ်က အခုထိကြီးနေတုန်းပါ။ ကိုယ့်နိုင်ငံမှာ တကယ်ရှိတာက Hydro ပဲ ဖြစ်တယ်။ Hydro ကို အသုံးချဖို့ကလည်း အခက်အခဲအများကြီးရှိတယ်။ ဒါပေမယ့် မျှော်လင့်တာက subsidy ကို Adjust လုပ်လိုက်တာဖြစ်ပါတယ်။ အခု လူတွေနားလည်ဖို့လိုတာက မြန်မာပြည်မှာ လျှပ်စစ်ဓာတ်အားကို ဝန်ကြီးဌာနတစ်ခုတည်း ထုတ်တာမဟုတ်ဘဲ ပုဂ္ဂလိကကဏ္ဍလည်းပါမယ်။ နိုင်ငံတော်အစိုးရလည်း ပါပြီးတော့ လုပ်မယ်ဆိုရင် subsidy ဖြစ်တာကို ခဏလေးနဲ့ ကျော်လွှားနိုင်မယ်လို့ ထင်ပါတယ်။

**ဒုတိယဝန်ကြီး။** ။ဆရာကြီး ဆွေးနွေးချက်နဲ့အတူ ဆွေးနွေးချင်ပါတယ်။ ဆရာမက မီးတွေ မပြတ်အောင်ပေးနိုင်မလား ဆွေးနွေးပါတယ်။ ဆရာကလည်း ထုတ်လုပ်မှုကဏ္ဍကို တိုးတက်အောင်လုပ်နိုင်မလားဆိုပြီး ဆွေးနွေးတာနဲ့ ပတ်သက်ပြီး ပြီးခဲ့တဲ့ရက်က မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာတွေက တစ်ဆင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံတဲ့သူတွေကို မဂ္ဂါဝပ် ၁၂၀၀ လောက်ထုတ်နိုင်မယ့် ဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် တင်ဒါခေါ်လိုက်ပါပြီ။ ဒီလိုတင်ဒါခေါ်လိုက်တာကို ပြည်သူတွေလည်း တွေ့ရှိမှာဖြစ်ပါတယ်။ ဒီလိုဖိတ်ခေါ်လိုက်တဲ့အချိန်မှာ ရင်းနှီးမြှုပ်နှံတဲ့သူတွေဘက်ကလည်း ဓာတ်အားခနှုန်းထား အပြောင်းအလဲဖြစ်သွားတာကို သိရှိနေမှာဖြစ်ပါတယ်။ ဒီအခါမှာ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ ရဲရဲဝံ့ဝံ့ ဝင်ရောက်လာပြီး ဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

ဒီအခါမှာ ဆရာမတို့ ဆွေးနွေးတဲ့ဓာတ်အားကို လုံလောက်အောင်ပေးနိုင်မလားဆိုတဲ့ အစီအစဉ်တွေက ပကတိအခြေအနေထက် အနာဂတ်မှာ တိုးတက်လာမှာဖြစ်ပါတယ်။ ဗို့အားတွေတည်ငြိမ်ချင်တယ်ဆိုတဲ့ ကိစ္စလည်း ပါဝင်ပါတယ်။ အရင်က ပင်မခွဲရုံကြီးတွေမှာရှိတဲ့ Transformer တွေမှာ ဗို့အားကို ချိန်ညှိတဲ့ ကိရိယာတွေဟာပြန်ချိန်ရင် မီးပိတ်ရပါတယ်။ မီးပိတ်ပြီးမှ ချိန်၊ ချိန်ပြီးမှ မီးပြန်ဖွင့်၊ ဒီမီးအားကို ညှိဖို့က manual လိုက်ပြီး ချိန်ပေးရတယ်။ မီးသုံးစွဲသူတွေဘက်က မီးကိုလည်းမပြတ်ချင်၊ ဗို့အားကိုလည်း ငြိမ်ချင်ကြပါတယ်။ တကယ်တော့ ဗို့အားဆိုတာ အမြဲတမ်းပြောင်းနေပါတယ်။ ပြောင်းနေသော်လည်း ပြောင်းနေတဲ့အရာကို ငြိမ်ချင်တယ်ဆိုရင် Automatic ချိန်မှရမှာဖြစ်ပါတယ်။ ဒီလို Automatic ချိန်တဲ့ Transformer ကြီးတွေကိုလည်း အခုကစပြီး များများ တပ်ဆင်အသုံးပြုနေပါတယ်။ အရင်က သုံးစွဲနိုင်စွမ်းမရှိပါဘူး၊ စရိတ်အများကြီးကုန်ကျတဲ့ အတွက်ဖြစ်ပါတယ်။

အနာဂတ်မှာ ဝန်ဆောင်မှုကောင်းလာအောင် ကျွန်တော်တို့ ဝင်ငွေပိုရှာနိုင်ရင် ဒီရင်းနှီးမြှုပ်နှံမှုကို ပိုကောင်းတဲ့ရင်းနှီးမြှုပ်နှံမှု စက်ပစ္စည်းအမျိုးအစားတွေကို ရွေးချယ်အသုံးပြုရင် သုံးစွဲသူတွေကို ပိုကောင်းတဲ့၊ တည်ငြိမ်တဲ့ ဗို့အားတွေကို ပြောင်းလဲဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။ ဒီလို ပြောင်းလဲဆောင်ရွက်နိုင်အောင် ဓာတ်အားခနှုန်းထားကို ပြောင်းလဲပြီး ကြိုးစားနေတာ ဖြစ်ပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)။ ။ဓာတ်အားခနှုန်းထားကို ပြောင်းလဲဖို့ကြေညာပြီးတဲ့အခါ တင်ဒါကြော်ငြာလည်း ခေါ်ပါတယ်။ ဒါကလည်း ဆက်စပ်နေပါတယ်။ ကျွန်တော် သိချင်တာက ဓာတ်အားခနှုန်းထားကို ပြောင်းလဲလိုက်တာက Independent Power Producer-IPP တွေအတွက် မက်လုံးတစ်ခု ဖြစ်ပါသလား။**

**ဒုတိယဝန်ကြီး။** ။ဖြစ်ပါတယ်။ ဘာဖြစ်လို့ သူတို့အတွက်ဖြစ်သလဲဆိုရင်ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူအနေနဲ့ ဓာတ်အားပေးစက်ရုံလာဆောက်မယ်ဆိုရင် သူတို့တည်ဆောက်တဲ့ Project Cost တစ်ခုလုံးရဲ့ ၂၀ ရာခိုင်နှုန်းကနေ ၃၀ ရာခိုင်နှုန်းကပဲ ကိုယ်ပိုင်ရင်းနှီးငွေဖြစ်ပါတယ်။ ကျန်တဲ့ ၇၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းက ဘဏ်ရဲ့ ချေးငွေနဲ့ ဆောင်ရွက်ရပါတယ်။ ဒီလိုဘဏ်ရဲ့ချေးငွေကို ရယူဖို့အတွက် ဘဏ်က သူတို့ကို Counter Check ဘယ်လိုလုပ်သလဲဆိုရင် သူတို့ ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းကနေ ဘဏ်ကိုပြန်ပေးဆပ်ရမယ့် ငွေတွေအတွက်ကို နှစ်စဉ်ဝင်ငွေဟာ အာမခံချက်ရှိသလား၊ လုံလောက်တဲ့ ဝင်ငွေရရဲ့လားဆိုတာကို ကြည့်ပါတယ်။ ဒီအခါမှာ ဒီ IPP ကလည်း ဝန်ကြီးဌာနက ဓာတ်အားတွေကို ဝယ်နိုင်ရဲ့လားဆိုတာ မေးခွန်းတစ်ခုဖြစ်လာပါတယ်။

ဝန်ကြီးဌာနက နှစ်တိုင်း subsidy တွေ များနေရင်၊ စိုက်ထုတ်တာတွေ များနေတဲ့အတွက် ဓာတ်အားခတွေ နှစ်ရှည်လတိုင်း မပေးနိုင်ရင် IPP အတွက် အလားအလာမကောင်းဘဲ အများကြီးစွန့်စားရတဲ့ အခြေအနေရှိတယ်။ ယုံကြည်မှုနည်းတယ်။ ဒီလို ယုံကြည်မှုနည်းရင် IPP ကလည်း မလာဘူး။ IPP ကို ငွေချေးမယ့် ဘဏ်ကလည်း အများကြီးမရှိဘူး။ ဘဏ်က မချေးဘူးဆိုရင် သူလည်း မလာနိုင်ဘူး။

ဒါကြောင့် ဓာတ်အားခနှုန်းထားအပြောင်းအလဲဖြစ်သွားပြီဆိုရင် IPP ဆီကနေ နှစ်ရှည်နဲ့ ဓာတ်အားဝယ်နိုင်မယ်ဆိုတဲ့ အခြေအနေတစ်ရပ်ကို ဘဏ်ကလည်း နားလည်သဘောပေါက်ပြီးတော့ IPP တွေကလည်း လာနိုင်ကြမှာပါ။ ပြီးခဲ့တဲ့ သုံးလေးနှစ်အတွင်းက စိတ်ဝင်စားကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံမှာ ဓာတ်အား မလုံလောက်ဘူးဆိုတာ၊ ဓာတ်အားမရသေးတဲ့ ပြည်သူတွေအများကြီးကျန်သေးတယ်ဆိုတာဟာ ရင်းနှီးမြှုပ်နှံသူတွေအတွက် အခွင့်အလမ်းလို့ မြင်ကြပါတယ်။ ဒါပေမယ့် ဝန်ကြီးဌာနက ဓာတ်အားပြန်လည်ရောင်းချတဲ့ နှုန်းထားဟာ သူတို့ဆီက ဝယ်ရမယ့်နှုန်းထားနဲ့ကွာဟမှုက သူတို့အတွက် High Risk ဖြစ်နေတဲ့ အနေအထားဖြစ်ပါတယ်။ အဲဒီတော့ အခွင့်အလမ်းနဲ့ စိန်ခေါ်မှုမှာ အခု စိန်ခေါ်မှုကိုလျှော့ချနိုင်ပြီး ရင်းနှီးမြှုပ်နှံမှုတိုးတက်လာရင် ဓာတ်အားလိုအပ်ချက်ကို အများကြီး ဖြည့်ဆည်းနိုင်မှာဖြစ်ပါတယ်။

စာမျက်နှာ ၉ သို့

**နောက်တစ်ခုက မလွဲမသွေ စားသုံးစရိတ်ကတော့ တက်လိမ့်မယ်။ ဒီလိုတက်တဲ့အတွက် ကိုယ့်နိုင်ငံမှာ ဖြစ်တတ်တာက လျှပ်စစ်ခက မတက်ရသေးဘူး။ တခြားဟာတွေက လိုက်တက်တာတွေရှိတယ်။ ဒါကိုတော့ သတိထားဖို့လိုလိမ့်မယ်။ အရင်က ဝန်ထမ်းတွေ လစာလေးတိုးမယ်ဆိုရင် လစာကမတိုးခင် ကုန်ဈေးနှုန်းက တက်နေပြီ။ တက်တဲ့အခါ တိုးတဲ့လစာက ကုန်သွားတယ်။ အဲဒီလိုဖြစ်မှာကိုစိတ်ပူတော့ အဲဒီ သက်ရောက်မှုကို ဘယ်လိုထိန်းမလဲ။**

❍ စာမျက်နှာ ၈ မှ

**ဒေါက်တာအောင်ထွန်းသက်။** ။subsidy လုပ်တာကို ပြုပြင်လိုက်ရင် ခုနကလို IPP arrangement ကို ဆွေးနွေးတဲ့အခါမှာလည်း ကိုယ့်မှာ အခြေခံကောင်းတဲ့ အနေအထားဖြစ်နေတော့ Myanmar Investment Commission-MIC အနေနဲ့ကလည်း ပိုပြီး လွယ်လွယ်ကူကူ ပေးနိုင်တဲ့ အနေအထားရှိပါတယ်။ ကိုယ့်ဘက်က ဦးစားပေး Priority Sector ပါ။ အခုဆိုရင် ပြောထားတာက နိုင်ငံတော် ရေရှည်တိုးတက်ဖို့အတွက် လျှပ်စစ်ကဏ္ဍကို အားပေးမယ်။ အခု ဝန်ကြီးဌာနအနေနဲ့ subsidy ကို adjust လုပ်လိုက်တဲ့အတွက် ဝင်လာဖို့ အကြောင်းအများကြီး ရှိလာပါတယ်။

**ဦးကိုကို(စက်မှုတက္ကသိုလ်)။** ။စက်မှုဇုန်တွေဘက်က မီးမှန်ပြီးတည်ငြိမ်တဲ့ လျှပ်စစ်ဓာတ်အားကို လိုချင်ကြတယ်။ မီးစက်နဲ့ မလုပ်ချင်ကြတော့ဘူး။ ဒီအပေါ်မှာ ဆရာမအနေနဲ့ သုံးသပ်ပေးပါဦး။

**ဒေါ်ခိုင်ခိုင်နွယ်။** ။မြင်သာတဲ့ Direct Cost တစ်ခုက တက်သွားတယ်။ မမြင်နိုင်တဲ့ Indirect Cost ကလည်း ရှိပါသေးတယ်။ ဒါကိုမှန်းလို့မရဘူး။ အဲဒါကို စိတ်ပူတာပါ။ တကယ်လို့ IPP လာတယ်ဆိုရင် ဈေးနှုန်းက ထင်သာမြင်သာ ရှိသွားရင် တွက်ချက်လို့ရတယ်။ ဒါပေမယ့် အဲဒီနောက်က လိုက်လာမယ့် မမြင်နိုင်တဲ့ ကုန်ကျစရိတ်တွေက ဘာတွေလဲ။ Direct Cost ကတော့ ခုနက ဆွေးနွေးသလို ၃၀ ရာခိုင်နှုန်းဆိုတာ တွက်လို့ရတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့လုပ်ငန်းဆိုတာက လုပ်သားထုအဆင်ပြေမှ ကျွန်မတို့ အဆင်ပြေတဲ့ လုပ်ငန်းပါ။ အဲဒီတော့ သူတို့ အဆင်ပြေဖို့အတွက် ပိုပြီး စိတ်ပူရပါတယ်။

**ထက်ထက်ထွန်း။** ။ထုတ်လုပ်စရိတ်နဲ့ ပြန်ရောင်းတဲ့ စရိတ်ကွာနေတာက အဓိက ပြဿနာဖြစ်နေတယ်လို့ မြင်ပါတယ်။ ဒီပြဿနာကို ဖြေရှင်းဖို့အတွက် ပြည်သူတွေဆီကနေ တိုးပြီးကောက်ခံတာ တစ်ခုတည်းကပဲ အဖြေဖြစ်မလား။ နောက်ထပ် ဘယ်လို အဖြေရှိနိုင်ဦးမလဲ။ ပြည်သူတွေဘက်ကနေ တိုးကောက်ခံလိုက်တဲ့ဟာက စိုက်ထုတ်မှုကို လျော့ကျသွားမယ်။ နောက်ထပ် ရင်းနှီးမြှုပ်နှံဖို့ အရင်းအနှီး ရလာနိုင်တယ်။ အဲဒီအချိန်မှ ပြည်သူတွေအတွက် ပိုကောင်းတဲ့ ဝန်ဆောင်မှု ပေးနိုင်မယ်ဆိုတဲ့အခြေအနေမှာ ပြည်သူတွေဆီက တိုးကောက်ခံလိုက်လို့ ရလာတဲ့ရင်းနှီးမြှုပ်နှံမှုအစား တခြားကနေ ရင်းနှီးမြှုပ်နှံမှုယူပြီးတော့ ဒီပြဿနာကို ဖြေရှင်းနိုင်မလားဆိုတာမျိုး၊ ဒီလိုအတွေးမျိုး ပြည်သူတွေဘက်မှာ ရှိနိုင်ပါတယ်။ ပြည်သူတွေက နိုင်ငံတော်အနေနဲ့ ရင်းနှီးမြှုပ်နှံမှု တစ်ခုအတွက် ပြည်သူတွေဆီကနေ မယူဘဲ တခြားနည်းဖြေရှင်းပြီး ပြီးပြည့်စုံတဲ့ ဝန်ဆောင်မှုရတဲ့အခါ တိုးပြီးပေးမယ်ဆိုတဲ့ အတွေးမျိုးလည်း ရှိနိုင်ပါတယ်။ ဒါကြောင့် တခြားနည်းလမ်းရှိနိုင်မလား သိချင်ပါတယ်။

**ပြည်သူတွေအတွက် ပိုကောင်းတဲ့ ဝန်ဆောင်မှုပေးနိုင်မယ်ဆိုတဲ့ အခြေအနေမှာ ပြည်သူတွေဆီက တိုးကောက်ခံလိုက်လို့ ရလာတဲ့ ရင်းနှီးမြှုပ်နှံမှုအစား တခြားကနေ ရင်းနှီးမြှုပ်နှံမှုယူပြီးတော့ ဒီပြဿနာကို ဖြေရှင်းနိုင်မလား ဆိုတာမျိုး၊ ဒီလိုအတွေးမျိုး ပြည်သူတွေဘက်မှာ ရှိနိုင်ပါတယ်။ ပြည်သူတွေက နိုင်ငံတော်အနေနဲ့ ရင်းနှီးမြှုပ်နှံမှု တစ်ခုအတွက် ပြည်သူတွေဆီကနေမယူဘဲ တခြားနည်းဖြေရှင်းပြီး ပြီးပြည့်စုံတဲ့ ဝန်ဆောင်မှုရတဲ့အခါ တိုးပြီးပေးမယ်ဆိုတဲ့ အတွေးမျိုးလည်း ရှိနိုင်.....**

**ဒုတိယဝန်ကြီး။** ။ဓာတ်အားခ ကွာဟမှုဆိုတာ ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်က ၁၁၀၊ ၁၁၅ ကျပ်လောက်ဖြစ်ပါတယ်။ သုံးစွဲသူက ၃၅ ကျပ်လောက်နဲ့သုံးတယ်ဆိုရင် တစ်ယူနစ်ကို ကျပ် ၈၀ ကွာဟပါတယ်။ ဒီလို တစ်ယူနစ်မှာ ကွာခြားမှုရှိရင် တစ်နှစ်ကို နိုင်ငံတော်က စိုက်ထုတ်ရတာက အခုဆိုရင် ဘီလီယံ ကျပ် ၈၀၀၊ ၉၀၀ ရောက်ရှိလာပါပြီ။

ဒီနေရာမှာ ပြည်သူတွေအတွက် ထင်သာမြင်သာဖြစ်နိုင်တဲ့ ဥပမာလေးကို ပြောပြချင်ပါတယ်။ ပြည်သူတွေက သူတို့နေထိုင်တဲ့ပတ်ဝန်းကျင်မှာ ဆေးရုံဆေးခန်းရှိချင်ကြတယ်။ တိုက်နယ်ဆေးရုံတွေ တည်ဆောက်ပေးဖို့ တောင်းဆိုကြတယ်။ ဒီလို တိုက်နယ်ဆေးရုံတစ်ခု တည်ဆောက်ပေးဖို့ ကျပ်သိန်း ၅၀၀၀ လောက် အကုန်အကျခံရပါတယ်။ နှစ်ခု တည်ဆောက်မယ်ဆိုရင် သန်းတစ်ထောင် သုံးရပါတယ်။ ကျွန်တော်တို့ ဘီလီယံ ၅၀၀ လောက် စိုက်ထုတ်နေရရင် ဆေးရုံပေါင်း ဘယ်လောက်ဆောက်သွားနိုင်သလဲဆိုတာကို နှိုင်းယှဉ်ချင့်ချိန်စေချင်ပါတယ်။

နိုင်ငံအတွက် လိုအပ်နေတဲ့ ဆေးရုံ၊ စာသင်ကျောင်း ဒီလို လိုအပ်နေတာတွေ ဖြည့်ဆည်းပေးဖို့ ပြည်သူ့ကိုယ်စားလှယ်တော်ကိုယ်စားလှယ်တွေက တောင်းဆိုနေပေမယ့် ဝန်ကြီးဌာနတွေက မဆောက်ပေးနိုင်ဘူး။ ဘာလို့ တည်ဆောက်မပေးနိုင်သလဲဆိုရင် နိုင်ငံတော်ရဲ့ဘတ်ဂျက်ထဲကနေ လျှပ်စစ်ကဏ္ဍအတွက် ထုတ်လိုက်ရတဲ့ ငွေတွေဖြစ်ပါတယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ပေးရမယ့်ငွေတွေကို လျှပ်စစ်ကဏ္ဍအတွက် နှစ်တိုင်းစိုက်ထုတ်နေရပြီးတော့ နှစ်စဉ်တိုးတက်စိုက်ထုတ်နေရပါတယ်။

ဒီလိုဆို ချေးငွေနဲ့လုပ်ကြည့်ပါလားဆိုတာ ရှိပါတယ်။ မဂ္ဂါဝပ် ၅၀၀ ရှိတဲ့ ဓာတ်အားပေးစက်ရုံဆောက်ဖို့ အမေရိကန်ဒေါ်လာ သန်း ၈၀၀ လောက်ချေးရမှာဖြစ်ပါတယ်။ တစ်နှစ်တည်းနဲ့ ဆောက်လို့ပြီးသွားရင်တောင် ဒီတစ်နှစ်အတွက်ပဲ လောက်တယ်၊ နောက်တစ်နှစ်အတွက် နောက်ထပ်ဒေါ်လာသန်း ၈၀၀ ထပ်ချေးရမယ်။ နှစ်စဉ်ချေးသွားရမယ့် ငွေတွေအားလုံးကလည်း ပြည်သူ့ဘဏ္ဍာနဲ့ပဲ ပြန်ထမ်းရမှာ ဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိ မီးသုံးစွဲခွင့်ရတဲ့သူတွေက ကိုယ်ကျသင့်တဲ့ငွေကို ပေးဖို့ရာ သက်သာခွင့်ရဖို့ ကြိုးစားတဲ့အခါမှာ တစ်နိုင်ငံလုံးက ပြည်သူတွေ ပြန်ဆပ်ရမယ့် ဝန်ထုပ်ဝန်ပိုးအဖြစ် ချေးငွေမှာ ပြန်တက်လာမှာဖြစ်တော့ ဘာထူးမှာလဲလို့ မေးရတော့မှာဖြစ်ပါတယ်။

နောက်တစ်ခုက လက်ရှိလျှပ်စစ်သုံးစွဲခွင့်ရနေတဲ့သူတွေဟာ နှုန်းထားကို အရင်နှုန်းထားအတိုင်း ရယူလိုတဲ့အချိန်မှာ လျှပ်စစ်မရသေးတဲ့ ပြည်သူ ၅၅ ရာခိုင်နှုန်းအတွက် လျှပ်စစ်ရအောင် ဆောင်ရွက်ပေးဖို့အတွက် ဘဏ္ဍာငွေတွေ အများကြီးလိုပါတယ်။ သာတူညီမျှ အခွင့်အလမ်း ရသင့်ပါတယ်။ ဒါကြောင့် လျှပ်စစ်ကို အကောင်းဆုံးအခြေအနေနဲ့ မရသေးသည့်တိုင်အောင် လုံးဝမရသေးတဲ့ ပြည်သူတွေအတွက် ငဲ့ညှာစဉ်းစားပြီး သက်သာတဲ့ subsidy နှုန်းနဲ့ရနေ၊ ခံစားနေခြင်းအားဖြင့် မရသေးတဲ့သူတွေ တိုးတက်ဖို့အတွက် စဉ်းစားပေးရမှာဖြစ်ပါတယ်။ ချေးငွေအများကြီး ချေးယူပြီး ပြန်ဆပ်ရမယ့် ဝန်ထုပ်ဝန်ပိုးတွေလည်း လျှော့ချရပါမယ်။ အိမ်ထောင်စုတစ်စုချင်းစီကနေမျှပြီး ပြန်ထည့်ခြင်းအားဖြင့် နိုင်ငံ့ဘဏ္ဍာငွေကို တောင့်တင်းလာစေချင်ပါတယ်။ သူများဆီကချေးပြီး စီမံကိန်းတွေကို ဆောင်ရွက်မယ့်အစား၊ သူများမျက်နှာကြည့်ရမယ့်အစား ကိုယ့်ဘဏ္ဍာနဲ့ကိုယ် စီမံရင် အချိန်တိုအတွင်း ပိုင်ပိုင်နိုင်နိုင်စီမံနိုင်တယ်။ အချိန်တိုအတွင်း ဆောင်ရွက်နိုင်မယ်။ အများကြီး စိုက်ထုတ်ကုန်ကျခြင်းကို သွားမယ့်အစား ဘဏ္ဍာရန်ပုံငွေကို အားကောင်းလာအောင်၊ လျှပ်စစ်ပိုတိုးတက်ရရှိအောင်၊ စနစ်ကောင်းဖြစ်အောင် ကြိုးစားရမှာဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေပြည်တော်ကြော်ငြာလက်ခံဌာန ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar နေ့စဉ်ထုတ် သတင်းစာများနှင့် Online Media ဖြစ်သော Myanmar Digital News (MDN)တို့တွင် ကြော်ငြာထည့်သွင်းလိုသူများအတွက် ဝန်ဆောင်မှုပေးနိုင်ရန် နေပြည်တော် ကြော်ငြာလက်ခံဌာနကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာနရှေ့ရှိ ယင်းအဆောက်အအုံ၌ ဖွင့်လှစ်လိုက်သည်။

အဆိုပါ ကြော်ငြာလက်ခံဌာနကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar၊ Myanmar Digital News တို့တွင် ကြော်ငြာထည့်သွင်းလိုသူများအတွက် ကြော်ငြာလက်ခံဌာနများကို ယနေ့ ဖွင့်လှစ်လိုက်သည့် နေပြည်တော်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)နှင့် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာတိုက်တို့တွင်လည်းကောင်း၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ် (၁) လမ်းရှိ မြန်မာ့အလင်း သတင်းစာတိုက်၊ ပုဇွန်တောင်မြို့နယ်(၅၂)လမ်းရှိ ကြေးမုံသတင်းစာတိုက်၊ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းဆုံအနီးရှိ မြန်မာ့အလင်းပုံနှိပ်တိုက်တို့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်များဖြစ်သည့် မန္တလေး၊ တောင်ကြီး၊ မကွေး၊ ကျိုင်းတုံ၊ ကလေး၊ မြစ်ကြီးနား၊ စစ်တွေ၊ လားရှိုး၊ မြိတ်၊ မော်လမြိုင်၊ မုံရွာတို့တွင် လည်းကောင်း ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများမှတစ်ဆင့်လည်း ဆက်သွယ် ထည့်သွင်းနိုင်ကြောင်း သိရသည်။



ယခုအခါ စီးပွားရေး၊ လူမှုရေး၊ နာရေးကြော်ငြာ လက်ခံမှုများကို "ယနေ့ထည့်၊ မနက်ဖြန်ပါရှိရေး" စနစ်ဖြင့် ရုံးပိတ်ရက်မရှိဘဲ နေ့စဉ် ဝန်ဆောင်မှုပေးလျက်ရှိရာ ကြော်ငြာနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက **မြန်မာ့အလင်း (ရန်ကုန်) ဖုန်း-၀၁-၅၅၉၁၁၈၊ ကြေးမုံ(ရန်ကုန်) ဖုန်း-၀၁-၃၉၇၃၃၀၊ The Global New Light of Myanmar (ရန်ကုန်) ဖုန်း- ၀၁ - ၈၆၀၄၅၃၀၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရုံးချုပ်** ကြော်ငြာလက်ခံဌာန **(နေပြည်တော်)ဖုန်း-၀၆၇-၃၄၁၂၁၁၈** တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံရုံးယာယီတာဝန်ခံအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံရုံးယာယီတာဝန်ခံ Mr. Thierry Umbehr နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် ဝန်ကြီးဌာနသည် လူမှုရေးအခြေခံအဆောက်အအုံများ တိုးတက်ခိုင်မာစေရေးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာချမှတ်၍ စီမံကိန်းရှစ်ရပ်ဖြင့် ဆောင်ရွက်မည့်အစီအစဉ်၊ ဆွစ်ဇာလန်နိုင်ငံ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှု၊ Mine Action Workshop အလုပ်ရုံဆွေးနွေးပွဲကျင်းပရေးကိစ္စ၊ လာမည့် အောက်တိုဘာလတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အဓိကတာဝန်ယူ၍ အာဆီယံသဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပရမည့်ကိစ္စ၊ နိုင်ငံတော်အဆင့် ကယ်ဆယ်ရေးစခန်းများပိတ်သိမ်းရေး မဟာဗျူဟာရေးဆွဲနိုင်ရေးအတွက် ဆွစ်ဇာလန်နိုင်ငံမှ နေရပ်စွန့်ခွာမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင် Dr. Walter Kalin နှင့် ပူးပေါင်းဆောင်ရွက်မှု၊ ယင်းမဟာဗျူဟာအား အတည်ပြုနိုင်ရေးနှင့် ယခုအခါ ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြို့နယ် ခုနစ်မြို့နယ်တွင် လူမှုရေးအခြေခံအဆောက်အအုံနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဋိပက္ခဒဏ်ခံရသော ကျေးလက်ဒေသများတွင် ကျန်းမာရေး၊ ပညာရေး၊ ရေနှင့် သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်ရှိလုပ်ထုံးလုပ်နည်းများနှင့်လျော်ညီစွာ ရေးထိုးနိုင်ရေးကိစ္စ၊ ဝန်ကြီးဌာနတွင် Social Work Institute ထူထောင်ရန် လိုအပ်မှုနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မူကြိုကျောင်းများ လိုအပ်နေမှုတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မဲခေါင်ဒေသတွင်းနိုင်ငံများ၏ ဆေးရုံမှတစ်ဆင့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် GMS Health Security Project ၏ 2nd Year Annual Operation Plan အရ မဲခေါင်ဒေသတွင်းနိုင်ငံများ၏ ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ စောင့်ကြပ်ကြည့်ရှုကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးဌေးတင်က ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သောရောဂါများ၏ အန္တရာယ်မှာ ဆေးကုသမှုများအတွက် အဖြစ်များသောအန္တရာယ်ဖြစ်သဖြင့် အားလုံးပူးပေါင်းကာကွယ်နှိမ်နင်းရန် လိုအပ်ပါကြောင်း၊ ဆေးရုံမှတစ်ဆင့် ကူးစက်တတ်သောရောဂါများအပြင် ကူးစက်မြန်ရောဂါများကို ကာကွယ်နှိမ်နင်းရန်အတွက် ဖြစ်ပွားနေသည့် အခြေအနေနှင့် ဖြစ်ပွားရသည့်အကြောင်းရင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိရန်လိုအပ်သဖြင့် အဆိုပါ ရောဂါများအား စောင့်ကြပ်ကြည့်ရှု ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းမှာ အရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံများအကြား အခြေခံစွမ်းအားစုအရင်းအမြစ်များ မတူညီသဖြင့် Global Action Plan ရေးဆွဲရာတွင် အခက်အခဲများရှိရာ ကူးစက်ရောဂါများအတွက် ကမ္ဘာ့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမှာ အရေးကြီးသဖြင့် မဲခေါင်ဒေသတွင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ကောင်းမွန်သည့်စီမံချက်ကို ရေးဆွဲနိုင်ရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဆွေးနွေးပွဲကို ဇူလိုင် ၉ ရက်မှ ၁၀ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့ရာ အခမ်းအနားသို့ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**အလင်းသစ်**

## ဖားကန့်ဒေသ၌ မိုးတွင်းကာလ ကျောက်မျက်တူးဖော်ခွင့် သုံးလရပ်နား

**ဖားကန့် ဇူလိုင် ၁၀**

ဖားကန့်ဒေသတွင် ကျောက်မျက်တူးဖော်ခွင့်ကို သုံးလရပ်နားထားကြောင်း ကချင်ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းထံမှ သိရသည်။

ဖားကန့်ဒေသအတွင်း နွေရာသီကာလတွင် မြေပြိုမှုများ မကြာခဏဖြစ်ပေါ်ခဲ့၍ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခဲ့ရခြင်းများနှင့် ကြုံတွေ့ခဲ့ရပြီး မိုးတွင်းကာလတွင် အလားတူအဖြစ်မျိုး မဖြစ်ပေါ်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်က စီစဉ်ဆောင်ရွက်သည့်လုပ်ငန်းစဉ်ကို ပြည်နယ်မှ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြစ်ပြီး ဇူလိုင် ၁ ရက်မှစ၍ ကျောက်မျက်တူးဖော်ခွင့်ကို သုံးလရပ်နားထားပြီး လိုက်နာမှုမရှိပါက ဥပဒေကြောင်းအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဝန်ထမ်းများအရည်အသွေး ပိုမိုတိုးတက်စေရန် ပြည်ပနိုင်ငံများသို့ အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ ညီလာခံ၊ လေ့လာရေးခရီးနှင့် သင်တန်းများ စေလွှတ်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ နိုင်ငံတကာအတွေ့အကြုံရရှိစေရန်၊ တစ်ဦးချင်းစီ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည် ပိုမိုတိုးတက်စေရန်နှင့် ပြည်သူများအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ဘာသာရပ်အသီးသီးနှင့် နီးနွယ်သော အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ၊ ညီလာခံ၊ လေ့လာရေးခရီး၊ ဘွဲ့မရသင်တန်း၊ မဟာဘွဲ့နှင့်ပါရဂူဘွဲ့ သင်တန်းများတက်ရောက်ရန် ပြည်ပနိုင်ငံများသို့ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်အထိ စေလွှတ်မှုအခြေအနေအား အောက်ပါဇယားတွင် ဖော်ပြထားသည်-

| စဉ် | ဦးစီးဌာန | အစည်းအဝေး/ ဆွေးနွေးပွဲ/ ညီလာခံ/ လေ့လာရေး | သင်တန်းများ | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | | ဘွဲ့ရသင်တန်း | | ဘွဲ့မရသင်တန်း | | |
| | | | ပါရဂူဘွဲ့ | မဟာဘွဲ့ | ၆ လနှင့်အောက် | ၆ လအထက် | |
| ၁ | ပြည်သူ့ကျန်းမာရေး | ၁၄၃၈ | ၄ | ၂၆ | ၁၀၅ | ၄၁ | ၁၆၁၄ |
| ၂ | ကုသရေး | ၁၇၂၀ | ၇ | ၁၆ | ၆၂၁ | ၁၀၀ | ၂၄၆၄ |
| ၃ | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် | ၁၂၃၇ | ၂၇ | ၂၀ | ၂၃၇ | ၉၉ | ၁၆၂၀ |
| ၄ | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး | ၃၁၄ | ၃ | ၁၂ | ၁၉၆ | ၂၂ | ၅၄၇ |
| ၅ | ဆေးသုတေသန | ၁၃၅ | ၇ | ၂ | ၁၉ | ၁၁ | ၁၇၄ |
| ၆ | တိုင်းရင်းဆေးပညာ | ၁၃၈ | - | - | ၁၅ | ၄ | ၁၅၇ |
| ၇ | ဝန်ကြီးရုံး | ၁၁၅ | - | - | ၂ | - | ၁၁၇ |
| | **စုစုပေါင်း** | **၅၀၉၇** | **၄၈** | **၇၆** | **၁၁၉၄** | **၂၇၇** | **၆၆၉၃** |

သင်တန်းများတက်ရောက်ရန် အများဆုံးစေလွှတ်ထားသော နိုင်ငံများမှာ ထိုင်း ၃၅၂ ဦး၊ ဂျပန် ၂၉၆ ဦး၊ ကိုရီးယား ၂၁၃ ဦး၊ တရုတ် ၉၉ ဦး၊ စင်ကာပူ ၇၆ ဦး၊ အမေရိကန် ၆၉ ဦး၊ ဩစတြေးလျ ၆၃ ဦး၊ အိန္ဒိယ ၆၀ တို့ဖြစ်ပြီး စုစုပေါင်း နိုင်ငံပေါင်း ၂၈ နိုင်ငံသို့ ဘွဲ့မရနှင့် ဘွဲ့ရသင်တန်းများတက်ရောက်ရန် ပညာသင်များစေလွှတ်ခဲ့ပါသည်။

ထိုကဲ့သို့ စေလွှတ်မှုများတွင် ကုန်ကျစရိတ်များ၏ ငါးရာခိုင်နှုန်းခန့်ကိုသာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

(၁၂) လတိတိ အတိုးမဲ့ အရစ်ကျပေးသွင်းနိုင်မည့် Nawaday 4 Storey Shop House



လှိုင်သာယာမြို့နယ်၊ နဝဒေးအိမ်ရာရှိ ၁၈ပေ × ပေ၄၀ ကျယ်ဝန်းသောလူနေဆိုင်ခန်း စီးပွားရေးအဆောက်အဦးဖြစ်ပါသည်။ မြေညီထပ်မှာhall type ဖြစ်၍ဆိုင်ခန်းဖွင့်ရန် သင့်တော်ပါသည်။ပထမထပ်တွင် မီးဖိုခန်းပါပြီး ဧည့်ခန်း၊ ထမင်းစားခန်း ပြုလုပ်ရန် သင့်တော်ပါသည်။ ဒုတိယထပ် နှင့် တတိယထပ်တွင် Bed Room များပါပြီး တတိယထပ်နောက်ဖက်တွင်ကျယ်ဝန်းသော ဝရန်တာပါရှိပါသည်။ နေထိုင်ရန်သင့်တော်ရုံသာမက စီးပွားရေးတွဲလုပ်၍ရသော အဆောက်အဦးဖြစ်ပါသည်။

ဖုန်း–၆၅၀၅၃၅၊ ၆၆၆၁၈၃၊ ၆၅၁၄၃၆၊ ၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# အလုပ်အကိုင် အခွင့်အလမ်း ၅၃၀ ကျော် ဖန်တီးပေးနိုင်မည့် လုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု

**နေပြည်တော် ဇူလိုင် ၁၀**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်ကိုးဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် စက်မှုကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းစုစုပေါင်းငါးခု ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၂၀၀ သန်းနှင့် ကျပ် ၇၈၃၆ ဒသမ ၀၆၆ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၃၅ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် မေလကုန်အထိ နိုင်ငံပေါင်း ၄၉ နိုင်ငံတို့မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၇၂၅ ခု ရင်းနှီးမြှုပ်နှံလျက်ရှိရာ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၀၂၃၄ ဒသမ ၄၁၇ ဖြင့် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။



နိုင်ငံပေါင်း ၄၉ နိုင်ငံမှ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၉၄ ရာခိုင်နှုန်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၄၀ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၃ ဒသမ ၅၉ ရာခိုင်နှုန်းဖြင့် ရင်းနှီးမြှုပ်နှံထားရှိသည်။

**သတင်းစဉ်**



## ဖျာပုံခရိုင်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးရန် ကျပ်သိန်း ၇၀ ကျော် လှူဒါန်း

**ဖျာပုံ ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း နန္ဒာအောင်မြေ ပရဟိတအသင်းတို့၏ ဦးစီးပဓာန နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နိမလ အရှင်သူမြတ်က ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အလှူငွေကျပ် ၇၂ သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျေးလက်က ကလေးတချို့က အဝေးကြီးကျောင်းတက်ရသူတွေရှိတယ်။ တစ်ခါတလေ မနက်စာ စားသွားဖို့ရာလည်း အခက်အခဲရှိနေတာတွေ ကြားသိနေရတယ်။ အဲဒီလို အစာအာဟာရအခက်အခဲကြောင့် ပညာရေးအနှောင့်အယှက်မဖြစ်စေဖို့ နိုင်သမျှ လှူဒါန်းပေးခြင်းဖြစ်ပါတယ်။ ဘုန်းဘုန်းက ဦးဆောင်တယ်။ စိတ်ပါဝင်စားတဲ့ ဒါယကာ၊ ဒါယိကာမတွေက ပါဝင်လှူဒါန်းကူညီကြတဲ့အတွက် ဒီလိုအလှူမျိုး လှူခြင်းဖြစ်ပါတယ်။ နောင်လည်း လူမျိုးဘာသာမရွေး ကျောင်းသား ကျောင်းသူတွေ အာဟာရအတွက် ဆက်လက်လှူဒါန်းဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်"ဟု လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်းဆရာတော် ဘဒ္ဒန္တနိမလက မိန့်ကြားခဲ့သည်။

အဆိုပါ အာဟာရကျွေးမွေးလှူဒါန်းခြင်း အစီအစဉ်များကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် လစဉ်လှူဒါန်းရန် စီစဉ်ထားကြောင်း၊ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်မြို့နယ်များမှ ဆင်းရဲနွမ်းပါးသည့် ကလေးအများစု တက်ရောက်ပညာသင်ယူနေသော ကျောင်းပေါင်း ၃၀ ကျော်အား ရွေးချယ်ကာ လှူဒါန်းပေးအပ်လျက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

### ❖ အာဆီယံအမျိုးသမီးပြိုင်ပွဲမှ

မြန်မာအမျိုးသမီးအသင်းသည် ဇူလိုင် ၈ ရက်တွင် ပြန်လည်လေ့ကျင့်လျက်ရှိပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ကြံ့ခိုင်ရေးနည်းပြအဖြစ် စပိန်လူမျိုး ဟွမ်ရိုမန်ကို အာဆီယံပြိုင်ပွဲအပြီးထိ တာဝန်ပေးခဲ့သောကြောင့် ဇူလိုင် ၁၀ ရက်မှစ၍ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ဟွမ်ရိုမန်သည် ပထမဆုံးတာဝန်ယူသည့်ရက်တွင် ကစားသမားများ၏ ကြံ့ခိုင်မှုကို စစ်ဆေးခဲ့ခြင်းဖြစ်ပြီး ကစားသမားများ၏ ကြံ့ခိုင်မှုအပေါ်မူတည်၍ နည်းပြချုပ် ဦးဝင်းသူမိုးနှင့် ညှိနှိုင်းကာ ကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် တရုတ်ခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲသုံးပွဲကစားမည်ဖြစ်ပြီး လက်ရှိအချိန်တွင် အသင်းနှစ်သင်းနှင့် သဘောတူညီမှုရထားပြီးဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ၂၀၁၉ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၄ ရက်အထိ တရုတ်နိုင်ငံ ပေကျင်းမြို့၌ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

### ○ အာဆီယံ ယူ-၁၈ မှ

သွားရောက်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ဇူလိုင် ၁၇ ရက်တွင် ဂျပန်နိုင်ငံ၌ စတင်လေ့ကျင့်ကာ ပထမဆုံးခြေစမ်းပွဲအဖြစ် ဇူလိုင် ၁၈ ရက်တွင် ဆီရီဇိုအိုဆာကာ ယူ-၁၈ အသင်းနှင့် စတင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် နောက်ထပ်ခြေစမ်းပွဲများအဖြစ် ဇူလိုင် ၂၁ ရက်တွင် အိုဆာကာဆန်ဂျိုတက္ကသိုလ်အသင်း၊ ဇူလိုင် ၂၄ ရက်တွင် ဟာနန်တက္ကသိုလ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု (က) တွင် အင်ဒိုနီးရှား၊ လာအို၊ တီမော၊ ဖိလစ်ပိုင်၊ ဘရူနိုင်းတို့နှင့် ကျရောက်နေသည်။ မြန်မာ ယူ-၁၈ အသင်းသည် ယင်းခရီးစဉ်တွင် ကစားသမား ၂၅ ဦး ခေါ်ဆောင်သွားမည်ဖြစ်ပြီး ဇူလိုင် ၁၂ ရက်တွင် ကစားမည့် MNL ယူ-၂၁ ပွဲစဉ်ပြီးဆုံးပါက အပြီးသတ်လူစာရင်းကို ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

### ❋ ကျောဖုံးမှ

လုပ်ငန်းနှင့် စက်ရုံကြီးများ တည်ဆောက်ရန် ပါရှိခဲ့သည်။ ရခိုင်ပြည်နယ်ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွင်း တရုတ်နိုင်ငံက ရေနက်ဆိပ်ကမ်းတစ်ခု တည်ဆောက်လျက်ရှိသည်။ အဆိုပါ ဆိပ်ကမ်းတည်ဆောက်ရေးစီမံကိန်းတွင် မြန်မာ-တရုတ် ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု ပါဝင်ပြီး တရုတ်နိုင်ငံ၏ "ရပ်ဝန်းနှင့်ပိုးလမ်းမ" စီမံကိန်းအရ ဖော်ဆောင်ခြင်းဖြစ်သည်။

ထားဝယ်အထူးစီးပွားရေးဇုန် ဖော်ဆောင်မှုက အရှေ့တောင်အာရှဒေသတွင် စီးပွားရေးအခွင့်အလမ်းများ မြှင့်တင်ပေးနိုင်သည်ဟု ဂျပန်နိုင်ငံက ယုံကြည်သည်။ ထားဝယ်မြို့မှာ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်မှ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တော်နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော်မှတစ်ဆင့် အိန္ဒိယသမုဒ္ဒရာအထိ ရောက်ရှိသော နယ်စပ်ဖြတ်ကျော် တောင်ပိုင်းစီးပွားရေးစင်္ကြံ၏ အဆုံးမှတ်တွင်တည်ရှိပြီး အသုံးတည့်သော ပို့ကုန်လမ်းကြောင်းတစ်ခုအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ အဆိုပြုမည့်အစီအစဉ်ကို ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ကြေညာမည်ဖြစ်သည်။

ဂျပန်၊ ထိုင်းနှင့် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များသည် ထားဝယ်အထူးစီးပွားရေးဇုန် ပြန်လည်ဖော်ဆောင်ရေးဆိုင်ရာ ဆွေးနွေးမှုများကို ယခုနှစ်ဆောင်းဦးရာသီတွင် စတင်မည်ဖြစ်သည်။ ဂျပန်နိုင်ငံက ရန်ကုန်မြို့တော်အနီးရှိ သီလဝါအထူးစီးပွားရေးဇုန် တည်ဆောက်ရေးကိုလည်း ပံ့ပိုးပေးခဲ့သည်။

**ကိုးကား - Nikkei Asian Review**
**ဘာသာပြန် - ကျော်ထိုက်စိုး**

၂၀၁၉–ခုနှစ် မေးခွန်းပုံစံသစ်၊ အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြင်ဆင်ဖြည့်စွက် ရေးသားထားသော
ပါမောက္ခ ဒေါက်တာခင်ဆန်းဦး၏ တက္ကသိုလ်ဝင်တန်း မြန်မာစာ စာအုပ်များ




ထွက်နေပါပြီ။
အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ဆက်သွယ်မှာကြားရန်
ဂုဏ်ထူးမော်ကွန်းစာပေ
အမှတ်(၃၅၉)၊ ပထမထပ်၊
ဗိုလ်အောင်ကျော်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၂၅၃ ၅၃၇ ၁၃၆
၀၉ ၇၃၀ ၃၁၂၂၉
၀၉ ၄၃၁ ၄၁၂၂၉

# သမ္မတထရန့်အစိုးရအား ဝေဖန်ခဲ့သည့် ဗြိတိန်သံအမတ်ကြီး ရာထူးမှ နုတ်ထွက်

**လန်ဒန် ဇူလိုင် ၁၀**

အမေရိကန်နိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး ကင်ဒါရော့ချ်သည် သမ္မတဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့အား ဝေဖန်ပြောကြားခဲ့သည့် သူ၏ကြေးနန်းစာအချို့ပေါက်ကြားခဲ့ပြီးနောက် ရာထူးမှ နုတ်ထွက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ ကိစ္စရပ်ကြောင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး အနည်းငယ် ထိခိုက်ခဲ့ရသည်။

ဗြိတိန်သံအမတ်ကြီး၏ လန်ဒန်သို့ပေးပို့ခဲ့သည့် ကြေးနန်းစာထဲတွင် သမ္မတထရန့်ဦးဆောင်သော အစိုးရအဖွဲ့သည် အခြေအနေအရပ်ရပ်ကို လိမ္မာပါးနပ်စွာ ကိုင်တွယ်နိုင်မှုမရှိဟု ရေးသားခဲ့ကြောင်း ဗြိတိန်သတင်းစာတစ်စောင်က ဖော်ပြခဲ့ပြီးနောက် ဗြိတိန်သံအမတ်ကြီးက ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

သမ္မတထရန့်က သူ၏အစိုးရအဖွဲ့အား ယင်းသို့ ဝေဖန်ပြောကြားမှုအပေါ် ဗြိတိန်သံအမတ်ကြီးအား ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ကောင်းမွန်မှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းမရှိသည့် ဗြိတိန်သံအမတ်ကြီးအား အဆိုပါရာထူးတွင် ဆက်လက်ခန့်အပ်ထားသည့် ဝန်ကြီးချုပ် ထရီစာမေ၏ အစီအစဉ်ကိုလည်း ဝေဖန်ရှုတ်ချခဲ့သည်။

ဗြိတိန်သံအမတ်ကြီး ကင်ဒါရော့ချ်သည် ဇူလိုင် ၁၀ ရက်တွင် နုတ်ထွက်ခဲ့သည်။ လက်ရှိရင်ဆိုင်နေရသည့် အခြေအနေများသည် ၎င်းအား သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရန် ခက်ခဲမှုများရှိလာခဲ့သည့်အတွက် နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း ဗြိတိန်သံအမတ်ကြီး ကင်ဒါရော့ချ်က ဆိုသည်။

**အေအက်ဖ်ပီ**







# အမှိုက်သရိုက်များတင်ဆောင်လာသော ကွန်တိန်နာများအား ပိုင်ရှင်နိုင်ငံများသို့ အင်ဒိုနီးရှား ပြန်လည်ပေးပို့မည်

**ဂျကာတာ ဇူလိုင် ၁၀**

အရှေ့တောင်အာရှ နိုင်ငံများသို့ ရောက်ရှိလာသည့် ပလတ်စတစ်များအပါအဝင် အခြားအမှိုက်သရိုက်များအား ပိုင်ရှင်နိုင်ငံများသို့ ပြန်လည်တင်ပို့မှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း အင်ဒိုနီးရှားအာဏာပိုင်များက ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံ ဒုတိယမြို့တော်ဖြစ်သည့် ဆူရာဘာရာရှိ ဆိပ်ကမ်းတစ်ခုတွင် အမှိုက်သရိုက်များသယ်ဆောင်လာသော ကွန်တိန်နာ ရှစ်လုံးအား ဖမ်းဆီးရမိခဲ့ပြီးနောက် အမှိုက်သရိုက် တန်ချိန် ၂၀၀ ကျော်ကို ဩစတြေးလျနိုင်ငံသို့ ပြန်လည်ပို့ဆောင်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် စင်ကာပူနိုင်ငံအနီးရှိ ဆိပ်ကမ်းတစ်ခု၌ အမှိုက်သရိုက်များ သယ်ဆောင်လာသည့် ကွန်တိန်နာ ၄၉ လုံးအား အမေရိကန်၊ ပြင်သစ်နှင့် ဂျာမနီအပါအဝင် အခြားချမ်းသာသော ပိုင်ရှင်နိုင်ငံများသို့ ပြန်လည်ပို့ဆောင်မည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

ယင်းသို့ ကျန်းမာရေးထိခိုက်စေသော အဆိပ်အတောက်ပစ္စည်းများ အပါအဝင် အမှိုက်သရိုက်များတင်ဆောင်လာသော ကွန်တိန်နာများ တင်ပို့မှုသည် အင်ဒိုနီးရှား၏ သဘော်ာဖြင့် ကုန်ပစ္စည်းတင်ပို့မှု ဥပဒေကို ချိုးဖောက်ရာရောက်သည်ဟု အာဏာပိုင်များက ဆိုသည်။

မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများက ယင်းအမှိုက်သရိုက်များတင်ဆောင်လာသော ကွန်တိန်နာများအား ချမ်းသာသောနိုင်ငံများသို့ ပြန်လည်ပို့ဆောင်သည့် အစီအစဉ်ကို မကြာမီအချိန်က စတင်လျက်ရှိသည်။

တရုတ်နိုင်ငံက ပလတ်စတစ်အမှိုက်များ နိုင်ငံအတွင်းသို့ တင်သွင်းမှုကို ပိတ်ပင်ခဲ့သည့်အချိန် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှစပြီး အဆိုပါ အမှိုက်သရိုက်ပါ ကွန်တိန်နာများအား အရှေ့တောင်အာရှနိုင်ငံများသို့ တင်သွင်းမှု ပိုမိုများပြားလာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# လစ်ဗျားမြို့တော် ထရီပိုလီ၌ ဖြစ်ပွားခဲ့သည့် တိုက်ပွဲများအတွင်း သေဆုံးသူ ၁၀၄၈ ဦးရှိ

**ထရီပိုလီ ဇူလိုင် ၁၀**

လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီဝန်းကျင်တွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲများအတွင်း၌ သေဆုံးသူဦးရေ စုစုပေါင်းမှာ ၁၀၄၈ ဦးရှိပြီး ထိခိုက်ဒဏ်ရာရသူများမှာ ၅၅၅၈ ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ဇူလိုင် ၉ ရက်တွင် ပြောကြားသည်။

ထရီပိုလီအကျပ်အတည်းသည် အချိန်ကာလအားဖြင့် လေးလအတွင်း ဝင်ရောက်လာခဲ့ပြီး သေဆုံးသူဦးရေမှာ အရပ်သား ၁၀၆ ဦးအပါအဝင် ၁၀၄၈ ဦးရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၅၅၅၈ ဦးတွင် အရပ်သား ၂၈၉ ဦးပါဝင်ကြောင်း ဒဗလျူအိတ်ချ်အို၏ တွစ်တာစာမျက်နှာ၌ ဖော်ပြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ဆေးရုံများ၏ ကုသမှုလုပ်ငန်းများ နိုင်နင်းစွာလုပ်ဆောင်နိုင်ရေးအတွက် ဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာ အထောက်အပံ့များ ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ မိမိတို့၏ ဆေးကုသရေးအဖွဲ့များသည် သုံးလအတွင်း လူနာ ၁၇၀၀ ကျော်ကို ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း ပြောကြားသည်။

ထိုစဉ်အတွင်းတွင် လစ်ဗျားနိုင်ငံရှိ ကုလသမဂ္ဂ ထောက်ပံ့ရေးလုပ်ငန်းအဖွဲ့(ယူအင်န်အက်စ်အမ်အိုင်အယ်လ်)က လစ်ဗျားတောင်ပိုင်းတွင် ဖြစ်ပွားနေသည့် မျိုးနွယ်စုများအကြား တိုက်ခိုက်နေမှုများကို ချက်ချင်းအပစ်အခတ်ရပ်စဲရန် ဇူလိုင် ၉ ရက်တွင် တောင်းဆိုခဲ့သည်။

ပြည်သူအချို့ ထိခိုက်သေဆုံးမှုများဖြစ်ပေါ်ခဲ့သည့် မူရာဇက်မြို့မှ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းအတွက် ယူအင်န်အက်စ်အမ်အိုင်အယ်လ်အဖွဲ့မှ စိုးရိမ်မှုများစွာဖြစ်ရကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

မူရာဇက်မြို့သည် မြို့တော်ထရီပိုလီ၏တောင်ဘက် ကီလိုမီတာ ၇၈၀ အကွာတွင်ရှိပြီး ယင်းမြို့တွင် ဇူလိုင် ၈ ရက်က မျိုးနွယ်စုဝင်များအကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လူအချို့သေဆုံးမှုနှင့် ဒဏ်ရာရမှုများ ဖြစ်ခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ခါလီဖာဟက်ဖ်တာဦးဆောင်သည့် လစ်ဗျားအရှေ့ပိုင်းတပ်ဖွဲ့များက ဧပြီလအစောပိုင်းတွင် စစ်ရေးတိုက်ခိုက်မှုများ စတင်လုပ်ဆောင်ခဲ့ကာ မြို့တော်ထရီပိုလီအား သိမ်းယူရန် ကြိုးပမ်းခဲ့သည်။ မြို့တော်ထရီပိုလီသည် ကုလသမဂ္ဂထောက်ပံ့မှုပြုထားသည့် လစ်ဗျားအစိုးရ အခြေပြုရာမြို့ဖြစ်သည်။

**ဆင်ဟွာ**



# ဂျပန်နိုင်ငံ၏လူဦးရေ ၁၀ နှစ် ဆက်တိုက်ကျဆင်း



**တိုကျို ဇူလိုင် ၁၀**

ဂျပန်နိုင်ငံ၏ လူဦးရေပမာဏသည် ၁၀ နှစ်ဆက်တိုက် ကျဆင်းနေချိန်တွင် ၎င်းနိုင်ငံတွင်း၌ နေထိုင်သည့် နိုင်ငံခြားသားဦးရေသည် ဂျပန်နိုင်ငံလူဦးရေ၏ နှစ်ရာခိုင်နှုန်းကျော်အထိ ပထမဆုံးအကြိမ် ရောက်ရှိလာကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဂျပန်နိုင်ငံ၌ လူဦးရေ ၁၂၄ ဒသမ ၇ သန်းရှိကြောင်း၊ ယင်းပမာဏသည် ၂၀၁၉ ခုနှစ်မှစ၍ လူဦးရေပမာဏ အနိမ့်ကျဆုံးဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ၏ ၂၀၁၉ ခုနှစ် လူဦးရေသည် ၂၀၁၈ ခုနှစ်နှင့် နှိုင်းယှဉ်ပါက လူဦးရေ ၄၃၃၀၀၀ လျော့နည်းသွားပြီး ယင်းပမာဏမှာ ၁၉၆၈ ခုနှစ်မှစပြီး စစ်တမ်းကောက်ယူခဲ့ချိန်နောက်ပိုင်းတွင် ပမာဏ အကြီးမားဆုံး ကျဆင်းမှုဖြစ်သည်။

ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်းမှာ ၂၀၁၈ ခုနှစ်တွင် ကလေးဦးရေ ၉၂၁၀၀၀ ရှိပြီး ၎င်းမှာ ၁၉၇၂ ခုနှစ်က စတင် စစ်တမ်းကောက်ယူစဉ်ကတည်းကစ၍ အနိမ့်ဆုံးဖြစ်သည်။ ဂျပန်နိုင်ငံတွင် ကလေးမွေးဖွားမှုဦးရေ တစ်သန်းအောက်သို့ သုံးနှစ်ဆက်တိုက်ကျဆင်းမှု ဖြစ်ပွားခဲ့သည်။

ဂျပန်နိုင်ငံတွင် နေထိုင်ခွင့်ကတ်ပြား ကိုင်ဆောင်ထားသည့် နိုင်ငံခြားသားဦးရေသည် ၂ ဒသမ ၆၆ သန်းကျော်ရှိပြီး ယင်းပမာဏသည် လက်ရှိဂျပန်နိုင်ငံ လူဦးရေ၏ နှစ်ရာခိုင်နှုန်းကို ပထမဆုံးအကြိမ် ကျော်လွန်သွားခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင်းရှိ ခရိုင်အားလုံးတွင် နိုင်ငံခြားသားနေထိုင်သူဦးရေ တိုးမြင့်သွားခြင်းလည်း ဖြစ်သည်။

ဂျပန်နိုင်ငံ၏ မြို့တော် တိုကျိုသည် နိုင်ငံခြားသားနေထိုင်မှု အများဆုံးဖြစ်ပြီး လူဦးရေ ၅၅၀၀၀၀ ရှိသည်။ ၎င်းနောက်တွင် အီချီခရိုင်၌ နိုင်ငံခြားသားဦးရေ ၂၅၀၀၀၀ ခန့် နေထိုင်ပြီး အိုဆာကာ ခရိုင်တွင် နိုင်ငံခြားသားဦးရေ ၂၃၀၀၀၀ နေထိုင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်နှင့်တရုတ် ကုန်သွယ်ရေးဆွေးနွေးမှု ပြန်လည်စတင်



**ဝါရှင်တန်ဒီစီ ဇူလိုင် ၁၀**

ကမ္ဘာ့စီးပွားရေးအင်အားကြီး နှစ်နိုင်ငံဖြစ်သည့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့မှ ထိပ်တန်း စေ့စပ်ညှိနှိုင်းရေးမှူးများသည် ကုန်သွယ်ရေးစစ်ပွဲ ဖြေရှင်းရန်ကြိုးပမ်းမှုအဖြစ် ယမန်နေ့က ဖုန်းဖြင့် ဆွေးနွေးခဲ့ကြသည်။

အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မြူချင်နှင့် ကုန်သွယ်ရေးကိုယ်စားလှယ် လိုက်သီဇာတို့သည် တရုတ်ဒုတိယဝန်ကြီးချုပ် လျူဟေ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ကျောင်ရှန်းတို့နှင့် နှစ်နိုင်ငံကြား ကုန်သွယ်ရေးအငြင်းပွားမှုကို ဖုန်းဖြင့် ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးမှုများမှာ အပြုသဘောဆောင်သော်လည်း အသေးစိတ်အချက်များကိုပြောကြားရန် စောလွန်းသေးကြောင်း အိမ်ဖြူတော် စီးပွားရေးအကြံပေး လာရီကွဒ်လိုးက သတင်းထောက်များအား ပြောကြားခဲ့သည်။ ဆွေးနွေးမှုများမှာ ကနဦးအဆင့်သာရှိသေးပြီး အစည်းအဝေးများ ကျင်းပရန် ပြန်လည်စီစဉ်ရမည်ဟု Fox Business Network နှင့် တွေ့ဆုံမေးမြန်းမှုတစ်ခုအတွင်း လာရီက ပြောကြားသည်။

စည်းကြပ်ခွန်သတ်မှတ်မှု ဆိုင်းငံ့ရန်နှင့် အမေရိကန်ကုန်စည်အချို့ကို တရုတ်ဆက်သွယ်ရေးကုမ္ပဏီ ဟွာဝေးသို့ ရောင်းချရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က သဘောတူညီခဲ့ကြောင်း လာရီက ဆိုသည်။ "တရုတ်နိုင်ငံက မကြာမီ အမေရိကန်လယ်ယာထုတ်ကုန်တွေ စတင်ဝယ်ယူပါလိမ့်မယ်"ဟု သူက ပြောသည်။ ဂျပန်နိုင်ငံ အိုဆာကာမြို့တော်၌ ကျင်းပသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၌ နှစ်နိုင်ငံခေါင်းဆောင်များကြား ရရှိခဲ့သော သဘောတူညီချက်များ အကောင်အထည်ဖော်ဆောင်ရေးအတွက် နှစ်နိုင်ငံကြား အမြင်ချင်းဖလှယ်ခဲ့ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားသည်။

အိုဆာကာမြို့တော်၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် တရုတ်ထုတ်ကုန်များအပေါ် စည်းကြပ်ခွန်ကောက်ခံခြင်း ပြုလုပ်တော့မည်မဟုတ်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ယခင်က တရုတ်ထုတ်ကုန်များအပေါ် အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံ စည်းကြပ်ခွန် ထပ်မံကောက်ခံရန် ခြိမ်းခြောက်ခဲ့သည်။ **ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ပါပူဝါနယူးဂီနီ၌ လူမျိုးနွယ်စုအချင်းချင်း တိုက်ခိုက်မှုဖြစ်ပွား၊ ၂၄ ဦးထက်မနည်း အသက်ဆုံးရှုံး

**ပေါ်မော့စ်ဘီ ဇူလိုင် ၁၀**

ပါပူဝါနယူးဂီနီနိုင်ငံရှိ ဥပဒေကင်းမဲ့သော ဟိုက်လန်း (သို့မဟုတ်) ဟယ်လာပြည်နယ်တွင် လူမျိုးနွယ်စုအချင်းချင်း ခိုက်ရန်ဖြစ်ပွားခဲ့ရာ ကိုယ်ဝန်ဆောင်မိခင်နှစ်ဦးနှင့် ၎င်းတို့၏ မမွေးရသေးသော ကလေးငယ်နှစ်ယောက်အပါအဝင် လူ ၂၄ ဦး ထက်မနည်း အသက်ဆုံးရှုံးခဲ့သည်။

ဟယ်လာပြည်နယ်တွင် နေထိုင်သည့် တိုင်းရင်းသား လူမျိုးနွယ်စုများသည် နှစ်ပေါင်းရာချီ အချင်းချင်းတိုက်ခိုက်လာခဲ့ကြကြောင်း သိရသည်။ အကြောင်းမှာ ဒေသတွင်း မောင်းပြန်သေနတ်များ ထွန်းကားလာခြင်းကြောင့် ယခုကဲ့သို့ လူမျိုးနွယ်စုအကြား တိုက်ခိုက်မှုအရှိန်မြင့်မားစေခဲ့ပြီး သေဆုံးမှုကိုလည်း ပို၍များပြားစေခဲ့ခြင်းဖြစ်သည်။

ခိုက်ရန်ဖြစ်ပွားမှု၌ သေဆုံးသွားသည့် ၂၄ ဦးသည် လူမျိုးနွယ်စုအချင်းချင်း သုံးရက်ကြာ တိုက်ခိုက်မှုအတောအတွင်း သေဆုံးခဲ့ရခြင်းဖြစ်ပြီး သေဆုံးသူဦးရေလည်း နောက်ထပ် တိုးပွားလာနိုင်ဖွယ်ရှိကြောင်း ဟယ်လာပြည်နယ် အုပ်ချုပ်ရေးမှူး ဝီလီယံဘန်ဒိုက ပြောကြားသည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး ဘန်ဒိုသည် ဒေသဆိုင်ရာအရာရှိများအား အင်အားဖြည့်တင်းပေးသည့်အနေဖြင့် ဟယ်လာပြည်နယ်အတွင်း ရဲတပ်ဖွဲ့ဝင်အနည်းဆုံး ၁၀၀ ခန့် နောက်ထပ် တာဝန်ချထားရန် တိုက်တွန်းလိုက်သည်။

အဆိုပါ တိုက်ခိုက်မှုသည် မကြာသေးမီက ပါပူဝါနယူးဂီနီ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဂျိမ်းစ်မာရိတ်နှင့် ပါပူဝါနယူးဂီနီနိုင်ငံကို အထိတ်တလန့်ဖြစ်စေခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မာရိတ်သည် ပြည်နယ်အတွင်း လုံခြုံရေး တိုးမြှင့်ချထားရန် ကတိကဝတ်ပြုထားပြီး ပြစ်မှုကျူးလွန်သူများကို လက်တုံ့ပြန်ရန် သတိပေးလိုက်သည်။ ဟယ်လာပြည်နယ် မူနီမာနှင့် ကာရီဒါကျေးရွာများမှ အများအပြားသည် မသမာသူများ၏ လက်ချက်ဖြင့် အသတ်ခံခဲ့ရရာ ယနေ့သည် မိမိ၏ ဘဝတစ်လျှောက် ဝမ်းအနည်းဆုံးနေ့တစ်နေ့ ဖြစ်လာခဲ့သည်ဟု မာရိတ်က ပြောကြားသည်။

ကာရီဒါကျေးရွာ၌ နာရီဝက်ကြာ စီးနင်းတိုက်ခိုက်မှု အတောအတွင်း အမျိုးသမီးခြောက်ဦး၊ ကလေးငယ် ရှစ်ဦး၊ ကိုယ်ဝန်ဆောင်မိခင်နှစ်ဦးနှင့်အတူ မမွေးရသေးသော ကလေးငယ်များကို ရိုက်နှက်ပြီး ပစ်သတ်ခဲ့သည်ဟု တိုက်ခိုက်ရေးသမားများက ဆိုသည်။

**ကိုးကား - အေအက်ဖ်ပီ**

**ဘာသာပြန် - ဂျေတီ**



ပါပူဝါနယူးဂီနီ ဝန်ကြီးချုပ် ဂျိမ်းစ်မာရိတ်

# ဘက်ထရီအားသုံး ရှင်ကန်ဆန် ကျည်ဆန်ရထားသစ် ဂျပန် စမ်းသပ်မောင်းနှင်

**တိုကျို ဇူလိုင် ၁၀**

ဂျပန် ဗဟိုမီးရထားကုမ္ပဏီ (Central Japan Railway Co.) ၏ ဘက်ထရီဖြင့် မောင်းနှင်သည့် ပထမဦးဆုံး ရှင်ကန်ဆန်ကျည်ဆန်ရထားကို ဗုဒ္ဓဟူးနေ့က စမ်းသပ်မောင်းနှင်ခဲ့သည်။

၎င်းစမ်းသပ်မှုသည် ကမ္ဘာ့ပထမဆုံးဘက်ထရီအားသုံး မြန်နှုန်းမြင့်ရထား စမ်းသပ်မောင်းနှင်မှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

နည်းပညာသစ်သည် အရေးပေါ်အခြေအနေများတွင် အကူအညီဖြစ်စေမည်ဟု မျှော်လင့်ကြောင်း၊ သတ်မှတ်ချိန်ထက်ပိုမိုသည့် ပြေးဆွဲချိန်တွင် ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ပါက ပုံမှန်ရထားများသည် ဥမင်လိုဏ်ခေါင်းအတွင်း (သို့မဟုတ်) တံတားများပေါ်တွင် ရပ်တန့်သွားကြောင်း၊ ဘက်ထရီအားဖြင့် မောင်းနှင်သည့် ရှင်ကန်ဆန် ကျည်ဆန်ရထားသစ်သည် ယင်း၏ကိုယ်ပိုင်စွမ်းအင်ဖြင့် အနီးဆုံးဘူတာရုံသို့ ရောက်အောင်သွားနိုင်မည်ဖြစ်ကြောင်း ကျည်ဆန်ရထားထုတ်လုပ်သည့် ကုမ္ပဏီက ပြောကြားသည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် စတင်အသုံးပြုမည့် N700S ဟု ခေါ်သည့် ကျည်ဆန်ရထား၏ လူစီးတွဲများအောက်၌ နည်းပညာဖြင့် အခြားပစ္စည်းကိရိယာများ၏ အရွယ်အစားကို လျှော့ချထားခြင်းကြောင့် ဘက်ထရီများကို သယ်ဆောင်နိုင်ရန် ဒီဇိုင်းပုံဖော်ထုတ်လုပ်ထားသည်။

ဘက်ထရီအားသုံး N700S မြန်နှုန်းမြင့် ရထားစမ်းသပ်မောင်းနှင်မှုကို ရှီဇိုကာ စီရင်စု မီရှိမာတွင် ဗုဒ္ဓဟူးနေ့က မီဒီယာများရှေ့မှောက်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အောင်ဇော်လင်း**

# တီယန်ကျင်းနှင့် ဟောင်ကောင်ကြား မြန်နှုန်းမြင့်ရထား စတင်ပြေးဆွဲ

**တီယန်ကျင်း ဇူလိုင် ၁၀**

တရုတ်နိုင်ငံမြောက်ပိုင်း တီယန်ကျင်းမြို့တော်နှင့် ဟောင်ကောင်ကြား တိုက်ရိုက် မြန်နှုန်းမြင့်ရထားပြေးဆွဲမှုကို ယနေ့ စတင်လိုက်ပြီဖြစ်သည်။

ခရီးသည် ၁၁၀၀ ကျော် တင်ဆောင်လာသော ကျည်ဆန်ရထား G305 သည် ယနေ့နံနက် ဒေသစံတော်ချိန် ၁၀ နာရီ ၅၈ မိနစ်တွင် တီယန်ကျင်းမြို့တော်မှ ထွက်ခွာလာခဲ့ပြီး ဟောင်ကောင်အနောက်ပိုင်း ကောင်းလွန် ဘူတာရုံသို့ နောက် ၁၀ နာရီအကြာတွင် ရောက်ရှိမည်ဟု တီယန်ကျင်းမီးရထားဌာနမှ အာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။ ကီလိုမီတာ ၂၄၅၀ ရှိသော တီယန်ကျင်း-ဟောင်ကောင် မြန်နှုန်းမြင့် ရထားလမ်းမှာ ဘူတာရုံများစွာကို ဖြတ်သန်းမည်ဖြစ်ပြီး ၁၀ နာရီကြာ ခရီးစဉ်အတွက် ဒုတိယတန်းစား လက်မှတ်တစ်စောင်မှာ ယွမ် ၁၀၉၂ (အမေရိကန်ဒေါ်လာ ၁၅၉ ဒေါ်လာ) နီးပါး ကျသင့်မည် ဖြစ်သည်။

အဆိုပါ မြန်နှုန်းမြင့်ရထားပြေးဆွဲမှုမှာ ယနေ့စတင်သည့် အမျိုးသားရထားပြေးဆွဲရေး အစီအစဉ်၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။ အစီအစဉ်အရ မြန်နှုန်းမြင့်ရထားသစ်များကို ပိုမိုပြေးဆွဲမည့်အပြင် တရုတ်နိုင်ငံ၏ ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ကိုက်ညီစေရန် လုပ်ဆောင်သွားမည် ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ကျော်ထိုက်စိုး**



# ဘီးလင်းမြို့နယ် ရက္ကန်းသည်မကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၀**
မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ရက္ကန်းသည်မကျေးရွာ အုပ်ချုပ်ရေးမှူးသည် ကျေးရွာပိုင် ကွင်းအမှတ်(၁၉)(ခ)ကွင်း သောင်နုမြေများကို လယ်သမား ခုနစ်ဦးအား စုစုပေါင်း ငွေကျပ် ၄၄၀၀၀၀၀ ဖြင့် ရောင်းချခဲ့ခြင်း၊ ၂၀၁၈ ခုနှစ် မိုးရာသီတွင် ပျက်စီးဆုံးရှုံးခဲ့သော လယ်မြေ ၁၇၂၆ ဧကအတွက် နိုင်ငံတော်မှ တစ်ဧကလျှင် ငွေကျပ် ၈၅၀၀ နှုန်းဖြင့် ထောက်ပံ့ကူညီငွေများမှ တစ်ဧကလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် လယ်သမား ၁၃ ဦးထံမှ စုစုပေါင်း ငွေကျပ် ၁၄၅၀၀၀ တောင်းခံခဲ့ခြင်းတို့အား စစ်ဆေးအရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ရက္ကန်းသည်မကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်သည် ကျေးရွာပိုင် သောင်နုမြေအတွင်း မြေပိုများအား လယ်မြေရရှိခြင်းမရှိသော ရွာသားများထံ ရောင်းချခဲ့ရာတွင် ရွာသား လေးဦးထံမှ စုစုပေါင်း ငွေကျပ် ၂၉၅၀၀၀၀ ရယူ၍ လုပ်ကိုင်ခွင့်ပြုခဲ့ခြင်း၊ လုပ်ကိုင်လျက်ရှိသော လယ်မြေကို ဆက်လက်လုပ်ကိုင်နိုင်ရန်အတွက် ငွေကျပ် ၄၀၀၀၀၀ ကို တောင်းခံရယူခဲ့ခြင်း၊ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)လျှောက်ထားရန် ပုံစံ(၁) ရရှိရေးနှင့် လယ်မြေအရောင်းအဝယ်စာချုပ်အသစ် ချုပ်ဆိုရန်အတွက် ငွေကျပ် ၆၇၀၀၀၀ ကို တောင်းခံရယူခဲ့ခြင်း၊ လယ်ယာမြေ လုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) လျှောက်ထားရန်အတွက် ငွေကျပ် ၅၅၀၀၀၀ ကို တောင်းခံရယူခဲ့ခြင်းတို့သည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ရက္ကန်းသည်မကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ မွန်ပြည်နယ် ဘီးလင်းမြို့ တောင်စွန်းရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းမြို့ ဘုရားအတွင်းရှိ အလှူခံပုံးမှ ငွေခိုးယူသူ ဖမ်းမိ

**စစ်ကိုင်း ဇူလိုင် ၁၀**
စစ်ကိုင်းမြို့ ဆင်များရှင် ဘုရားအတွင်းရှိ အလှူခံပုံးမှ ငွေများခိုးယူသူကို ယနေ့နံနက်ပိုင်းက ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၉ ရက် နံနက် ၉ နာရီခန့်က စစ်ကိုင်းမြို့ ဆင်များရှင်ဘုရား ဆင်ရှင်ဗိမာန်ဘုရားဆောင်အတွင်းရှိ အလှူခံပုံးမှ ငွေများအား လူတစ်ဦးက ခိုးယူနေသည်ကို ဆင်များရှင်ဘုရားဂေါပကဝန်ထမ်း နေ့စောင့်ကျသူ ဒေါ်တင်တင်ဦးက တွေ့ရှိရ၍ ဘုရားဆောင်တံခါးအားပိတ်ပြီး ဖမ်းဆီးထားကြောင်း ဖုန်းဖြင့်အကြောင်းကြားလာသဖြင့် ဂေါပကအဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် စစ်ကိုင်းမြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့်အတူ ဆင်ရှင်ဗိမာန်ဘုရားဆောင်အတွင်း သွားရောက်စစ်ဆေးခဲ့ရာ စစ်ကိုင်းမြို့ အုတ်စက်ရပ်ကွက်နေ ညွှန့်ဝင်းကို ဘုရားအလှူခံပုံးအတွင်းမှ ခိုးယူထားသော ငွေကျပ် ၈၄၇၅၀ နှင့်အတူ တွေ့ရှိရသဖြင့် ညွှန့်ဝင်းအား စစ်ကိုင်းမြို့မရဲစခန်းက ဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၀**
မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၉ ရက် နံနက်ပိုင်းက ထီးချိုင့်မြို့နယ် ရွှေပြည်သာကျေးရွာနေ နေဦးနှင့် ၎င်း၏ဇနီး ဒေါ်မြင့်ရီတို့၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၄၀ နှင့် ငွေကျပ် ငါးသိန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာရှိ ဓာတ်အားပေးစက်ရုံအနီးတွင် ဆွေလင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၂၁၆ ဂရမ်နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာရှိ ၎င်း၏နေအိမ်အားရှာဖွေရာ အောင်ဇော်ထက်(ခ)စုတ်ဖွားအား တွေ့ရှိပြီး နေအိမ်မှ ဘိန်းဖြူ ကိုးဂရမ်၊ စိတ်ကြွရူးသွပ်ဆေး ၁၈၉ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ထိုနေ့နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ အမှတ်(၂)ရပ်ကွက်နေ ဒေါ်အေးဆာ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀ ကို လည်းကောင်း။

အလားတူ ဇူလိုင် ၈ ရက် ည ၇ နာရီက လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအုပ်စု မယ်ဟန်ကျေးရွာတွင် အိမ်ငှားရမ်းနေထိုင်သူ အောင်နိုင်ဦး၏အခန်းကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၀၁၅ ပြား သိမ်းဆည်းရမိခဲ့ပြီး အလားတူ လားရှိုးမြို့ အမှတ်(၁၁)ရပ်ကွက် အောင်စေတနာလမ်းတွင် အိုက်ငှ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း၊ ဇူလိုင် ၉ ရက် ညပိုင်းက မူယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် လားရှိုးမြို့အဝင် တိုးဂိတ်အနီးတွင် တေဇာထွန်း မောင်းနှင်ပြီး ရဲထွဋ်နှင့် ထွေးကိုကိုတို့ လိုက်ပါလာသည့် Mitsubishi Canter ယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၁၆ ဒသမ ၉၄ ကီလို၊ ငွေကျပ် ၂၈၀၀၀၀၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



အောင်နိုင်ဦး၊ အိုက်ငှ၊ တေဇာထွန်း၊ ရဲထွဋ်၊ ထွေးကိုကိုတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# လေးမျက်နှာမြို့၌ တရားမဝင်သယ်ဆောင်လာသော ကျွဲ၊ နွား ၁၇ ကောင် သိမ်းဆည်းရမိ

**လေးမျက်နှာ ဇူလိုင် ၁၀**
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဘဲ့ပြားကုန်းကျေးရွာအနီး ပုသိမ်-မုံရွာကားလမ်းမပေါ် မိုင်တိုင်(၄၈/၅ နှင့် ၄၈/၆)ကြား၌ ဇူလိုင် ၁၀ ရက် နံနက် ၂ နာရီခွဲက တရားမဝင်သယ်ဆောင်လာသော ခြောက်ဘီးယာဉ်ပေါ်မှ ကျွဲလေးကောင်နှင့် နွား ၁၃ ကောင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လေးမျက်နှာမြို့နယ်စခန်းမှူး ဒုရဲအုပ်ဝေမိုး ဦးစီး၍တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဘဲ့ပြားကုန်းကျေးရွာသို့ ပုသိမ်-မုံရွာကားလမ်းအတိုင်း အောင်ဇော်မိုး ပန်းတောင်းမြို့ ဝန်လိုရပ်ကွက်နေသူ မောင်းနှင်လာသော ခြောက်ဘီးယာဉ်အား သတင်းအရ ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသော နွား ၁၃ ကောင်၊ ကျွဲလေးကောင်တို့နှင့်အတူ ယာဉ်ပေါ်တွင် ဦးဟန်စိန် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဂျိုကုန်းကျေးရွာနေသူအား တွေ့ရှိရသဖြင့် စစ်မေးစဉ် ဇော်လင်းအောင် ငါးသိုင်းချောင်းမြို့နယ် ရွှေဘိုရပ်ကွက်နေသူ၏ ကျွဲ၊ နွားများဖြစ်ကြောင်းနှင့် တင်ဆောင်လာသော အဆိုပါ ကျွဲနှင့်နွားများအား လေးမျက်နှာမြို့နယ် ဝတ်ကုန်းအုပ်စုအတွင်းမှ ဝယ်ယူလာခြင်းဖြစ်ကြောင်း၊ ခွင့်ပြုချက်အထောက်အထား ပြသနိုင်ခြင်းမရှိသဖြင့် အဆိုပါ ကျွဲ၊ နွား ပေါင်း ၁၇ ကောင်နှင့် ယာဉ်တို့အား လေးမျက်နှာမြို့မရဲစခန်း၌ ထိန်းသိမ်းထားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း အောင်ဇော်မိုး၊ ယာဉ်ပေါ်လိုက်ပါလာသူ ဦးဟန်စိန်နှင့် ဇော်လင်းအောင်တို့သုံးဦးအား လေးမျက်နှာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ရွှေမိုး(လေးမျက်နှာ)**

# တရားမဝင်သစ်များ ဒေသအသီးသီး၌ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၀**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၉၇ ဒသမ ၂၂၂၇ တန်၊ သစ်မာ ၈၂ ဒသမ ၂၅၉၁ တန်နှင့် အခြားသစ် ၁၈၂ ဒသမ ၃၅၉၂ တန် စုစုပေါင်း ၃၆၁ ဒသမ ၈၄၁၀ တန်၊ ပြစ်မှု ကျူးလွန်သူ ၄၃ ဦးနှင့် ယာဉ်၊ ယန္တရား ၆၆ စီး သိမ်းဆည်းရမိခဲ့သည်။



ဖမ်းဆီးရမိမှုများတွင် မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ်အတွင်းမှ ပိတောက်၊ ကညင်နှင့် ကတွတ်ခွဲသား စုစုပေါင်း ၅၈ ဒသမ ၀၀၉၄၀ တန် သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# မိုးနဲ၌ လျှပ်စစ်ဝါယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**မိုးနဲ ဇူလိုင် ၁၀**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် လွိုင်မြေရပ်ကွက် အုပ်စု(၁) မိုးနဲ-မောက်မယ်ကားလမ်းဘေး ဦးအောင်ဇော်ဝင်း၏ နေအိမ်ဘုရားစင်တွင် သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုး အပူလွန်ကဲရာမှ သွပ်မိုး၊ ဝါးထရံကာ မြေစိုက်အိမ်တစ်လုံး ယနေ့နံနက် ၁ နာရီခွဲခန့်က မီးလောင်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ( မိုးနဲ)**

# ပူတာအို၌ မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိရာ တစ်ဦးသေဆုံး၊ နှစ်ဦး ဒဏ်ရာရ

**ပူတာအို ဇူလိုင် ၁၀**
ကချင်ပြည်နယ် ပူတာအိုမြို့တွင် ယမန်နေ့နံနက် ၇ နာရီခွဲခန့်က ဆိုင်ကယ်နှင့် NOAH ယာဉ်တို့တိုက်မိ၍ နှစ်ဦးဒဏ်ရာရပြီး တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပူတာအိုမှ စာရိတ္တကျေးရွာအနီးရှိ လယ်တောသို့ မောင်းနှင်လာသော ဆိုင်ကယ်နှင့် ကောင်းမှုလုံကျေးရွာမှ ပူတာအိုသို့မောင်းနှင်လာသော ယာဉ်တို့ စာရိတ္တကျေးရွာအနီး ကုန်းအဆင်းအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူ ဆန်ဒေါင်းဖုန်(ခ)ဆင်ခေါ်သည် ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ဆိုင်ကယ်နောက်မှ စီးလာသူ ဒခွမ်မာထားနှင့် မောင်ဆန်ဒေါင်းနေ(ခ) ဒီတာဆမ်တို့နှစ်ဦးမှာ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် ခရိုင်ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**

# မုံရွာမြို့ ရေနံစိမ်းကန်အတွင်း လူတစ်ဦး ပြုတ်ကျသေဆုံး

**မုံရွာ ဇူလိုင် ၁၀**
မုံရွာမြို့နယ် ကျောက်ကာရေနံချက်ဖိုတစ်ခုတွင် ရေနံစိမ်းချင့်တွက်သည့်ကန်(ရေနံစိမ်းကုန်ကြမ်းလှောင်ကန်)အတွင်း လူတစ်ဦးပြုတ်ကျသေဆုံးမှု ဇူလိုင် ၉ ရက် ည ၈ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း မုံရွာမြို့နယ်မြေရဲစခန်းမှ သိရသည်။

သေဆုံးမှုနှင့်ပတ်သက်၍ မုံရွာနယ်မြေရဲစခန်းကအမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဟံသာဝတီဦးဝင်းတင်နှင့် မောင်မိုးသူ

မောင်မိုးသူ

၂၀၁၉ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှာ ကွယ်လွန်သွားရှာတဲ့ ဒေါ်ကလျာနှင့် မောင်မိုးသူအကြောင်းဆောင်းပါးကို အဲဒီနေ့မှာပဲ အိမ်မှာရှိနေတဲ့ ခတ်ပုံလေးတစ်ပုံနဲ့ရေးသားလိုက်မိတဲ့အတွက် နောက်နေ့ကြေးမုံသတင်းစာမှာ အဲဒီဆောင်းပါးရော၊ အဲဒီခတ်ပုံရော လူအများစု စိတ်ဝင်စားကြပေ့။ မောင်မိုးသူကိုလည်း ဖုန်းတွေဘာတွေဆက်ပြောကြ၊ လူမှုကွန်ရက်စာမျက်နှာပေါ်မှာလည်း တင်ထားတာကို တွေ့ရလေတော့ မောင်မိုးသူလည်း လွန်ခဲ့တဲ့ငါးနှစ် ၂၀၁၄ ခုနှစ် ဧပြီလ ၂၁ ရက်နေ့က ကွယ်လွန်သွားရှာပြီဖြစ်တဲ့ ဟံသာဝတီ ဦးဝင်းတင်နှင့် မောင်မိုးသူအကြောင်း ရေးချင်စိတ်ဖြစ်ပေါ်လာတာနဲ့ ဒီဆောင်းပါးကို ရေးလိုက်ရတာဖြစ်ပါတယ်။

တကယ်တော့ ဟံသာဝတီဦးဝင်းတင်နှင့် မောင်မိုးသူအကြောင်းကို မြန်မာသံတော်ဆင့်မှာ မောင်မိုးသူရေးသားခဲ့ပြီး စာအုပ်အဖြစ်လည်း ၂၀၁၆ ခုနှစ်မှာ ထုတ်ဝေခဲ့ပြီးသားဖြစ်ပါတယ်။ အဲဒီစာအုပ်ထဲမှာ စာအုပ်ရဲ့ မျက်နှာဖုံးဖြစ်ပေါ်လာပုံကို မောင်မိုးသူက အဲဒီတုန်းက ဒီလိုရေးသားခဲ့ပါတယ်။ ဟံသာဝတီဦးဝင်းတင်နှင့် မောင်မိုးသူဆောင်းပါးတွေကို စုစည်းပြီး စာအုပ်ထုတ်မည်ဆိုတော့ ပထမဆုံးပြေးပြီးမြင်မိ၊ သတိရမိတာက မျိုးမြင့်ရဲ့ဦးဝင်းတင်ပုံဖြစ်ပါတယ်။

**ရေးခဲ့ဖူးသောစာအုပ်လေး**

ပန်းချီမျိုးမြင့်ဟာ ရှစ်လေးလုံးအရေးတော်ပုံအပြီး NLD တည်ထောင်တော့ မောင်မိုးသူနှင့်အတူလိုက်ပါလာတဲ့ စာပေအနုပညာရှင်များထဲက ဝိုင်းတော်သားတစ်ဦးဖြစ်ပြီး NLD တွင် နေ့စဉ်နေ့တိုင်း Card Section မှာ အဖွဲ့ဝင်ကတ်ပြားတွေရေးကြတဲ့၊ NLD ရဲ့ပြန်ကြားရေးအတွက် ပုံတွေဆွဲပေးရတဲ့ ပန်းချီဆရာဖြစ်ပါတယ်။ NLD က ပထမဆုံးထုတ်ဝေရိုက်နှိပ်တဲ့ ဒေါ်စုပုံကို ဆွဲပေးခဲ့သူလည်း မျိုးမြင့်ပါပဲ။ နောက် မောင်မိုးသူတို့တစ်တွေအားလုံး ထောင်ထဲရောက်သွားချိန်မှာ မျိုးမြင့်စင်ကာပူသွားပြီး ပန်းချီဆွဲအသက်မွေးဝမ်းမှုပြုပါတယ်။ နောက် ထိုင်း ချင်းမိုင်ရောက်တယ်။ နောက် မြန်မာပြည်ပြန်ရောက်တယ်။ မြန်မာပြည်ပြန်ရောက်တာနဲ့ NLD ရဲ့ဒီလိုင်းဂျာနယ်မှာ ဒီဇိုင်းတာဝန်ခံရေးဆွဲပါတယ်။ ဦးဝင်းတင်ကွယ်လွန်တော့ မျိုးမြင့်ဆွဲတဲ့ ဦးဝင်းတင်ပုံဟာ တကယ်ပဲ ပြောင်မြောက်ကောင်းမွန်လှပါတယ်။ ဒါနဲ့ ဟံသာဝတီ ဦးဝင်းတင်နှင့် မောင်မိုးသူစာအုပ်ထုတ်ဝေရင် မျိုးမြင့်ရဲ့ဦးဝင်းတင်ပုံကို သုံးချင်သုံးမယ်ဆိုပြီး မျိုးမြင့်ဆီကိုတောင်းလိုက်တော့ မျိုးမြင့်က ချက်ချင်းပို့ပေးပါတယ်။ ဦးဝင်းတင်ပုံတော့ရပြီ။ မောင်မိုးသူရဲ့ပုံကိုလည်း ပန်းချီဆရာ တော်တော်များများက ပုံတူရော ကာတွန်းပုံတွေပါ အများကြီးမှအများကြီးပါ။ အဲဒီအထဲက ကွယ်လွန်သွားပြီဖြစ်တဲ့ မောင်မောင်သိုက်ပုံရယ်၊ ဝသုန်နဲ့ ခင်မောင်ရင်ရဲ့ ပုံရယ် ရှိပါတယ်။ အဲဒီပန်းချီဆရာသုံးယောက်စလုံးဟာ မောင်မိုးသူကို ချစ်လို့ဆွဲပေးထားကြသူများဖြစ်ပါတယ်။ ခင်မောင်ရင်ရဲ့ ပုံကိုထားတော့၊ မောင်မောင်သိုက်နှင့် ဝသုန်ရဲ့ ပုံတွေကိုကြည့်လိုက်တော့ မောင်မိုးသူက အတော်ငယ်နေပါတယ်။ မောင်မောင်သိုက်ပုံကတော့ ပိုငယ်တာပေ့ါ။ ဒါပေမယ့် ဦးဝင်းတင်နှင့်တွဲပြီး လုပ်ခဲ့တဲ့မောင်မိုးသူဟာ ဝသုန်ဆွဲတဲ့ ပုံထဲက အရွယ်ဖြစ်တာမို့ မျိုးမြင့်ဆွဲတဲ့ ဦးဝင်းတင်ပုံနှင့်ယှဉ်ပြီး ဝသုန်ရဲ့မောင်မိုးသူပုံကိုသုံးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ မျိုးမြင့်တို့၊ ဝသုန်တို့ရဲ့ပုံတွေကို မျက်နှာဖုံးဒီဇိုင်းလုပ်ဖို့ကျတော့ အလွယ်တကူမဖြစ်စေချင်တာမို့ တင်ထွဋ်းကို ဆက်ရပါတယ်။ ဒီဇိုင်းတင်ထွဋ်းရဲ့ဗီဇကလည်းလာပြတော့ မောင်မိုးသူသဘောကျပါတယ်။ အဲဒီနောက်ကျောဖုံးမှာတော့ ဦးဝင်းတင်ကွယ်လွန်ခြင်း တစ်နှစ်ပြည့်မှာ မျိုးမြင့်ရဲ့ဦးဝင်းတင်ဗွီနိုင်းပုံကြီးရှေ့မှာ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်အကြောင်း ပြောကြားချက်၊ ကောက်နုတ်ချက်ဖော်ပြဖို့ ဆုံးဖြတ်လိုက်ပါတယ်။ မျက်နှာဖုံးနှင့်ကျောဖုံးဖြစ်မြောက်အောင် အဲဒီလို အဲဒီလိုကြိုးပမ်းခဲ့ရကြောင်း အဲဒီစာအုပ်မှာ မောင်မိုးသူရေးခဲ့ဖူးပါတယ်။

**လွှမ်းစရာအတိတ်**

တကယ်တမ်း ဦးဝင်းတင်နှင့်မောင်မိုးသူ စတင်သိကျွမ်းရတာ ကြေးမုံသတင်းစာ စတင်ထုတ်ဝေတဲ့အချိန်က ဖြစ်ပါတယ်။ ကြေးမုံသတင်းစာတိုက်ထုတ်ဝေသူဟာ ဦးသောင်းဖြစ်ပါတယ်။ ကြေးမုံသတင်းစာတိုက်ရဲ့ အယ်ဒီတာချုပ်က ဆရာဇဝနဖြစ်ပြီး အယ်ဒီတာက စိန်ခင်မောင်ရီဖြစ်ပါတယ်။ အဲဒီအချိန်က မောင်မိုးသူက မန္တလေးတက္ကသိုလ်က ကျောင်းသားဖြစ်ပါတယ်။ ကြေးမုံသတင်းစာမှာ တက္ကသိုလ်သတင်းတွေကို မန္တလေးကနေ ရေးဖြစ်ပါတယ်။ ကြေးမုံသတင်းစာတိုက်ရောက်တော့ စိန်ခင်မောင်ရီနဲ့လည်းတွေ့၊ ဦးဝင်းတင်နဲ့လည်း တွေ့ဖြစ်ခဲ့ပါတယ်။ ကြေးမုံသတင်းစာတိုက်က ရယ်စရာသောကြာစာစောင် ထုတ်ဝေချိန်မှာတော့ မောင်မိုးသူလည်း အစ်ကိုဆွေကလောင်အမည်နဲ့ သောကြာမှာ လစဉ်ရေးခဲ့ပါတယ်။ ဒါကြောင့် ရန်ကုန်ရောက်တိုင်း ကြေးမုံတိုက်ကိုဝင်ပြီး စိန်ခင်မောင်ရီ၊ ကိုဝင်းတင်တို့နဲ့ တွေ့လေ့တွေ့ထရှိပါတယ်။ အဲဒီနောက် ဟံသာဝတီသတင်းစာတိုက်ကိုမန္တလေးမှာ ပြောင်းပြီးထုတ်ဝေနေချိန်မှာ အယ်ဒီတာချုပ်အဖြစ် ဦးဝင်းတင်လိုက်ပါလာပါတယ်။ အဲဒီအချိန်မှာတော့ မောင်မိုးသူက ရန်ကုန်ရောက်နေပါပြီ။ အစိုးရကထုတ်ဝေတဲ့ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာရဲ့ အယ်ဒီတာချုပ်အဖြစ် ဆရာကြီးရွှေဥဒေါင်းကို ခန့်အပ်ပါတယ်။ ဆရာကြီးရွှေဥဒေါင်းအယ်ဒီတာချုပ်လုပ်ဖို့ လက်ခံဖို့ရန်ကုန်ကို ဆင်းလာချိန်မှာ ဆရာကြီးရွှေဥဒေါင်းနှင့် မောင်မိုးသူတို့ဟာ ရထားတစ်စင်းထဲလိုက်ပါခဲ့ကြသူများ ဖြစ်ပါတယ်။ ဆရာကြီးရွှေဥဒေါင်းက လုပ်သားပြည်သူ့သတင်းစာရဲ့ အယ်ဒီတာချုပ်အလုပ်မှ နုတ်ထွက်ချိန်မှာ ဆရာကြီးရွှေဥဒေါင်းနှင့်ဦးဝင်းတင်၊ လူထုကိုစိန်ဝင်း၊ မောင်မိုးသူတို့ကိုခေါ်ပြီး သူ့ရဲ့နုတ်ထွက်စာအကြောင်းကို ပြောပြခဲ့ဖူးပါတယ်။ ဆရာကြီးရွှေဥဒေါင်း ရန်ကုန်ကနေ မန္တလေးအပြန် ရထားပေါ်မှာ အတူတူလိုက်ပါခဲ့သူကတော့ ဦးဝင်းတင်ပဲဖြစ်ပါတယ်။ ဆရာကြီးရွှေဥဒေါင်း ရန်ကုန်အဆင်းမှာ မောင်မိုးသူနဲ့ နှစ်ယောက်အတူလာခဲ့သလို ဆရာကြီးရွှေဥဒေါင်း ရန်ကုန်မှ မန္တလေးကို အပြန်မှာလည်း ဆရာကြီးရွှေဥဒေါင်းနှင့်အတူ ဦးဝင်းတင်လိုက်ပါခဲ့ပါတယ်။ ဦးဝင်းတင်က မောင်မိုးသူကို အမြဲနိုင်ပေါက်တစ်ခုရှိပါတယ်။ အဲဒါကတော့ ဆရာကြီးရွှေဥဒေါင်းက ဦးဝင်းတင်ထံကို မောင်မိုးသူကိုဆုံးမဖို့ အပ်သွားပါသတဲ့။ တကယ်လည်း ဆရာကြီးက အပ်သွားခဲ့ပါတယ်။ ဦးဝင်းတင်က အဲဒါကို အမြဲပြောလေ့ရှိပါတယ်။ ဟံသာဝတီသတင်းစာတိုက်ထုတ်ဝေစဉ်က မောင်မိုးသူက ရန်ကုန်ရောက်နေပါပြီ။ တစ်ခါတစ်ရံမှသာ ဦးဝင်းတင်ရှိတဲ့ ဟံသာဝတီတိုက်ကို ရောက်ပါတယ်။ အဲဒီတုန်းက အန္တေးထည်ဂျာကင်ဝတ်ပြီး ဦးဝင်းတင်အခန်းကို သွားရောက်နှုတ်ဆက်လေ့ရှိတဲ့ မောင်မိုးသူကို ဦးဝင်းတင်က ဂျာကင်ဝတ်ချင်လို့ မန္တလေးတက်လာတာမဟုတ်လားလို့ အမြဲစပါတယ်။ ဦးဝင်းတင်ဟာ သူ့ရဲ့အပေါင်းအသင်း မိတ်ဆွေများအပေါ် တလေးတစားဆက်ဆံလေ့ရှိသူဖြစ်သလို သူ့ရဲ့တပည့်အရင်းဖြစ်တဲ့ ကိုပြားကြီး(ဦးမောင်မောင်ခင်)နှင့် မောင်မိုးသူတို့ကို တရင်းတနှီး အမြဲနောက်ပြောင်စနောက်လေ့ရှိပါတယ်။ သူတို့ဟာ ရှစ်လေးလုံး အရေးတော်ပုံမှာ အတူပါဝင်လာခဲ့ပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်တည်ထောင်ရာမှာလည်း ဒေါ်အောင်ဆန်းစုကြည်အဖွဲ့မှ မောင်သော်က၊ ဦးဝင်းတင်နှင့် မောင်မိုးသူတို့အတူ ပါဝင်ခဲ့ပါတယ်။ ၈၉ အဖမ်းခံရတော့ ထောင်ထဲမှာ ဦးဝင်းတင်နှင့် မောင်မိုးသူအတူနေခဲ့ရပါတယ်။ မောင်မိုးသူက ၉၂ မှာ လွတ်ပြီး ၉၆ မှာ ထောင်ထဲပြန်ဝင်ရတော့လည်း ဦးဝင်းတင်က ထောင်ထဲမှာရှိတုန်းပဲ။ မောင်မိုးသူနဲ့အတူနေရပါတယ်။ မောင်မိုးသူက ၂၀၀၀ အပြင်ရောက်လာတော့ ဦးဝင်းတင်ကျန်ခဲ့ပါတယ်။ ဦးဝင်းတင်ထောင်ကထွက်လာတဲ့နေ့မှာ ထောင်ယူနီဖောင်းအင်္ကျီအပြာနဲ့ ထွက်လာသူဖြစ်ပါတယ်။ ထွက်လာလာချင်း အင်းစိန်ကိုပြားကြီးရဲ့အိမ်မှာ မောင်မိုးသူ၊ ကိုဝံသတို့ သွားရောက်တွေ့ဆုံကြပြီး ဦးဝင်းတင် ထောင်က ထွက်လာပြီးသည့်နောက် ဒီလိုင်းဂျာနယ် စတင်ထုတ်ဝေချိန်မှာ ဒီလိုင်းဂျာနယ်ရဲ့ အတိုင်ပင်ခံအယ်ဒီတာအဖြစ် ဦးဝင်းတင်နှင့် မောင်မိုးသူ အတူလုပ်ကိုင်ခဲ့ပါတယ်။ ထိုနည်းတူ ဘဘဦးခင်မောင်လတ်၊ ဒေါ်ခင်မျိုးချစ်ရဲ့မြေးမောင်ရစ်က မိုးမခမဂ္ဂဇင်းထုတ်ဝေတော့လည်း ဦးဝင်းတင်နှင့်မောင်မိုးသူတို့ဟာ နာယကဖြစ်တာပေ့ါ။ မိုးမခမဂ္ဂဇင်းရဲ့ နာယကကတော့ ဟံသာဝတီ ဦးဝင်းတင်နှင့် မောင်မိုးသူပဲဖြစ်ပါတယ်။ ဦးဝင်းတင်ကွယ်လွန်သွားပြီးနောက် ယခုဆက်လက်ထုတ်ဝေတဲ့ မိုးမခနာယကများကတော့ မောင်မိုးသူ၊ မောင်စွမ်းရည်နှင့် မာမာအေးတို့ ဆက်လက်တာဝန်ယူရပါတယ်။


**အမှတ်တရဆောင်းပါး**

ဦးဝင်းတင်ဟာ ၂၀၁၄ ခုနှစ် ဧပြီလ ၂၁ ရက်နေ့မှာ ရန်ကုန်ဆေးရုံကြီး အထူးကြပ်မတ်အဆောင်မှာ ကွယ်လွန်သွားရှာပါတယ်။ မကွယ်လွန်မီ ၂၀ ရက်နေ့မှာ ဦးဝင်းတင်ရဲ့အထူးကြပ်မတ်ဆောင်ကို မောင်မိုးသူရောက်တော့ ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုမင်းကိုနိုင်တို့အတူရှိနေပါတယ်။ မောင်မိုးသူဝင်သွားတော့ ကိုမင်းကိုနိုင် အပြင်ထွက်ပေးပါတယ်။ မောင်မိုးသူရောက်လာတော့ ဒေါ်အောင်ဆန်းစုကြည်က ဦးဝင်းတင်နံဘေးကခုံမှာ မောင်မိုးသူကို ထိုင်ခိုင်းပြီး ဆရာဦးဝင်းတင် စကားသိပ်မပြောနဲ့၊ ဆရာမိုးက စကားများများပြောလို့မှာကြားတဲ့အခါမှာ ဦးဝင်းတင်က ကိုမိုးသူက စကားမပြောတတ်သူမှ မဟုတ်တာလို့စပါတယ်။ အဲဒီအချိန် ဥရောပမှပြန်လာတဲ့ ဒေါ်အောင်ဆန်းစုကြည်က ဦးဝင်းတင်အတွက် ချောကလက်တစ်ထုပ် ပါလာပါတယ်။ ဦးဝင်းတင်က ကိုမိုးသူကိုလည်းကျွေးလေဆိုတော့ ဒေါ်အောင်ဆန်းစုကြည်က မောင်မိုးသူကို ချောကလက်တစ်ခုပေးပါတယ်။ နောက် မောင်မိုးသူနှင့်ဦးဝင်းတင်တို့ကို ထားခဲ့ပြီး ဆရာဝန်များနဲ့တွေ့ဆုံမေးမြန်းဖို့ ပြန်သွားပါတယ်။ အဲဒီနေ့ဟာ ဧပြီ ၂၀ ရက်ဖြစ်ပြီး နောက်နေ့နံနက်မှာ ဆရာဦးဝင်းတင် ကွယ်လွန်သွားရှာပါတယ်။ ဆရာဦးဝင်းတင်ရဲ့ဈာပနအခမ်းအနားကို ယုဒသဃန်ခန်းမမှသည် ရေဝေးသုသာန်သို့ မောင်မိုးသူ လိုက်လံပို့ဆောင်ခဲ့ပါတယ်။ ဆရာဦးဝင်းတင်ရဲ့ ဈာပနအခမ်းအနားဟာ အစည်ကားဆုံး ဈာပနအခမ်းအနားဖြစ်ပါတယ်။ ရေဝေးသုသာန်မှာ ဆရာဦးဝင်းတင်ကို ဂူသွင်းတဲ့အခမ်းအနားပြုလုပ်ဖို့ နေရာကိုတော့ မောင်မိုးသူ လိုက်ပါမသွားဖြစ်ပါ။

ယခုတော့ ဦးဝင်းတင်ကွယ်လွန်တာ ငါးနှစ်ရှိခဲ့ပါပြီ။ အတူတွဲပြီး စာပေမှာ တာဝန်ယူခဲ့၊ နိုင်ငံရေးမှာ တာဝန်ယူခဲ့၊ ထောင်ထဲမှာလည်း တာဝန်ယူခဲ့၊ ကွယ်လွန်ချိန်အထိ အတူရှိခဲ့တဲ့ မောင်မိုးသူလည်း ဟံသာဝတီဦးဝင်းတင်နှင့် မောင်မိုးသူ အမှတ်တရဆောင်းပါးတစ်စောင် ရေးသားလိုက်ရခြင်းဖြစ်ပါတယ်။ ။

**လွမ်းလျက်**
**မောင်မိုးသူ**

> **တကယ်တမ်း ဦးဝင်းတင်နှင့် မောင်မိုးသူ စတင် သိကျွမ်းရတာ ကြေးမုံသတင်းစာ စတင်ထုတ်ဝေတဲ့အချိန်က ဖြစ်ပါတယ်။ ကြေးမုံသတင်းစာတိုက် ထုတ်ဝေသူဟာ ဦးသောင်းဖြစ်ပါတယ်။ ကြေးမုံသတင်းစာတိုက်ရဲ့ အယ်ဒီတာချုပ်က ဆရာဇဝနဖြစ်ပြီး အယ်ဒီတာက စိန်ခင်မောင်ရီ ဖြစ်ပါတယ်။ အဲဒီအချိန်က မောင်မိုးသူက မန္တလေးတက္ကသိုလ်က ကျောင်းသားဖြစ်ပါတယ်။ ကြေးမုံသတင်းစာမှာ တက္ကသိုလ်သတင်းတွေကို မန္တလေးကနေ ရေးဖြစ်ပါတယ်။ ကြေးမုံ သတင်းစာတိုက်ရောက်တော့ စိန်ခင်မောင်ရီနဲ့လည်းတွေ့၊ ဦးဝင်းတင်နဲ့လည်း တွေ့ဖြစ်ခဲ့...**



# ပီအက်စ်ဂျီအသင်း တိုက်စစ်မှူး နေမာ အသင်းမှ ထွက်ခွာနိုင်ဟုဆို

ပီအက်စ်ဂျီတိုက်စစ်မှူး နေမာဟာ ဇူလိုင် ၈ ရက်က ပြုလုပ်ခဲ့တဲ့ အသင်းရဲ့ လေ့ကျင့်ရေး အစီအစဉ်မှာ ပါဝင်လာဖို့ ပျက်ကွက်ခဲ့တာကြောင့် ပီအက်စ်ဂျီအသင်းအနေနဲ့ သင့်လျော်တဲ့ တုံ့ပြန်မှုတစ်ခုပြုလုပ်ဖို့ ဆန္ဒရှိနေခဲ့ပြီး ကစားသမားကိုယ်တိုင်ကလည်း အသင်းကနေ ထွက်ခွာဖို့ရှိနေတယ်လို့ အသင်းရဲ့အားကစားဒါရိုက်တာ လီယိုနာဒိုက ပြောကြားခဲ့ပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး နေမာဟာ ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာပြီး အသင်းဟောင်း ဘာစီလိုနာအသင်းဆီကို ပြန်သွားဖို့ စီစဉ်နေတာလည်း ဖြစ်ပါတယ်။ တိုက်စစ်မှူးနေမာဟာ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းက ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးယူရို ၂၂၂ သန်း(ပေါင်သန်း ၂၀၀)နဲ့ ဘာစီလိုနာအသင်းကနေ ပီအက်စ်ဂျီအသင်းကို ပြောင်းရွှေ့လာခဲ့တာလည်းဖြစ်ပါတယ်။

တိုက်စစ်မှူးနေမာဟာ ပြီးခဲ့တဲ့ရာသီက ပီအက်စ်ဂျီအသင်းနဲ့အတူ လိဂ်ပွဲစဉ် ၃၇ ပွဲအထိ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၃၄ ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ပြင်သစ်ပထမတန်း ချန်ပီယံဖြစ်ခွင့်ရရှိအောင်လည်း စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။




# အဲလစ်ဆင်ရစ်ကီအား အနိုင်ရခဲ့သည့် ဆရီနာဝီလျံ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် တက်လှမ်း

ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ဆရီနာဝီလျံနဲ့ အဲလစ်ဆင်ရစ်ကီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆရီနာဝီလျံက အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။

ဂရန်းဆလမ်းချန်ပီယံအဖြစ် ၂၃ ကြိမ်အထိ အောင်ပွဲခံနိုင်ခဲ့တဲ့ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံဟာ ရစ်ကီအား ၆-၄၊ ၄-၆၊ ၆-၃ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဆရီနာဝီလျံဟာ ရစ်ကီကိုအနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်မှာ ချက်တင်းနစ်မယ် ဘာဘိုရာစထရှိုင်းကိုဗာနဲ့ တွေ့ဆုံမှာဖြစ်ပြီး ဘာဘိုရာစထရှိုင်းကိုဗာဟာ ဗြိတိန်တင်းနစ်မယ် ဂျိုဟန်နာကွန်တာကို အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခဲ့တာလည်း ဖြစ်ပါတယ်။

ဆရီနာဝီလျံဟာ ဝင်ဘယ်ဒန်တင်းနစ်ဖလားကို ခုနစ်ကြိမ်အထိ ရယူထားနိုင်ခဲ့တာကြောင့် ရှစ်ကြိမ်မြောက်ဆွတ်ခူးဖို့ ဆန္ဒရှိနေခဲ့တာဖြစ်ပြီး ၂၀၁၇ ခုနှစ်နောက်ပိုင်းမှာ ဂရန်းဆလမ်းဆုဖလားကို ပထမဆုံးအကြိမ်အဖြစ် ရယူဆွတ်ခူးနိုင်ဖို့ ပစ်မှတ်ထားနေတာလည်း ဖြစ်ပါတယ်။ ဆရီနာဝီလျံဟာ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်ကို ၁၂ ကြိမ်မြောက်အဖြစ် တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

# မန်ယူကွင်းလယ်လူ ပေါ့ဘာအား ပေါင် ၁၆၂ သန်းအထိ ရီးယဲလ်ပေးမည်

စပိန်လာလီဂါ ထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်းဟာ မန်ယူအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာအား ပြောင်းရွှေ့ကြေး ပေါင် ၁၆၂ သန်းအထိ ပေးသွားမယ်လို့ သိရပါတယ်။

ကွင်းလယ်ကစားသမား ပေါ့ဘာကိုယ်တိုင်ကလည်း ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိနေတာဖြစ်ပြီး မန်ယူအသင်းက ဥရောပပြိုင်ပွဲတွေဖြစ်တဲ့ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်တို့မှာ ကစားခွင့်လွဲခဲ့ရတာကြောင့် ဥရောပပြိုင်ပွဲတွေမှာ ကစားခွင့်ရဖို့ ဆန္ဒရှိနေတာဖြစ်တယ်လို့လည်း သိရပါတယ်။

လက်ရှိမှာ ကွင်းလယ်ကစားသမား ပေါ့ဘာဟာ ရာသီအကြိုခြေစမ်းပွဲစဉ်တွေ ကစားဖို့မန်ယူအသင်းနဲ့အတူ ဩစတြေးလျကို ရောက်ရှိနေတာဖြစ်ပြီး အပြောင်းအရွှေ့ မပိတ်မီ မန်ယူအသင်းကနေ ထွက်ခွာမယ်လို့လည်း သတင်းတွေ ထွက်နေတာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## အနုပညာ

အေးပြည့် - ရေးသားသည်






# ဂိုဟေဆန်းရဲ့ဝတ္ထုတွင် အချစ်ဟောင်းများအကြောင်း ပါဝင်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဂိုဟေဆန်းဟာ အနုပညာနယ်ပယ်တော်တော်များများမှာ လှုပ်ရှားနေသူတစ်ဦးဖြစ်ပါတယ်။ လတ်တလောမှာတော့ သူ့ရဲ့ဝတ္ထုစာအုပ်သစ်ကို စတင်ဖြန့်ချိခဲ့ပြီး ဒီဝတ္ထုမှာတော့ ခင်ပွန်းဖြစ်သူ အာဂျေယန်းအပြင် တစ်ချိန်က သူ့ရဲ့ချစ်သူအဖြစ် လက်တွဲခဲ့ဖူးသူတွေအကြောင်းကိုလည်း ထည့်သွင်းရေးသားထားကြောင်း ကိုရီးယားဘိုးဒွေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂိုဟေဆန်းရဲ့ဝတ္ထုဟာ သူ့ရဲ့အချစ်ရေးအကြောင်း ပြန်လည်ပုံဖော်ထားတာလည်း ဖြစ်ပါတယ်။ ဇူလိုင် ၁၀ ရက်မှာတော့ ဂိုဟေဆန်းဟာ အဆိုပါစာအုပ်သစ်နဲ့ပတ်သက်ပြီး အင်တာဗျူးတစ်ခုပြုလုပ်ခဲ့ကာ သူ့ရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး ရေးသားခဲ့တာတွေကို ရင်ဖွင့်ခဲ့တာလည်း ဖြစ်ပါတယ်။

အဆိုပါဝတ္ထုကိုတော့ “ Heart-Shaped Tears ” လို့ အမည်ပေးထားပြီး ဒီစာအုပ်နဲ့ပတ်သက်လို့ ဂိုဟေဆန်းရဲ့ ခင်ပွန်းဖြစ်သူ မင်းသား အာဂျေယန်းကတော့ အဆိုပါစာအုပ်ဟာ ထူးခြားကြောင်း မှတ်ချက်ပြုခဲ့တာကိုလည်း တွေ့ရပါတယ်။ ဂိုဟေဆန်းကတော့ အဆိုပါစာအုပ်မှာ အချစ်ဟောင်းနဲ့ တွေ့ကြုံခဲ့ရတဲ့ ဇာတ်လမ်းတွေအပြင် သူ့ရဲ့ဖြတ်သန်းခဲ့ရပုံတွေကိုလည်း ထည့်သွင်းရေးသားထားတယ်လို့ဆိုပါတယ်။ အချစ်ဟောင်းတစ်ဦးရဲ့ အိမ်ရှေ့လှေကားထစ်တွေမှာ အိပ်ပျော်ခဲ့တဲ့အကြောင်းတွေလည်း ပါဝင်နေတယ်လို့ ဆိုပါတယ်။


အိမ်ထောင်သည်တစ်ဦးဖြစ်နေစဉ်မှာ အချစ်ဝတ္ထုရေးပြီး အချစ်ဟောင်းတွေအကြောင်းလည်း ထည့်သွင်းရေးသားခဲ့တဲ့အပေါ် ခင်ပွန်းဖြစ်သူရဲ့ခံစားချက်ကိုလည်း ဂိုဟေဆန်းက ပြောကြားခဲ့ပါတယ်။ အာဂျေယန်းဟာ နားလည်တတ်တဲ့သူတစ်ဦးဖြစ်ပြီး သူတို့နှစ်ဦးဟာ အတိတ်ကအကြောင်းအရာတွေကိုလည်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော်အသိပေးခဲ့ကြပြီးဖြစ်တယ်လို့လည်းဆိုပါတယ်။ ဒီလို ဝတ္ထုစာအုပ်သစ်ထွက်လာနိုင်တာဟာ ခင်ပွန်းဖြစ်သူရဲ့ အားပေးမှုနဲ့ ခွင့်ပြုပေးမှုတွေကြောင့်ဖြစ်ပြီး အာဂျေယန်းကို ကျေးဇူးတင်ကြောင်းလည်း မင်းသမီးက ပြောကြားခဲ့တယ်လို့ သိရပါတယ်။

# The Lion King ရုပ်ရှင်သစ် အထူးပွဲ ပြသ

လိုက်ဖ်အက်ရှင်ရုပ်ရှင်အဖြစ် ပြန်လည်ဆန်းသစ်ရိုက်ကူးသွားမယ့် “The Lion King” ရုပ်ရှင်ကို လတ်တလောမှာ အထူးပွဲပြသခဲ့ပြီး အဆိုပါရုပ်ရှင်မှာ ပါဝင်ထားကြတဲ့ ကြယ်ပွင့်တွေနဲ့ အခြား ဟောလိဝုဒ်ကြယ်ပွင့်များစွာ တက်ရောက်အားပေးခဲ့ကြကြောင်း အီးအွန်လိုင်းဒွေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၉ ရက်မှာတော့ လော့စ်အိန်ဂျလိစ်မှာရှိတဲ့ ဒေါ်ဘီသီရေတာမှာ “ The Lion King ” ကို အထူးပွဲပြသခဲ့တာဖြစ်ပါတယ်။ ဒီအခမ်းအနားရဲ့ကော်ဇောနီပေါ်ကို ပါဝင်သရုပ်ဆောင်ထားသူတစ်ဦးဖြစ်တဲ့ ပေ့ါပ်ကြယ်ပွင့် ဘီယွန်စေးကတော့ သမီးဖြစ်သူ ဘလူးအိုင်ဗီနဲ့အတူ တက်ရောက်ခဲ့တာကိုလည်း တွေ့ရပါတယ်။ သူတို့နှစ်ဦးရဲ့ ပွဲတက်ဝတ်စုံတွေဟာ စိန်များစွာနဲ့ ဆင်မြန်းဖန်တီးထားကာ ပရိသတ်ကို ဆွဲဆောင်နိုင်တဲ့ဝတ်စုံ ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ဒီရုပ်ရှင်သစ် အထူးပွဲပြသမှုကို ဟောလိဝုဒ်ရဲ့ ထိပ်တန်းမင်းသားတစ်ဦးဖြစ်သူ ဂျေမီဖောက်ဇ်လည်း တက်ရောက်ခဲ့ပါတယ်။ ဂျေမီဖောက်ဇ်ကတော့ သမီးဖြစ်သူနဲ့ သူငယ်ချင်းတွေကို အခမ်းအနားရဲ့ကော်ဇောနီပေါ် အတူခေါ်ဆောင် လျှောက်လှမ်းခဲ့တာဖြစ်ပါတယ်။



“ The Lion King ” ကိုတော့ ဇူလိုင် ၁၇ ရက်မှာ နေ့ာ်ဝေနိုင်ငံမှာ စတင်ပြသသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# မင်းသား ကန်ဂျီဝန် ဖမ်းဆီးခံရ

တောင်ကိုရီးယားမင်းသားတစ်ဦးဖြစ်သူ ကန်ဂျီဝန်ဟာ လတ်တလောမှာတော့ ဖမ်းဆီးထိန်းသိမ်းခံလိုက်ရပြီဖြစ်ပါတယ်။ မင်းသားဟာ လိင်ပိုင်းဆိုင်ရာစော်ကားမှု ပြုခဲ့တာကြောင့် ယခုလို အရေးယူခံရတာဖြစ်တယ်လို့လည်း သိရပါတယ်။

ကန်ဂျီဝန်ကို ဇူလိုင် ၉ ရက် ဒေသစံတော်ချိန် ည ၁၀ နာရီ မိနစ် ၅၀ ခန့်မှာ ဂွမ်ဂျူးမှာရှိတဲ့နေအိမ်မှာ ဖမ်းဆီးခဲ့တာဖြစ်ပါတယ်။ မင်းသားဟာ သူ့ရဲ့ အေဂျင်စီက အမျိုးသမီးဝန်ထမ်းနှစ်ဦးနဲ့အတူ ပါတီပွဲတစ်ခုမှာ သောက်ခဲ့ကြကာ အပြန်မှာတော့ မူးနေကြတာဖြစ်ပါတယ်။ သူ့ရဲ့အိမ်ကို လိုက်ပါလာတဲ့ အဆိုပါအမျိုးသမီးဝန်ထမ်းနှစ်ဦး အိပ်နေတဲ့အခန်းကို ကန်ဂျီဝန်က ဝင်ရောက်ခဲ့ပြီး နှစ်ဦးအနက်က တစ်ဦးကို လိင်ပိုင်းဆိုင်ရာစော်ကားမှုပြုခဲ့တာကြောင့် ဖမ်းဆီးခံခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။



## ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်လောင်းလှူ

**မန္တလေး ဇူလိုင် ၁၀**

ရတနာပုံရွှေနန်းတော်အတွင်း သိမ်းဆည်းထားခဲ့သည့် မင်းအဆက်ဆက် ကိုးကွယ်တော်မူခဲ့ကြသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် ရွှေကျီးမြင်ဘုရားလိုဏ်ဂူသို့ ပင့်ဆောင်ခဲ့ခြင်း နှစ် ၁၃၀ ပြည့် အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇူလိုင် ၉ ရက် နံနက် ၅ နာရီက ရွှေကျီးမြင်ဘုရားပရဝဏ်အတွင်း ကျင်းပသည်။

ဘုရားပရဝဏ်အတွင်း၌ ဘုရားအမှူးပြုသော သံဃာတော် ၁၃၁ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခဲ့ကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ ဘုရားဆင်းတုတော်များမှာ အထက်မြန်မာပြည် နန်းစိုက်ရာ မြို့တော်အသီးသီးမှ နန်းစဉ်မင်းဆက် ကိုးကွယ်တော်မူခဲ့ကြသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်များဖြစ်ပြီး သီပေါမင်းပါတော်မူပြီးနောက် ပျက်စီးဆုံးရှုံးမှုမရှိစေရန် ရတနာပုံရွှေနန်းတော်အတွင်း၌ တစုတဝေးတည်း သိမ်းဆည်းထားခဲ့သော သမိုင်းဝင် ရုပ်ပွားတော်များဖြစ်ခြင်းကြောင့် အဆိုပါ ရုပ်ပွားတော်များ ရွှေကျီးမြင်ဘုရားလိုဏ်ဂူတော်အတွင်း၌ ပြောင်းရွှေ့သီတင်းသုံးအပူဇော်ခံထားရှိကြောင်းကို အများပြည်သူသိရှိ၍ ကြည်ညိုသဒ္ဓါပွားများကာ လာရောက်ဖူးမြော်နိုင်ရန် ယခုကဲ့သို့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

## ကမ်းပါးနီဘုန်းတော်ကြီးကျောင်း၌ ပျူခေတ်ဆေးတံနှင့် ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းထား

**မိတ္ထီလာ ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ကမ်းပါးနီကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ပျူခေတ်ဆေးတံနှင့် ရှေးဟောင်းပစ္စည်းတချို့အား ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း ကျောင်းထိုင် ဆရာတော်ဘဒ္ဒန္တကုသလထံမှ သိရသည်။

"ရှေးခေတ် ကမ်းပါးနီနံရံဆေးရေးပန်းချီတွေရှိတဲ့ နေရာတစ်ဝိုက်ကနေပြီး ပျူခေတ်လက်ရာ ရှေးဟောင်းပစ္စည်းတချို့ကို ကမ်းပါးနီကျေးရွာက ဒေသခံတွေ မကြာခဏ တွေ့တာမျိုးရှိတယ်။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာတွေ ပျောက်ပျက်သွားမှာ စိုးတာကြောင့် သူတို့ဆီက သင့်ရာငွေကြေးလေးစွန့်ပြီး ဆရာတော် သီတင်းသုံးတဲ့ ကမ်းပါးနီးဘုန်းတော်ကြီးကျောင်းမှာပဲ ထိန်းသိမ်းစောင့်ရှောက်ထားတာ။ ပျူခေတ်လက်ရာ ဆေးတံ၊ မြေရုပ်၊ မြေအိုးမြေခွက်ငယ်၊ ပျူခေတ် ဒင်္ဂါးပြားနဲ့ ကုန်းဘောင်ခေတ် ဒင်္ဂါးပြားတချို့ပါတယ်" ဟု ကမ်းပါးနီ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တကုသလက မိန့်ကြားသည်။

အဆိုပါ ကမ်းပါးနီကျေးရွာသည် ဝမ်းတွင်းမြို့နယ်နှင့် ရွာငံမြို့နယ် နယ်စပ်တောင်ပေါ်ဒေသတွင်တည်ရှိပြီး လွန်ခဲ့သည့်နှစ်ပေါင်း ၈၀၀၀ ကျော်က ရှေးခေတ်လူသားများ၏ ရှေးဟောင်းနံရံဆေးရေးပန်းချီများကိုလည်း ယင်းကျေးရွာနှင့် သုံးမိုင်ခန့်အကွာတွင် သွားရောက်လေ့လာနိုင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## အသေးစားရေအားလျှပ်စစ်ထုတ်လုပ်ရန် စာချွန်လွှာလက်မှတ်ရေးထိုး

**တောင်ကြီး ဇူလိုင် ၁၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မိုင်းတုံစေတမန်ကုမ္ပဏီလီမိတက် (M.Y Holding Co.,Ltd) တို့ နမ့်ဟန်ချောင်းနှင့် နမ့်ပွန်ချောင်းတို့တွင် အသေးစားရေအားလျှပ်စစ်ထုတ်ယူနိုင်ရန် ဇူလိုင် ၉ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသည်။

ပြည်နယ်ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဥက္ကဋ္ဌ ရှမ်းပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က ဆီဆိုင်မြို့နယ် နောင်ထော်ကျေးရွာ နမ့်ပွန်ချောင်းအနီးတွင် ရေအားလျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ်ထုတ်လုပ်ခြင်း စီမံကိန်းတည်ဆောက်ရေးအတွက် နားလည်မှုစာချွန်လွှာရေးထိုးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် ရှမ်းပြည်နယ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံတို့က အမှာစကားပြောကြားကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ကုမ္ပဏီတို့က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြ၍ အပြန်အလှန် လဲလှယ်ကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## မြန်မာ ယူ-၂၂ အသင်းကို ကစားသမား ၄၅ ဦးဖြင့် ဖွဲ့စည်းပြီး စတင်လေ့ကျင့်

**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာ ယူ-၂၂အသင်းနည်းပြချုပ် ပိုပေါ့ဗ်သည် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ် (၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် ပဏာမကစားသမား ၄၅ ဦးဖြင့် ဖွဲ့စည်းလိုက်ကာ ဇူလိုင် ၁၀ ရက်က စတင်လေ့ကျင့်ကြသည်။

မြန်မာ ယူ-၂၂ အသင်းတွင် **ဂိုး-**ဆန်းဆက်နိုင် (ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ စိုးအာကာ (မကွေး)၊ ထွန်းနန္ဒဦး (မြဝတီ)၊ **နောက်တန်း**-ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ ဇွဲသက်ပိုင်၊ (ရှမ်းယူ နိုက်တက်)၊ ဇင်ရဲနောင်၊ ဝေလင်းဖြိုး (အား/ကာသိပ္ပံ)၊ စိုးမိုးကျော် (ဧရာဝတီ)၊ ရဲရင့်အောင်၊ ကျော်သက်ဦး (ရတနာပုံ)၊ သူရိန်စိုး၊ ထူးခန့်လွင် (ရန်ကုန်)၊ သက်ပိုင်ထွေး၊ အောင်ဝဏ္ဏစိုး၊ (ဇွဲကပင်)၊ သီဟစိုးထက် (စစ်ကိုင်း)၊ ဝင်းမိုးကျော်၊ ကျော်သူထွန်း (မကွေး)၊ **အလယ်တန်း**-လွင်မိုးအောင်၊ နန်းထိုက်ဇော် (ဧရာဝတီ)၊ အောင်နိုင်ဝင်း (ရတနာပုံ)၊ ပြည့်မောင်မောင်၊ ကျော်မိုးနိုင်၊ မင်းမြတ်စိုး၊ ညီညီဖြိုး၊ (အား/ကာသိပ္ပံ)၊ မြတ်ထွန်းသစ်၊ မင်းကိုကို၊ စိုးလွင်လွင်၊ နေမိုးနိုင် (မကွေး)၊ မျိုးမင်းဖြိုး (စစ်ကိုင်း)၊ ဟိန်းထက်အောင် (ဟံသာဝတီ)၊ သက်ပိုင်ထူး (ရှမ်းယူနိုက်တက်)၊ ရဲရင့်အောင်-၂ (ရတနာပုံ)၊ **ရှေ့တန်း**-ဝင်းနိုင်ထွန်း၊ ပြည့်စုံနိုင်၊ မြတ်ကောင်းခန့် (ရတနာပုံ)၊ စအောင်ပြည့်ကို၊ ရွှေကို၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်)၊ လွှမ်းမိုးဦး၊ ကောင်းထက်စိုး (ရန်ကုန်)၊ ထက်လင်းလင်း (ဟံသာဝတီ)နှင့် ဇင်မင်းထွန်း (မကွေး) တို့ ပါဝင်ကြသည်။



မြန်မာ ယူ-၂၂ အသင်း ဇွန်လက လေ့ကျင့်စဉ်။ ဓာတ်ပုံ - စိုးညွန့်

ယခုဖွဲ့စည်းလိုက်သည့်လူစာရင်းတွင် ပိုပေါ့ဗ်လက်ထက် ပုံမှန်ပါဝင်နေသည့် ကစားသမားများဖြစ်သော ဆန်းဆက်နိုင်၊ ဘုန်းသစ္စာမင်း၊ စိုးအာကာ၊ ရဲမင်းသူ၊ ရဲရင့်အောင်၊ ဟိန်းဖြိုးဝင်း၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်၊ ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့် စသည့် ကစားသမားများပါဝင်လာပြီး ထက်လင်းလင်း၊ မင်းမြတ်စိုး၊ ညီညီဖြိုး၊ လွှမ်းမိုးဦး၊ ပြည့်မောင်မောင်၊ မင်းကိုကိုစသည့် ကစားသမားသစ်များလည်း ရွေးချယ်ခံခဲ့ရသည်။

ထို့ပြင် လူငယ်လိဂ်ပြိုင်ပွဲနှင့် ပထမတန်းပြိုင်ပွဲမှ ကစားသမားအချို့လည်း ရွေးချယ်ခံခဲ့ရသည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် ဩဂုတ်လလယ်တွင် စခန်းဝင်လေ့ကျင့်မည်ဖြစ် သော်လည်း ယခုလတွင် အပတ်စဉ်ဗုဒ္ဓဟူးနေ့များတွင် လေ့ကျင့်ရန် စီစဉ်ထားခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

## (၇၂)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ်ပွဲများ ကျင်းပ

**မြဝတီ**

ကရင်ပြည်နယ် မြဝတီမြို့ သောင်ရင်းခန်းမ၌ (၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ကျပန်းစကားပြောပြိုင်ပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

အလယ်တန်းအဆင့် ၁၉ ဦးနှင့် အထက်တန်းအဆင့်၃၇ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၆ ဦးတို့က အာဇာနည်နေ့ ဒို့မမေ့၊ ပြည်ထောင်စုရဲ့ကျေးဇူးရှင် ဗိုလ်ချုပ်ဒို့ဖခင် ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

**ကျောက်ပန်းတောင်း**

(၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာအသိပညာပေးဟောပြောပွဲများကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက ကျောက်ပန်းတောင်းမြို့နယ် ထန်းပေါက်ကုန်းကျေးရွာ အထက(ခွဲ)နှင့် မွန်းလွဲ ၁ နာရီတွင် မြောက်လယ်ယားကျေးရွာ အ.ထ.က(ခွဲ) တို့တွင် ကျင်းပသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မြင့်ကေခိုင်က အာဇာနည် ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဆိုင်ရာများကို လည်းကောင်း၊ မိတ္ထီလာ-ကျောက်ပန်းတောင်း ကလေးအခွင့်အရေးကာကွယ်စောင့်ရှောက်သူများအဖွဲ့ (UPPER KMN) မှ ဒေါ်နန်းမြင့်ဦးက ကလေးသူငယ်အခွင့်အရေးဆိုင်ရာများကိုလည်းကောင်း ဟောပြောကြသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

**ငါ့သရောက်**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့တွင် (၇၂) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီခွဲက ငါ့သရောက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အာဇာနည်နေ့အခမ်းအနားကျင်းပနိုင်ရေးအတွက် ပုဂံဗိုလ်ချိုဘုရား (မြနန္ဒာကျောက်ထီးဘုရား)ကွင်းအား ရွေးချယ်ကာ ဆပ်ကော်မတီများဖွဲ့စည်းခြင်းဖြစ်ကြောင်း ငါ့သရောက်မြို့အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

**ကိုထိန် (ငါ့သရောက်)**

**မိတ္ထီလာ**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ (၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများကို ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ထို့နောက် ကဗျာရွတ်ပြိုင်ပွဲတွင် FAME ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၂ ဦးနှင့် ပုံပြောပြိုင်ပွဲတွင် ၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## နိုင်ငံကြီးသားရုပ်ရှင်ကားကို ဩဂုတ် ၈ ရက်မှ စတင်၍ နိုင်ငံတစ်ဝန်း၌ ရုံတင်ပြသမည်

**ရန်ကုန်  ဇူလိုင်  ၁၀**

ပြည်တွင်းရှိ ထုတ်လုပ်ဖြန့်ချိရိုက်ကူးနေသော ရုပ်ရှင်ဇာတ်ကားများမှာ ယခုအခါ အရည်အသွေးပိုမိုတိုးတက်လာပြီး မြန်မာရုပ်ရှင်ဇာတ်ကားများကို ကြည့်ရှုအားပေးကြသူ များပြားလာသောကြောင့် တစ်မူထူးခြားစွာရိုက်ကူးနေသည့် နာမည်ကြီးအနုပညာရှင် ရုပ်ရှင်သရုပ်ဆောင် ၁၄ ဦးနှင့် အခြားသရုပ်ဆောင်များပါဝင်သော "နိုင်ငံကြီးသား" ရုပ်ရှင်ဇာတ်ကားကြီးကို ဩဂုတ် ၈ ရက်မှစတင်၍ နိုင်ငံတစ်ဝန်း၌ ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ) က "ကျွန်တော်တို့ဟာ ကိုယ့်တိုင်းပြည်ကို ကိုယ်ချစ်ကြတယ်၊ ကိုယ့်တိုင်းပြည်အပေါ် သစ္စာရှိကြမယ်၊ နောက်တစ်ခါ မှားရင် မှားတယ်ဆိုတာကို ဝန်ခံရဲရမယ်၊ မှန်လို့ရှိရင်လည်း ရင်ကော့ရဲရမယ်။ ဒီတော့ ဒီစာသားလေးကိုအကြောင်းပြုပြီး ဒီရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးဖြစ်တာဖြစ်ပါတယ်။ ဒီရုပ်ရှင်ဇာတ်လမ်းကို အဓိကတည်ဆောက်သွားဖြစ်ပုံကလည်း သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်ရဲ့ ဆောင်ပုဒ်လေးတစ်ခုဖြစ်တဲ့ လူဆိုတာ အမှန်တရားဘက်ကရပ်ရုံ၊ အမှန်တရားကို ထောက်ခံရုံနဲ့ မပြီးသေးဘူး၊ အမှားကိုလည်း ဖော်ထုတ်ရမယ်၊ အမှားလုပ်နေတဲ့ သူတွေကိုလည်း ဆွဲထုတ်ပြရမယ် "ဆိုတဲ့ စာသားကရလာတဲ့ အသိတစ်ခုကို အကြောင်းပြုပြီး ရိုက်ကူးထားတာပါ" ဟု ရှင်းပြသည်။

"ကိုယ့်အနီးအနားပတ်ဝန်းကျင်မှာ ဒုစရိုက်မှုတစ်ခုဖြစ်မယ့်ဟာကို ကြိုတင်ကာကွယ်ထားမယ်ဆိုရင် ဒီဒုစရိုက်မှုကဖြစ်လာမှာ မဟုတ်ပါဘူး။ ကြိုတင်ကာကွယ်ထားမယ်ဆိုရင် ကိုယ့်ပတ်ဝန်းကျင်ဟာ အေးချမ်းသာယာသွားမှာဖြစ်ပြီး ရပ်ကွက်အေးချမ်းပြီဆိုရင် မြို့နယ်၊ မြို့နယ်ကတစ်ဆင့် မြို့၊ မြို့ကတစ်ဆင့် နိုင်ငံပါအေးချမ်းသွားမှာဖြစ်တဲ့အတွက် ကျွန်တော်သိတဲ့ အသိတစ်ခုကို ပရိသတ်အတွက် ဝေမျှပေးချင်တဲ့သဘောတရားနဲ့ ရိုက်ကူးထားတာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

နိုင်ငံကြီးသားရုပ်ရှင်ဇာတ်ကား၌ အကယ်ဒမီ နေတိုး၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီထွန်းထွန်း၊ နေထက်လင်း၊ နေမျိုးအောင်၊ အကယ်ဒမီဇင်ဝိုင်း၊ မောင်သီ၊ ထူးခြား၊ မိုးယံဇွန်၊ မင်းသွေးစည်ဖြိုး၊ ထွန်းကိုကို၊ နေရဲ၊ သိန်းလင်း၊ ရွှေသမီး၊ အောန်ဆိုင်း၊ ဆာရာဆောင်းဦးနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**မြင့်အောင်**

## မြန်မာအလုပ်သမားများ နေရပ်ပြန်စရာမလိုတော့ဘဲ ထိုင်းနိုင်ငံအတွင်း၌ဗီဇာသက်တမ်းတိုးခွင့်ရ

**ရန်ကုန် ဇူလိုင် ၁၀**

ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများအနေဖြင့် နေရပ်ပြန်စရာမလိုတော့ဘဲ ထိုင်းနိုင်ငံအတွင်း၌ပင် နေထိုင်ခွင့်ဗီဇာသက်တမ်းတိုးခွင့်ရရှိပြီဖြစ်ကြောင်း သိရသည်။

မကြာမီကာလအတွင်း နေထိုင်ခွင့်သက်တမ်းကုန်ဆုံးကြတော့မည့် CI (Certificate of Idenity) မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ကိုင်ဆောင်ထားကြသူများ၊ ပန်းရောင်ကတ် (နေထိုင်ခွင့်သက်သေခံအထောက်အထားကတ်) မှ ပတ်စပို့စာအုပ်ပြောင်းကိုင်ထားကြသူများအနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ် ၃၁ ရက်မတိုင်မီတွင် ထိုင်းနိုင်ငံအတွင်းမှာပင် ထပ်မံ၍သက်တမ်းတိုးနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

"အခုလို ရွှေ့ပြောင်းအလုပ်သမားများ၊ (အထူးသဖြင့်) စီအိုင်စာအုပ်ကိုင်ဆောင်ထားကြသူများ၊ ယာယီပတ်စပို့အနီနဲ့ ခရမ်းရောင်စာအုပ်ကိုင်ဆောင်ထားကြသူများအတွက် တကယ့်ကို အချိန်ကုန်၊ ငွေကုန်၊ လူပန်းသက်သာစေတာ အမှန်ပဲဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီစာရွက်စာတမ်းတွေကို အမ်အိုယူမပြောင်းခင်မှာတော့ မူလစာရွက်စာတမ်းအတွက် သက်တမ်းခြောက်လ အနည်းဆုံးကျန်နေဖို့တော့ အထူးသတိပြုကြရပါလိမ့်မယ်" ဟု မြန်မာပြည်သားများအရေး ပူးတွဲလှုပ်ရှားမှုကော်မတီ (JACBA) ဥက္ကဋ္ဌက ရှင်းပြသည်။

ထိုင်းနိုင်ငံအတွင်း နေထိုင်ခွင့်ကို နှစ်နှစ်သက်တမ်းတိုးပေးမည်ဖြစ်သော်လည်း ဗီဇာသက်တမ်းကို တစ်ကြိမ်လျှင် တစ်နှစ်စာအတွက်သာဆက်ပေးမည်ဖြစ်ကာ တစ်နှစ်အတွက် ကုန်ကျငွေမှာ ထိုင်းအစိုးရသတ်မှတ်ကြေးငွေ ဘတ် ၁၉၀၀ ကျသင့်မည်ဖြစ်ကြောင်း၊ ဆက်လက်၍ ဝပ်ခ်ပါမစ်လုပ်ဆောင်ကြရမည်ဖြစ်ပြီး နှစ်နှစ်စာအတွက် ငွေဘတ် ၁၉၀၀ ကျသင့်မည်ဖြစ်ကာ တစ်ဆက်တည်း ပန်းရောင်ကတ်ရိုက်ရန်အတွက် ငွေဘတ် ၈၀ ကျသင့်မည်ဖြစ်ကြောင်းလည်း သိရသည်။

**ပွင့်သစ္စာ**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးစကားဝိုင်း ကျင်းပ

**ပန်းတောင်း ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ကန့်ကူကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေး စကားဝိုင်းကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မင်းအုပ်က ကျန်းမာရေးနှင့်ပတ်သက်သည့် သိကောင်းစရာများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးစောမြင့်က ကျွဲ၊ နွား၊ ဝက်၊ ဆိတ်မွေးမြူခြင်း၊ ကုသခြင်း၊ ကာကွယ်ခြင်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေါ်အေးအေးမော်က လမ်း၊ တံတား၊ ရေ၊ လျှပ်စစ်မီးများ ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးထွန်းထွန်းနိုင်က သီးနှံများ၊မြေဩဇာများ၊ စိုက်ပျိုးရေးစက်ကိရိယာများဆောင်ရွက်ပေးမှုများကို အသီးသီးဟောပြောကြပြီး တက်ရောက်လာသူများ၏ သိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြသည်။

**အောင်မြင့်(ပန်းတောင်း)**



ဇူလိုင် ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက် ပြည်ထောင်စုကျောင်းလမ်း၊ အမှတ် (၁၉) အခြေခံပညာမူလတန်းကျောင်းရှေ့၌ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမျိုးသန့်နှင့် တပ်ဖွဲ့ဝင်များက မှုခင်းအသိပညာပေး ရှင်းလင်းပြသစဉ်။

ကိုရဲ




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**မော်ကွန်း**

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## လူငယ်လမ်းညွှန်စာစုများ-၂




ယနေ့ခေတ်လူငယ်များ စာပေဖတ်ရှုလိုမှုတိုးပွားလာစေရန် ရည်ရွယ်၍ စာရေးသူ ကောင်းစံသာ (ရေကြည်) စီစဉ်ရေးသားသည့် လူငယ်လမ်းညွှန်စာစုများ-၂ စာအုပ်ထွက်ရှိလာသည်။

လက်ဦးဆရာများဖြစ်သည့် မိဘ၊ သင်ဆရာ၊ မြင်ဆရာနှင့် ကြားဆရာများသည် မိမိ၏အနားတွင် အစဉ်အမြဲရှိနေဖို့သည် မသေချာသဖြင့် ဘဝတစ်သက်တာ ဆရာလို့တင်စားထိုက်သည့် စာအုပ်စာပေကို ချစ်မြတ်နိုးပြီး တန်ဖိုးထားသည့် စိတ်ဓာတ်နှလုံးသားပိုင်ရှင်များ ဖြစ်စေလိုသည်။ မိမိသိမှတ်ထားသည့် အသိပညာဗဟုသုတများသည်သာ သွားလာလှုပ်ရှားရှန်းကန်မှုတိုင်းတွင် ကိုယ်နှင့်ထက်ကြပ်မကွာ ပါလာနိုင်သည်။ များများသိသောသူသည် များများအသုံးပြုနိုင်ပြီး အမှားများကို လျှော့ချနိုင်မည်ဖြစ်သည်။ စာပေမြတ်နိုးသူတိုင်း ကြီးမြတ်သည့်ဘဝကိုယ်စီကို လက်တွေ့ဖန်တီးပုံဖော်နိုင်ကြစေရန် ရည်ရွယ်၍ ရေးသားထားသည်။

**စာအုပ်ကို-ချန့်ချန်စာပေ၊ အမှတ်-၂၇၊ ၁၇-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့.ဖုန်း-၀၉ ၄၃၀၆၄၃၁၉ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

## အင်္ဂလိပ်စာ  စာစီစာကုံးများ မြန်မာလိုတွေး အင်္ဂလိပ်လိုရေး (200Words)





အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအတွက် စာရေးသူ ဆရာထိန်ဝင်း (BE. Mechanical) စီစဉ်ရေးသားသည့် အင်္ဂလိပ်စာ စာစီစာကုံးများ မြန်မာလိုတွေး အင်္ဂလိပ်လိုရေး (200 Words) စာအုပ်ထွက်ရှိလာသည်။

အင်္ဂလိပ်စာလေ့လာသင်ကြားကြသည့် ကျောင်းသား ကျောင်းသူများသည် အင်္ဂလိပ်သဒ္ဒါကိုသင်ကြားရမည်ကို ကြောက်ရွံ့တတ်ကြပြီး သဒ္ဒါမတတ်လျှင် အင်္ဂလိပ်စာအက်ဆေးရေးသားနိုင်မှုသည်လည်း ခက်ခဲနေမည်ဖြစ်သည်။ အဆိုပါစာအုပ်တွင် အင်္ဂလိပ်စာအက်ဆေးရေးသားထားမှုကို ကျောင်းသား ကျောင်းသူများ ဦးနှောက်ခြောက်စရာမလိုဘဲ အလွယ်ဆုံးသောနည်းစနစ်ဖြင့် ရေးသားထားသဖြင့် အခြေခံပညာကျောင်းသားကျောင်းသူများ လေ့လာသင့်သောစာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို-မဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်၊ ၃၉-လမ်း(အထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.ဖုန်း-၀၁ ၈၃၉၂၈၃၅ နှင့် ၀၉ ၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## Adobe PageMaker 7.0 အသုံးပြုနည်းလမ်းညွှန်(လက်တွေ့စာစုများ)




ကွန်ပျူတာပညာလေ့လာနေသူများအတွက် Nay Lin Htet (အိုင်တီလမ်းညွှန်) စီစဉ်ရေးသားသည့် Adobe PageMaker 7.0 အသုံးပြုနည်းလမ်းညွှန်(လက်တွေ့စာစုများ)စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် Tool တစ်ခုချင်းအသုံးပြုပုံ၊ Menu ထဲတွင်ပါဝင်သည့်အကြောင်းအရာများကို တစ်ခုချင်းအသုံးပြုပုံ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ မွေးနေ့ဖိတ်စာ၊ ဂုဏ်ပြုလွှာပြုလုပ်နည်း စသည်တို့ကို လက်တွေ့ကျကျ ရှင်းလင်းပြသထားသည်။ ယနေ့နည်းပညာခေတ်တွင် မိမိတို့၏ စီးပွားရေးလုပ်ငန်း၊ လူမှုရေးအဖွဲ့အစည်း၊ သတင်းအချက်အလက်နှင့်နည်းပညာကို ပေါင်းစပ်နိုင်မှသာ အောင်မြင်မှုများရရှိနိုင်မည်ဖြစ်သောကြောင့် ကွန်ပျူတာပညာလေ့လာသုံးစွဲနေသူများ လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို-ရန်အောင်စာပေ၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့ ဆိုင်အမှတ်- (H) ၁၂-လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့.ဖုန်း-၀၉ ၅၁၇၉၃၉၈ နှင့် ၀၉ ၇၃၂၄၃၈၅၁ တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ကမ္ဘာပတ်လည် ပုံပြင်ဖတ်မယ် (၃)




ကလေးသူငယ်များစိတ်ဝင်စားစေမည့် စာရေးသူ မိုးဇော်စိုး စီစဉ်ရေးသားသည့် ကမ္ဘာပတ်လည် ပုံပြင်ဖတ်မယ်(၃) စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဥရောပတိုက်နှင့် အာဖရိကတိုက်ကပုံပြင်အပြင် အာရှတိုက်ကပုံပြင်ရှစ်ပုဒ်၊ ဩစတြေးလျတိုက်မှ ပုံပြင်တစ်ပုဒ်၊ မြောက်အမေရိကတိုက်မှ ပုံပြင်နှစ်ပုဒ်နှင့် တောင်အမေရိကတိုက်မှ ပုံပြင်နှစ်ပုဒ်ပါဝင်သည်။ အဆိုပါစာအုပ်တွင် ကလေးသူငယ်များ စိတ်ဝင်စားစေမည့် ပုံပြင်အပုဒ်ပေါင်း ၂၀ ပါဝင်သည်။ ပုံပြင်တစ်ပုဒ်ချင်းစီ၏ရှေ့တွင် ပုံပြင်ပေါ်ထွန်းရာ တိုင်းပြည်၏အကြောင်း၊ ပုံပြင်ထဲတွင်ပါသည့် ထူးခြားသောအကြောင်းအရာများကို ရေးသားထားသည်။ နိုင်ငံအသီးသီးမှ ဗဟုသုတများကို တစ်ပါတည်းရရှိနိုင်မည်ဖြစ်သောကြောင့် ကလေးသူငယ်များ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို-ပြေဦးစာပေ၊ တိုက်-၁၂၊ အခန်း-၆၄၊ ပြည်ရိပ်မွန်(၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၇၀၈၅၀၄၆၄ နှင့် ၀၉ ၂၆၈၃၉၄၁၁၃ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၈ ခုနှစ်**(သို့မဟုတ်)**၂၀၁၉ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

